# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)



၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၁၀ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၅၀)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ ဘုရင်ခံချုပ်နှင့်တွေ့ဆုံ

## ရှေးဟောင်းအဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ဆွေးနွေး

**အော်တာဝါ ဇွန် ၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံ ဘုရင်ခံချုပ် မစ္စတာ ဒေးဗစ် ဂျွန်စတန်တို့ ဇွန် ၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အော်တာဝါမြို့ရှိ ဘုရင်ခံချုပ်နေအိမ် Rideau ခန်းမ၌ တွေ့ဆုံခဲ့ကြသည်။

ထိုသို့ တွေ့ဆုံစဉ် ပညာရေး၊ ရေအရင်းအမြစ် စီမံခန့်ခွဲရေး၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း၊ ရှေးဟောင်းအဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးကြသည်။

**ကျေးဇူးတင်စကားပြော**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Andaz Ottawa Market ဟိုတယ်၌ ဖက်ဒရယ်နိုင်ငံများ ဖိုရမ်မှ စီစဉ်ကျင်းပသည့် ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်တွင် တပ်မတော်၏ အခန်းကဏ္ဍ၊ တပ်ဘက် - အရပ်ဘက် ဆက်ဆံရေး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❁



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကနေဒါနိုင်ငံ ဘုရင်ခံချုပ် မစ္စတာ ဒေးဗစ် ဂျွန်စတန်တို့အား တွေ့ရစဉ်**
(သတင်းစဉ်)

## ၂၀၁၇-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်မည်

**နေပြည်တော် ဇွန် ၉**

၂၀၁၇ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၁၇ ရက် (စနေနေ့) နံနက် ၆ နာရီတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သက်ဆိုင်ရာ စာစစ်ဌာန ကျောင်းများတွင် တစ်ချိန်တည်း ကပ်ထားမည်ဖြစ်သည့်အပြင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့တွင်လည်း တိုင်းဒေသကြီး/ပြည်နယ်များ၏ အောင်စာရင်းများကို ကပ်ထားပေးမည်ဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

## ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် ဇွန် ၉**

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဆက်လက်တည်ရှိနေကြောင်း ထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

**တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် ပျက်ကျခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး နိုင်ငံတကာမှ ခေါင်းဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများထံမှ ဝမ်းနည်းကြောင်းသဝဏ်လွှာများ၊ ထုတ်ပြန်ကြေညာချက်များ ပေးပို့/ထုတ်ပြန်ခြင်းများပြုလုပ်**

စာ - ၇

**ဗြိတိန်ရွေးကောက်ပွဲတွင် လက်ရှိအာဏာရ ကွန်ဆာဗေးတစ်ပါတီ မဲအများစုမရရှိ**

စာ - ၁၀

**မောင်တောမှ ဘင်္ဂလားဒေ့ရှ်သို့ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၆ သန်းခန့် တင်ပို့နိုင်**

စာ - ၁၂




# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး

ယခုအစိုးရဖွဲ့စည်းပြီး၍ တစ်လကျော်ကာလအတွင်း ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီးများဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ရခိုင်ပြည်နယ်အတွင်း လူ့အဖွဲ့အစည်း နှစ်ခုအကြားဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့်ပတ်သက်၍ စုံစမ်းလေ့လာကာ အစီရင်ခံစာ တင်သွင်းရန်အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်သည် အကြံပြုချက် ၃၉ ချက်ပါ ကြားဖြတ်အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး ယခုအခါ ကော်မရှင်၏အပြီးသတ်အစီရင်ခံစာကို လာမည့်ဩဂုတ်လနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့်လည်း ၎င်းအကြံပြုချက်များကို လက်ခံခဲ့ပြီး ထိုအကြံပြုချက်ပါ အချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်ဟု သိရပါသည်။ ကော်မရှင်၏ ယခုရခိုင်ပြည်နယ်ခရီးစဉ်မှာ နောက်ဆုံးအကြိမ်ဖြစ်နိုင်ပြီး ရခိုင်ပြည်နယ်ရှိ လယ်သမားများ၊ မြို၊ ခမီ၊ သက်၊ ဒိုင်းနက် စသည့်တိုင်းရင်းသားများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေကြသော အစိုးရဝန်ထမ်းများနှင့် တွေ့ဆုံရန်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရ၏ ဦးစားပေးဆောင်ရွက်ချက်များရှိနေသည့်ကြားမှ ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက မောင်တောခရိုင်အတွင်းရှိ ရှေ့တန်းကင်းစခန်းများ အကြမ်းဖက် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။ ထိုဖြစ်စဉ်ကို ဖြေရှင်းရာမှ အလွန်အကျွံအင်အားသုံးစွဲသည်ဟုလည်းကောင်း၊ လူ့အခွင့်အရေးချိုးဖောက်သည်ဟုလည်းကောင်းစွပ်စွဲမှုများ ပေါ်ထွက်လာခြင်းဖြစ်သည်။ ထိုကိစ္စများအတွက် အစိုးရနှင့် တပ်မတော်ဘက်မှ သီးခြားစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး အကြိမ်ကြိမ်ဖြေရှင်းပြီးဖြစ်သည့်တိုင် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ဘက်မှ ဆက်လက်ဆောင်ရွက်မှုများ တွေ့မြင်နေရသည်။

ယခုရက်ပိုင်းအတွင်းကျင်းပသော (၃၅)ကြိမ်မြောက်ကုလသမဂ္ဂလူ့အခွင့်အရေးညီလာခံတွင် လူ့အခွင့်အရေးဆိုင်ရာကော်မရှင်နာမင်းကြီးက ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုတွေဖြစ်ပေါ်နေသည်ဆိုသော စွပ်စွဲချက်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့ကို မြန်မာနိုင်ငံမှ လက်မခံခြင်းအပေါ် ဝေဖန်ပြောကြားသည်ကို တွေ့ရသည်။ ဤသို့အချက်အလက်ရှာဖွေခြင်းသည် လူ့အဖွဲ့အစည်းနှစ်ခုကြားဖြစ်ပွားနေသော ပဋိပက္ခဖြေရှင်းရေးကို အထောက်အကူပြုမှာ မဟုတ်သည့်အတွက် ပူးပေါင်းဆောင်ရွက်မှာမဟုတ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပြန်ကြားပြောဆိုပြီးဖြစ်သည်။ ယခုလည်း ထိုသဘောထားအတိုင်းပင် ဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်စဉ်များနှင့်ပတ်သက်၍ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားကြသော သူများ၏ အလွန်အကျွံချဲ့ကား ပြောမှုများကို တစ်ဖက်သတ် ယုံကြည်ရန်မလိုဘဲ၊ ရခိုင်ပြည်နယ်အတွင်း အစိုးရ၏ဆောင်ရွက်ချက်များနှင့် ရခိုင်ရေးရာစုံစမ်းရေး ကော်မရှင်၏ အစီရင်ခံစာများ၊ သုံးသပ်ချက်များကို အလေးထားလက်ခံသင့်ပေသည်။

ယခုဇွန်လ ၂ ရက်မှ ၄ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော **Shangrila Dialogue 2017** အာရှလုံခြုံရေး ထိပ်သီးဆွေးနွေးပွဲတွင် ယနေ့ကမ္ဘာမှာ ရင်ဆိုင်နေရသော အကြမ်းဖက်မှုအန္တရာယ်နှင့်ပတ်သက်၍ အဓိကဆွေးနွေးခဲ့ကြသည်ကို တွေ့ရပါသည်။ ထိုဆွေးနွေးပွဲတွင် "အရှေ့တောင်အာရှမှာ အကြမ်းဖက်ဝါဒီများရဲ့အန္တရာယ်ဟာ ဘယ်တုန်းကနဲ့မှမတူအောင် မြင့်တက်နေကြောင်း၊ အရှေ့အလယ်ပိုင်းကနေပြန်လာကြမယ့် **IS** တိုက်ခိုက်ရေးသမားများရဲ့အန္တရာယ်ဟာ ဒေသတွင်းအကြီးမားဆုံးလုံခြုံရေးအန္တရာယ်ဖြစ်ကြောင်း၊ **IS** စစ်သွေးကြွအဖွဲ့ကို သစ္စာခံထားသော အကြမ်းဖက် အဖွဲ့၃၁ ဖွဲ့ထက်မနည်း ဒီဒေသတွင်းမှာရှိနေတာကို သိထားကြောင်း" စင်ကာပူကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။ လက်တွေ့တွင်လည်း ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ၂၀၁၆ အောက်တိုဘာလမှ ၂၀၁၇ မေလကုန်အထိ ရှစ်လခန့်အတွင်း အပြစ်မဲ့ပြည်သူ ၃၃ ဦး သတ်ဖြတ်ခံခဲ့ရသည်ကို တွေ့ရသည်။ ၎င်းတို့မှာ အစိုးရနှင့်ပူးပေါင်းဆောင်ရွက်သည်ဟု ယူဆပြီး အစွန်းရောက်များမှ ပစ်မှတ်ထားခံရသော အစ္စလာမ်ဘာသာဝင်များပင်ဖြစ်သည်ကို တွေ့ရပါသည်။

ထို့ကြောင့် ရခိုင်ပြည်နယ်တွင် မျှော်မှန်းမထားသော အခြေအနေများ ထပ်မံဖြစ်ပွားလာနိုင်ရာ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်သားများကိုယ်တိုင် ကော်မရှင်နှင့်ပူးပေါင်းခြင်း၊ အစိုးရကို အကူအညီပေးခြင်းများဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

**ရန်ကုန် ဇွန် ၉**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက (၂၀၁၃) ခုနှစ် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ သုတေသနစာပေ၊ ဒုတိယဆု မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်) ရေးသားသည့် "ညောင်ရမ်းခေတ်ယဉ်ကျေးမှု" စာအုပ်ကို စာအုပ်အသင်း၏ (၁၄၄) အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။

ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## မွန်ပြည်နယ်ဝန်ကြီး ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၂/ ၂၀၁၇**
**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်)**
**မွန်ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များ အရ ဦးမင်းကျော်လွင်ကို မွန်ပြည်နယ်စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချပြဆွေးနွေး

**နေပြည်တော် ဇွန် ၉**

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသောLuxemberg Development (Lux Dev) က နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် Quality and Skills Development Training Programme များကို ၂၀၁၆ ခုနှစ် ဇွန်လမှစ၍ ဆောင်ရွက်ခဲ့ရာအဆိုပါ Programme ၏ တစ်နှစ်ပြည့် အခမ်းအနားကို ရန်ကုန်မြို့ Novotel Hotel ၌ ဇွန် ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် လူဇင်ဘတ်နိုင်ငံ၊ လာအိုနိုင်ငံဆိုင်ရာ ယာယီသံမှူး Mr. Claude Jentgen က မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ကဏ္ဍအတွင်း ဝန်ဆောင်မှုနှင့်အရည်အသွေး မြင့်မားရေးအတွက် ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

Lux Dev Program Mya/ 001 ကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ သင်တန်းသား ၁၃၀၇ ဦးကို သင်တန်းပို့ချခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ Sky Star Hotel ၌ ပြုလုပ်သည့် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းအစီအစဉ်များအတွက် နှီးနှောဖလှယ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများအနက် တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ကို ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အဓိကထား လုပ်ဆောင်နေပြီး တနင်္သာရီတိုင်းဒေသကြီးကို Marine Tourism ဖွံ့ဖြိုးရေးနှင့် ချင်းပြည်နယ်ကို Eco Tourism ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်ချက်များအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့နှင့် မြန်မာနိုင်ငံရှိ ပုဂံမြို့တို့ကို နှစ်နိုင်ငံခရီးစဉ်ဒေသတစ်ခုဖြစ်ပေါ်လာရေးအတွက် လေကြောင်းလိုင်းများ ဆင်းသက်နိုင်ရေး၊ ပြည်ဝင်ဗီဇာကိစ္စရပ်များကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိ ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါဟိုတယ်၌ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ JICA Con-tractor Mr. Aritsune Okuda နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် အစီအမံများ၊ ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၉-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၃၅ | ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ | ·၇၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ | ·၉၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁၂ |
| တရုတ် | တစ်ယွမ် | ၁၉၉ | ·၁၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ | ·၀၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ ရှေ့ဖုံးမှ

ကနေဒါရဲတပ်ဖွဲ့၏ အခန်းကဏ္ဍ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ဖက်ဒရယ်လေ့လာရေးခရီးစဉ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အတွက် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ဆွေးနွေး**

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုရွန်တိုမြို့ ကွင်းပါခ့်၌ အွန်တိုရီယိုပြည်နယ် ဝန်ကြီးချုပ် မစ္စကက်သလင်းဝင်းနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ လူမျိုးစုများအကြား သဟဇာတဖြစ်စွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် ကနေဒါနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် ဖက်ဒရယ်စနစ်ဆိုင်ရာ အတွေ့အကြုံများ မျှဝေသွားရေး၊ လူငယ်များအချင်းချင်း ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်သွားရေးအတွက် နှစ်နိုင်ငံအကြား ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ အပြန်အလှန် စေလွှတ်ရေး၊ အွန်တိုရီယိုပြည်နယ်မှ စေတနာ့ဝန်ထမ်းများ မြန်မာနိုင်ငံသို့ လာရောက်ရေးတို့နှင့်စပ်လျဉ်းပြီး အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဦးကျော်တင်၊ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အွန်တိုရီယိုပြည်နယ်ဝန်ကြီးချုပ် မစ္စ ကက်သရင်းဝင်းတို့ တွေ့ဆုံဆွေးနွေးစဉ်
(သတင်းစဉ်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်တွင် တပ်မတော်၏ အခန်းကဏ္ဍ၊ တပ်ဘက် - အရပ်ဘက် ဆက်ဆံရေး၊ ကနေဒါရဲတပ်ဖွဲ့၏ အခန်းကဏ္ဍ ဆွေးနွေးပွဲ တက်ရောက်စဉ်
(သတင်းစဉ်)

❋ ရှေ့ဖုံးမှ

တိုင်းဒေသကြီး/ပြည်နယ်အလိုက် အောင်စာရင်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများတွင် လည်းကောင်း၊ ခရိုင်အလိုက် သိရှိလိုပါက သက်ဆိုင်ရာ ခရိုင်ပညာရေးမှူးရုံးများတွင်လည်းကောင်း၊ မြို့နယ်အလိုက် သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် လည်းကောင်း ဇွန် ၁၇ ရက် နံနက် ၆ နာရီ နောက်ပိုင်းတွင် စုံစမ်းမေးမြန်းနိုင်ကြောင်းနှင့် အောင်စာရင်းထုတ်ပြန်မည့် ဇွန် ၁၇ ရက် နံနက် ၆ နာရီတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**ရန်ကုန် ဇွန် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကဗျာပေါင်းချုပ် ဒုတိယဆုရရှိသည့် မောင်သာလင်း၏ "ချိုးကူသံလေး ပလွေတေးနှင့် ငါ့မွေးရပ်ရွာ ကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် မြန်မာ့ရိုးရာကဗျာစပ်ထုံးစပ်နည်းများနှင့် ရေးဖွဲ့ထားရုံမျှမကဘဲ တိမ်မြုပ်လုနီးနီး စကားလိမ်ကဗျာကိုပင် ပြန်လည်ဖော်ထုတ်ထားကာ အညာကျေးလက်ရနံ့ကို တစ်ဆုပ်တစ်ခဲ ရှိုက်ယူခံစားစေနိုင်သည့် ချစ်စရာကဗျာများဖြစ်ပါသည်။ ကဗျာပုဒ်ရေ ၆၂ ပုဒ်ပါဝင်၍ မြစ်မ်းချောင်းကဗျာစု ၃၀၊ ကဗျာရှည် နှစ်ပုဒ်တို့ကို ထူးထူးခြားခြား တင်ဆက်ထားသည်။ ကဗျာများကို ဖတ်နေရင်းနှင့် အသံနှင့်ကာရန်များက ချက်ချင်းပင် ချိုးငှက်နှင့် ပလွေတေးသံချိုချိုနွဲ့နွဲ့ကို ကြားရသည်သို့ ရှိစေခဲ့ပါသည်။ မြန်မာ့ရိုးရာနှင့် အညာကျေးလက်နောက်ခံကဗျာများ ဖတ်ရှုခံစားလိုသူတို့ အကြိုက်တွေ့စေမည့် စာအုပ်ဖြစ်ပါသည်။

ရောင်းဈေး ၉၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် (၁၄)ကြိမ်မြောက် အာရှသတင်းမီဒီယာ ထိပ်သီးအစည်းအဝေးမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့၌ ဇွန် ၆ ရက်မှ ၈ ရက်အထိ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာရှသတင်းမီဒီယာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး(အသံလွှင့်) ဦးဇေယျာတို့ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

# လူမှုရေးသိပ္ပံသုတေသနတို့၏ချဉ်းကပ်လေ့လာနည်းများအကြောင်း ဟောပြောမည်

**ရန်ကုန် ဇွန် ၉**

မြန်မာနိုင်ငံစိတ်ပညာအသင်း၏စီစဉ်မှုဖြင့် လာမည့် ဇွန် ၂၄ ရက် နံနက် ၁၀ နာရီတွင် စိတ်ပညာဌာနမှ ဆရာကြီး ဒေါက်တာခင်မောင်လတ်က "လူမှုရေးသိပ္ပံသုတေသနတို့၏ ချဉ်းကပ်လေ့လာနည်းများ (Approaches to Social Science Research)" ခေါင်းစဉ်ဖြင့် အမှတ်(၂၁) (၉)လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံစိတ်ပညာအသင်းရုံးခန်း၌ ဟောပြောမည်ဖြစ်သည်။

လူမှုရေးသိပ္ပံဘာသာရပ်များတွင် သုတေသနပြုလုပ်ရာ၌ အသုံးပြုသော အခြေခံလေ့လာနည်းရှုထောင့်များကို တင်ပြသွားမည်ဖြစ်ရာ ၎င်းနယ်ပယ်တို့နှင့်ပတ်သက်သည့် NGO, INGO မှ ဝန်ထမ်းများ၊ တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် သုတေသနစာတမ်းရေးသားလိုသူများ တက်ရောက်လေ့လာသင့်သော ဟောပြောပို့ချမှုဖြစ်သည့်အတွက် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံစိတ်ပညာအသင်းရုံးခန်း၊ ဖုန်းနံပါတ် ၀၁-၂၁၂၂၄၃၊ ၀၁-၂၃၁၆၈၆၀ သို့ ကြိုတင်ဆက်သွယ်သတင်းပို့နိုင်ကြောင်း မြန်မာနိုင်ငံစိတ်ပညာအသင်းမှ သိရသည်။ **(သတင်းစဉ်)**

## ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်

**နေပြည်တော် ဇွန် ၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်။
(မိုး/ဇလ)

❁ *ကျောဖုံးမှ*

ထို့နောက် ဒုတိယသမ္မတသည် အလုပ်ကျေးရွာ ရေငန်တားတမံအား ပင်လယ် ဒီရေလှိုင်းရိုက်ခတ်မှု အခြေအနေနှင့် တမံကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ယင်းတမံကို ငွေကျပ် ၄၅၆ သန်း အကုန်အကျခံ တည်ဆောက်ခဲ့သော်လည်း ပင်လယ်ဒီရေအတက်ကြမ်းချိန်တွင် လှိုင်းကာကျောက်ရိုးများ လျှော့ကျခဲ့ပါကြောင်း၊ နောင်တမံ ရေရှည်ကြံ့ခိုင်ရေး ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံက ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကိုမျှော်မှန်း၍ စနစ်တကျ တွက်ချက်တင်ပြဆောင်ရွက်ကြရန်နှင့် မြေဆီလွှာကြံ့ခိုင်ရေးအတွက် ဒီရေတောများနှင့် သြစတြေးလျဗာတီဘာမြက်များကို စိုက်ပျိုးကြရန်မှာကြားသည်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ မူလတောင်သူများထံ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) ပေးအပ်စဉ် (သတင်းစဉ်)

အလုပ်ကျေးရွာသည် ပေါင်မြို့နယ်အတွင်းတည်ရှိပြီး ပင်လယ်ဒီရေလှိုင်းရိုက်ခတ် ဝင်ရောက်မှုကို တိုက်ရိုက်ခံစားနေရသောဒေသဖြစ်သည်။ နေ့စဉ် ဒီရေအတက်အကျ နှစ်ကြိမ်ရှိပြီး လစဉ် လပြည့်လကွယ်ရက်များတွင် ဒီရေအတက်အကျကြမ်းကာ ဒီရေတက်ကြမ်းချိန်၊ မုန်တိုင်းတိုက်ခတ်ချိန်နှင့် တိုက်ဆိုင်ပါက လေတိုက်နှုန်း မိုင် ၅၀ အထက်ရှိကြောင်း သိရသည်။

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတသည် ကျိုက်မရောမြို့သို့ ရောက်ရှိကြပြီး ရွှေဟသာၤခန်းမ၌ ကျင်းပသည့် ပြန်လည်စွန့်လွှတ်မြေယာများ မူလတောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက သိမ်းဆည်းခံလယ်ယာမြေများ၊ အခြားမြေများကို မူလပိုင်ရှင်ပြည်သူများလက်ဝယ်သို့ပြန်လည်ပေးအပ်နိုင်ရန် နိုင်ငံတော်အနေဖြင့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေပါကြောင်း၊ မြေယာကိစ္စသည် စာရွက်စာတမ်း၊ ပိုင်ဆိုင်မှုနှင့် ဥပဒေကြောင်းအရ ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရပြီး မှတ်တမ်းမှတ်ရာမပြည့်စုံမှုများကြောင့် လက်တွေ့ကိုင်တွယ်ဖြေရှင်းရာတွင် အချိန်ယူရပါကြောင်း။

ယနေ့ ပြန်လည်လုပ်ကိုင်ခွင့်ရရှိကြသည့် တောင်သူများအနေဖြင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းပြီး အထွက်နှုန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းပါကြောင်း။

မူလပိုင်ရှင် တောင်သူများထံ လွှဲပြောင်းနိုင်ရန်အတွက် အစိုးရအရာထမ်း၊ အမှုထမ်းများအနေဖြင့် မြေယာဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ စေတနာထားကာ ပွင့်လင်းမြင်သာမှုရှိရှိ လုပ်ကိုင်ကြရန် လိုအပ်ပြီး တောင်သူများအနေဖြင့်လည်း လုပ်ငန်းစဉ်မှန်ကန်မြန်ဆန်စေရေး ပူးပေါင်းပါဝင်ကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနိုင်သက်လွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်စန်းဝင်းနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်တို့က မူလတောင်သူများထံ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃)ကို ပေးအပ်ကြသည်။

ယနေ့အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန၏ စွန့်လွှတ်မြေဧရိယာ ၆၃၈ ဧက အနက်မှ ၄၄၂ ဧကကို တောင်သူလယ်သမား ၁၁၈ ဦးထံ ယာယီပုံစံ-၃ ဖြင့် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် မော်လမြိုင်မြို့ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) ရုံးသို့ သွားရောက်ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုလေ့လာသည်။

မော်လမြိုင်မြို့ပြည်သူ့ဝန်ဆောင်မှုရုံးကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ပြီး ရုံးဌာနဆိုင်ရာ ၁၀ ခုမှ ဝန်ထမ်းများဖြင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးလျက်ရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များ သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၉

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ မင်္ဂလာခန်းမ၌ ပြုလုပ်သည်။** (ယာပုံ)

"ကျွန်တော်တို့အစိုးရအဖွဲ့ဟာ ရန်ကုန်မြို့ကြီး ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်နေပါတယ်။ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး ကျေနပ်အားရမိပါတယ်။ တချို့လုပ်ဆောင်ချက်တွေဟာ အချိန်တိုအတွင်း အကောင်အထည်ပေါ်လာတာရှိသလို အချို့ကိစ္စတွေဟာ နှစ်အနည်းငယ်ကြာမှ အသီးအပွင့်တွေကို ခံစားရမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Master Plan ရေးဆွဲခြင်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် JICA၊ ပြင်သစ်ယဉ်ကျေးမှုဌာန စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လုပ်ဆောင်လျက်ရှိသည့်အပြင် စက်မှုဇုန်များ အဆင့်မြှင့်တင်ရန်အတွက်လည်း လုပ်ဆောင်လျက်ရှိကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို လျှော့ချရန် ရည်ရွယ် ကာ ဇန်နဝါရီ ၁၆ ရက်က စတင်ပြောင်းလဲခဲ့သည့် Yangon Bus Service စနစ်ကို နိုင်ငံတကာအဆင့်မီဖြစ်အောင် လုပ်ဆောင်လျက်ရှိသည့်အပြင် ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ငမိုးရိပ်ချောင်း စသည်တို့ကို အသုံးပြုကာ Yangon Water Bus ပြေးဆွဲရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြီးခဲ့သည့် တစ်နှစ်အတွင်း လယ်ယာကဏ္ဍနှင့် ပတ်သက်၍ ရေနုတ်မြောင်းများ၊ တာတမံများ၊ ရေထိန်းတံခါးများ ပြုပြင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ဆိုသည်။

ထို့ပြင် လယ်ယာကဏ္ဍတွင် သီးနှံအထွက်နှုန်းတိုးတက်စေရန် မျိုးကောင်းမျိုးသန့်မျိုးစေ့များဖြန့်ဖြူးခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို လေ့ကျင့်ပညာပေးခြင်းနှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က "ပြီးခဲ့တဲ့တစ်နှစ်အတွင်း ရှုပ်ထွေးဟောင်းနွမ်းနေတဲ့ ဓာတ်ကြိုးတွေ လဲလှယ်ခြင်း၊ မဟာဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံအသစ်တွေ တည်ဆောက်ခြင်း စတာတွေကို လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပြည်သူတွေအတွက်သာမက စက်မှုဇုန်တွေနဲ့၊ သီလဝါ SEZ စက်မှုဇုန်ကိုလည်း လျှပ်စစ်မီးအပြည့်အဝပေးနိုင်အောင် လုပ်ဆောင်နေပါတယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသာမက ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုအတွက် အဓိကလိုအပ်ချက်ဖြစ်နေသည့် လျှပ်စစ်မီးအပြည့်အဝပေးနိုင်ရန်အတွက် အမျိုးသားလျှပ်စစ်စီမံကိန်းနှင့် အညီလုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းစဉ်များအဖြစ် မြို့ပြနှင့် ကျေးလက်တို့တွင် လိုအပ်လျက်ရှိသည့် သောက်သုံးရေရရှိရေး၊ ရန်ကုန်မြစ်အတွင်း ရေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်သွားရေး၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်အား အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊ သီလဝါ အထူးစီးပွားရေးစက်မှုဇုန်အား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် အသေးစား၊ အလတ်စား၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း စသည်ဖြင့် စီစဉ်ဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်သွားရေးနှင့် ရန်ကုန်ဘူတာကြီး အဆင့်မြှင့်တင်မှုကို အဆင့် ၃ ဆင့်ဖြစ်သော ရထားလမ်း၊ ကားပါကင်၊ Shopping Mall များနှင့် ကားလမ်းပါဝင်သည့် Design ပုံစံဖြင့် ဖော်ဆောင်သွားရေး၊ တိုင်းဒေသကြီးအတွင်း ကျူးကျော်နေထိုင်သူများကို စနစ်တကျစစ်တမ်းကောက်ယူကာ ပြောင်းရွှေ့နေရာချထားပေးရေးနှင့် လိုအပ်သည်များကို ကဏ္ဍအလိုက်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး၊ ရန်ကုန်မြို့တိုးချဲ့မြို့သစ်စီမံကိန်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ New Satellite Town များ ဖော်ဆောင်၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားရေး စသည်ဖြင့် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။




အလားတူဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှုများ အနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၃၀၀ ခွင့်ပြုခဲ့ရာ ခွင့်ပြုရန်ပုံငွေများဖြင့် သန်လျင်၊ သုံးခွ၊ ကော့မှူး၊ မှော်ဘီ၊ တိုက်ကြီးမြို့နယ်များ၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ခုံးကျော်တံတားတည်ဆောက်မည့် ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပရှိ မြို့နယ် ၁၂ မြို့နယ်တွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဘတ်ဂျက်ခွဲဝေသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ငွေကျပ် သန်း ၁၀၀၀ ဖြင့် ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော တွံတေး၊ သုံးခွ၊ ကွမ်းခြံကုန်း၊ တိုက်ကြီး၊ ဒဂုံမြို့သစ် ( အရှေ့ပိုင်း )မြို့နယ်တို့တွင် ကွန်ကရစ်လမ်းခင်းခြင်း၊ သောက်သုံးရေကန်တူးဖော်ခြင်း၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ပြည်သူများ၏ နေထိုင်မှုအခက်အခဲကြောင့် ကျူးကျော်များ ဖြစ်ပေါ်လာရခြင်းကို ဖြေရှင်းနိုင်ရန်အတွက် အိမ်ရာဆောက်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအောက်ရှိ City Bank တွင် အဖွဲ့အစည်းများအတွက် ရင်းနှီးငွေကျပ် ၆၄ ဘီလီယံထည့်ဝင်၍ လည်းကောင်း၊ YBS စနစ်ဖြင့် မော်တော်ယာဉ် သယ်သူပို့ဆောင်ရေး အများပိုင်ကုမ္ပဏီတွင် ကျပ် ၇၀ ဘီလီယံဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်နှစ်တာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

**သတင်း-ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ-ဖေဇော်**

❖ *ကျောဖုံးမှ*

မိုးပျံပူဖောင်းနှင့်အတူ တစ်ကြိမ်လျှင် အနည်းဆုံးလူ ၁၀ ဦးမှ ၂၀အထိ လိုက်ပါစီးနင်းနိုင်ကြောင်း၊ အများဆုံးအမြင့်ပေ ၄၀၀ အထိ တက်ရောက်နိုင်ကြောင်း၊ လိုက်ပါစီးနင်းခအနေဖြင့် မြန်မာနိုင်ငံသားများအတွက် ငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး နိုင်ငံခြားသားများအတွက် အမေရိကန်ဒေါ်လာ ၂၀ ဝန်းကျင် ကုန်ကျနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီစီမံကိန်းကတော့ ပုဂံမှာ မိုးပျံပူဖောင်းပျံသန်းတဲ့ အစီအစဉ်တွေ ရှိပေမယ့် ခုလို အမြဲတမ်းစီးနင်းနိုင်အောင် စီစဉ်မှုတွေမရှိနိုင်ပါဘူး။ ဒါကြောင့် ပြည်တွင်းခရီးသွားတွေနဲ့ ပြည်ပခရီးသွားတွေ အမြဲတမ်းမိုးပျံပူဖောင်းစီးပြီး အပန်းဖြေလေ့လာနိုင်တဲ့ ခရီးသွားတွေကို ဆွဲဆောင်တဲ့နေရာတစ်ခုဖြစ်လာဖို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များဥက္ကဋ္ဌ ဦးသက်လွင်တိုးက ရှင်းပြသည်။ ယင်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းကျော် ရင်းနှီးမြှုပ်နှံထားကြောင်း၊ နေ့စဉ်အကြိမ် ၃၀ အတက်အဆင်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ နေ့စဉ် နံနက် ၆ နာရီမှ ည ၉ နာရီအထိ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း၊ ယင်းမင်္ဂလာပါ ဘောလုံးမိုးပျံပူဖောင်းလွှင့်တင်ခြင်းအစီအစဉ်ကို အမေရိကန်ရင်းနှီးမြှုပ်နှံမှုနိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီတစ်ခုဖြစ်သော Culture Attractions Ltd က တာဝန်ယူ မောင်းနှင်မည်ဖြစ်ကြောင်း သိရသည်။

# မန္တလေးမြို့ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား အဆင့်မြင့်ဖန်သားမျှင် မီးအလင်းကပ်လှူပူဇော်ခြင်း ဖွင့်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

**မန္တလေး ဇွန် ၉**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား အဆင့်မြင့်ဖန်သားမျှင်မီးအလင်း ကပ်လှူပူဇော်ခြင်း ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ ဘုရားကြီး၌ကျင်းပရာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ သြဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး ၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်ကြီးများက "ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ၊ ဘယပ္ပတာစ နိဗ္ဘယာ၊ သောကပ္ပတ္တာစ၊ နိသောကာ" အစရှိသော ဂါထာတော်ကို သုံးကြိမ်ရွတ်ဆို ဆုတောင်းမေတ္တာပေးပို့ပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌက ယခင်ထွန်းညှိကပ်လှူပူဇော်ထားသည့် လျှပ်စစ်မီးကို စက်ခလုတ်နှိပ်၍ ပိတ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အဆင့်မြင့်ဖန်သားမျှင် မီးအလင်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပူဇော်ကြပြီး "ဇယန္တော ဗောဓိယာမူလေ" အစရှိသော အောင်ဂါထာများကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် ရေစက်ချမင်္ဂလာအခမ်းအနားကို မိုးကောင်းမွှာရုံ၌ ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသာကျောင်း ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသထံမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များ၊ အလှူရှင်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး၊ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားတော်မူပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌက မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား အဆင့်မြင့်ဖန်သားမျှင် မီးအလင်းကပ်လှူ ပူဇော်ရခြင်းရည်ရွယ်ချက်ကို လျှောက်ထားတော်မူသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် ပါဠိနယူပဒေသာ ကျောင်းဆရာတော်က ရေစက်ချတရားချီးမြှင့်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက နာယူကြည်ညိုကြပြီး ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။





မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖူးမြော်ကြည်ညိုစဉ်

ယင်းနောက် ဗုဒ္ဓစွယ်တော်ပြတိုက်အတွင်း ပြင်ပလှူဖွယ်ပစ္စည်းများပြခန်း (Foreign Contributions) ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးနှင့် လူပုဂ္ဂိုလ်များအား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

မန္တလေး ဇွန် ၉

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ၂၀၁၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၁ ပါး၊ သီလရှင်ဆရာကြီး တစ်ပါး၊ သာသနာနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ် အမျိုးသားနှစ်ဦး၊ အမျိုးသမီး ကိုးဦးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်သြဝါဒါစရိယ ဘုရားကြီးတိုက် အတုလကာရီ ဆင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသ၊ နိုင်ငံတော် သြဝါဒါစရိယ မြတောင်တိုက် သမ္မတစာချ ကျောင်းဆရာတော် ဘဒ္ဒန္တအကုံရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။**



အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး ဒေါက်တာယုယုမေ၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ မန္တလေးတပ်နယ်မှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အနုပညာဦးစီးဌာနမှ ဗုဒ္ဓရောင်ခြည်တော်အဖွဲ့ ထူးမခြားနားသီချင်းဖြင့် ပူဇော်သည်။ ဆက်လက်၍ နိုင်ငံတော်သြဝါဒါစရိယ မြတောင်တိုက် သမ္မတ စာချကျောင်းဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အနုပညာဦးစီးဌာနမှ ဂုဏဝိသိဋ္ဌမင်္ဂလာကေပိုဒ်ရတုကို ဂုဏ်ပြုဖတ်ကြားပူဇော်သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး (ဝဲပုံ) တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးက မြဝတီသီလရှင်စာသင်တိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရရှိသည့် အမျိုးသားနှစ်ဦး၊ အမျိုးသမီးကိုးဦးတို့အား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ကြသည်။ ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ဆင်မင်းကျောင်း ဆရာတော်ကြီးက ရေစက်ချတရားချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများက လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်များ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် လိုအပ်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ ကူညီဖြည့်ဆည်းပေးရန် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

ပင်းတယ ဇွန် ၉

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါက်တာ အောင်သန်းမောင်၊ တာဝန်ရှိသူများနှင့်အတူ ဇွန် ၉ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယမြို့သို့ ရောက်ရှိကြသည်။**




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ အစည်းအဝေးခန်းမ၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ပြည်သူ၏လိုအပ်ချက်များ သိမြင်စေဖို့ ပြည်သူနှင့်နီးစပ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ လူတိုင်းတန်းတူအခွင့်အရေးရရှိပြီး လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်သော ကိုယ်ဝန်ဆောင်မှုသည် သက်ကြီးရွယ်အိုအထိ အာမခံချက်ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်းဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကလည်း ဒေသလိုအပ်ချက်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓနုမြေ ဘိုးဘွားရိပ်သာသို့သွားရောက်ပြီး ဘိုးဘွားများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ အလှူငွေများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ခရီးစဉ်အတွင်း ဒေသခံမသန်စွမ်းသုံးဦးက လျှောက်ထားသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ရန်အတွက် အလုပ်ခန့်အပ်လွှာများကို ပေးအပ်ခြင်း၊ ရွှေဥမင်လိုဏ်ဂူဘုရားအား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# RFID စနစ်အကောင်အထည်ဖော်နိုင်ရေး အကြံပေးကုမ္ပဏီ ငှားရမ်းခြင်းနှင့် စပ်လျဉ်း၍ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၉**

Radio Frequency Indentification (RFID) စနစ် အကောင်အထည်ဖော်နိုင်ရေး အကြံပေးကုမ္ပဏီငှားရမ်းခြင်းနှင့်စပ်လျဉ်း၍ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ကော်မတီဝင်များ တက်ရောက်ကြပြီး အကြံပေးကုမ္ပဏီ ငှားရမ်းခြင်းဆိုင်ရာ Request for Proposal (RFP) မူကြမ်းကို ဆွေးနွေးအတည်ပြုခဲ့သည်။

RFID နှင့် စပ်လျဉ်း၍ အကြံပေးကုမ္ပဏီငှားရမ်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၈ ရက်အတွင်း နိုင်ငံပိုင်သတင်းစာများ၌ ထည့်သွင်းကြော်ငြာ၍ Expression of Intrest (EOI) ကမ်းလှမ်းခေါ်ယူခဲ့ရာ ကုမ္ပဏီ ၁၅ ခုမှ တင်သွင်းခဲ့ပြီး ပဏာမရွေးချယ်ခံရသည့် ကုမ္ပဏီငါးခု၏အမည်စာရင်းကို ဧပြီလကုန်ပိုင်းက နိုင်ငံပိုင်သတင်းစာတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ RFP အဆင့် ယှဉ်ပြိုင်စိစစ်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ယာဉ်စီးရေ တိုးတက်မှုကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းရန်၊ ယာဉ်များကို စစ်ဆေးကြပ်မတ်ရန်၊ ပြစ်မှုကျူးလွန်ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေသည့် မော်တော်ယာဉ်များအား အလွယ်တကူ စိစစ်ဖော်ထုတ်ဖမ်းဆီးနိုင်ရန်နှင့် တရားမဝင်မှတ်ပုံတင်မဲ့ယာဉ်များအား စစ်ဆေးထိန်းချုပ်နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်မည့် RFID စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းအတွက် အကြံပေးကုမ္ပဏီငှားရမ်းခြင်းကို လာမည့် အောက်တိုဘာလကုန်အပြီး လျာထားရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# လမ်း၊ တံတားများ တိုးတက်ဝေဆာ သွေးချင်းတို့မြေမှာ

## ကျော်လင်း(ဆောက်လုပ်ရေး)

*ဇွန် ၈ ရက်မှ အဆက်*

တနင်္သာရီတိုင်းဒေသကြီးတွင် ရန်ကုန်- မော်လမြိုင်- ထားဝယ်- ကော့သောင်း လမ်းသည်(မလွှဲတောင်မှ ကော့သောင်း အထိ) ၅၀၃ မိုင်ရှိရာ ၂၃၀ မိုင်ကို ၂၄ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း၊ ကတ္တရာလမ်းအဖြစ် လည်းကောင်း၊ ကျန်အပိုင်းများကို ၁၈ ပေအကျယ် ကတ္တရာလမ်းနှင့် ခုနစ်မီတာအကျယ်ရှိ ကွန်ကရစ်လမ်းများအဖြစ် တည်ဆောက်ပြီး ဖြစ်ပါသည်။

ထားဝယ်- မလွှဲတောင်အပိုင်း ကတ္တရာကွန်ကရစ်လမ်းအပိုင်းကို မေလ ၈ ရက်နေ့တွင် ဖွင့်လှစ်ပေးပြီး ဖြစ်ပါသည်။ ထို့အပြင် ထားဝယ်နှင့်မြိတ် မြို့တွင်းလမ်းများကိုလည်း ကတ္တရာ ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ပေးပြီး ဖြစ်ပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဘူးသီးတောင်-မောင်တော-ရသေ့တောင်မြို့များသည် ကားလမ်းဆက်သွယ်ရေး အလွန်ခက်ခဲသော မြို့များဖြစ်ပါသည်။ ယခင်ကဆိုလျှင် ရေလမ်းခရီးဖြင့်သာ သွားလာရ၍ တစ်နေ့တာ အချိန်ကုန်ခံ၍ သင်္ဘောဖြင့် သွားလာရပါသည်။ အစိုးရသစ်လက်ထက်တွင် စစ်တွေ-ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင် - မောင်တော - အလယ်သံကျော် - အငူမော် လမ်းမကြီးကို စီမံချက်ချ ဆောင်ရွက်ခဲ့ပြီး ယခုအခါ တံတားကြီးများအချို့ တည်ဆောက်ပြီးစီးခဲ့ပြီး အချို့တည်ဆောက်ဆဲ ဖြစ်ပါသည်။ လာမည့် နှစ်နှစ်အတွင်းတွင် အဆိုပါလမ်းမကြီး ပြီးစီးအောင် လမ်းများ၊ တံတားများ တည်ဆောက်သွားမည်ဖြစ်ပါသည်။

ရှမ်းပြည်နယ်တွင် အရှေ့-အနောက် အဓိကလမ်းမကြီးဖြစ်သော မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ- တာချီလိတ်လမ်း ၄၄၀ မိုင် ၅ ဖာလုံရှိပါသည်။ ရှမ်းပြည်နယ် အစ နမ့်ပန်တက်မှ တောင်ကြီးအထိ ၆၃ မိုင်ကို တောင်ပေါ်ဒေသလမ်း ဆောက်လုပ်ရေးနှင့် တောင်ကြီးမှ နမ့်စန်အထိ ၇၃ မိုင်ကို နေမင်းရောင်ကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ နမ့်ပန်တက်မှ တောင်ကြီးအပိုင်းကို အကျယ် ၄၈ ပေ လမ်းချဲ့နေပြီး တောင်ကြီးမှ နမ့်ဆန် အပိုင်းကို အကျယ် ၂၄ ပေလမ်းချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ နမ့်ဆန်မှ ကျိုင်းတုံအထိ ၂၀၆ မိုင် ၂ ဖာလုံကို ဆောက်လုပ်ရေးမှ တာဝန်ယူဆောင်ရွက်နေပြီး အကျယ် ၁၂ပေ ကတ္တရာလမ်းမှ အကျယ် ၁၈ ပေကတ္တရာ လမ်းချဲ့ခြင်း၊ လမ်းတာဘောင် (၃၄ပေ/ပေ ၄၀)ချဲ့ခြင်းနှင့် လမ်းအကွေ့လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါသည်။ ကျိုင်းတုံမှ တာချီလိတ် အထိ ၉၈ မိုင် ၃ ဖာလုံသည် သော်တာဝင်းကုမ္ပဏီမှ ဆောင်ရွက်နေသော ကတ္တရာလမ်းဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၏ အဓိက ဆက်သွယ်ရေးလမ်းဖြစ်သော မန္တလေး -လားရှိုး- ကွတ်ခိုင်- မူဆယ်-နမ့်ဆန်လမ်းသည် Oriental Highway Co.,Ltd မှ BOT စနစ်ဖြင့် ဆောင်ရွက်နေသော အကျယ် ၂၄ ပေ ကတ္တရာလမ်းဖြစ်ပြီး အကျယ် ၄၈ ပေ ကတ္တရာလမ်းချဲ့နေသလို အဓိက လမ်းကျဉ်းဖြစ်သော ဂုတ်တွင်းကို တံတားတည်ဆောက်ရန် ညှိနှိုင်းလျက်ရှိပါသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် (မြောက်ပိုင်း)ကို ဆက်သွယ်ထားသော လွိုင်လင်-ပန်ကေတု-သီပေါလမ်း ၁၄၉ မိုင် ၂ဖာလုံသည် အကျယ်၁၂ ပေ ကတ္တရာလမ်းမှ အကျယ် ၁၈ပေ ကတ္တရာလမ်းအဖြစ် စတင်တိုးချဲ့နေပြီး ညောင်ရွှေ-ရပ်စောက်-အင်းတော်-ကျောက်ဂူ-နောင်ချိုလမ်း ၁၄၅ မိုင်ကို အကျယ်၁၂ ပေ ကတ္တရာလမ်းမှ အကျယ် ၁၈ ပေကတ္တရာလမ်းအဖြစ်စတင်တိုးချဲ့နေပြီး ၂၀၂၀ ပြည့်နှစ်တွင်



စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းပေါ်ရှိ တောဖျားချောင်းတံတား (၃၆၅.၇ မီတာ) ဆောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်



ရန်ကုန်- မော်လမြိုင်- ထားဝယ်- မြိတ်လမ်း ဆောင်ရွက် ပြီးစီးမှုကို တွေ့ရစဉ်



မြိတ်- တနင်္သာရီ- ဘုတ်ပြင်း- ကော့သောင်းလမ်း ဆောင်ရွက် ပြီးစီးမှုကို တွေ့ရစဉ်



ရန်ကုန်- မော်လမြိုင်- ထားဝယ်- မြိတ်- ကော့သောင်းလမ်း (ထားဝယ်-ရေးအပိုင်း) 6.44 km16. 5 km အတွင်း 7.31m အကျယ် ကတ္တရာကွန်ကရစ် (AC)ခင်းခြင်း လုပ်ငန်း ပြီးစီးမှုကို တွေ့ရစဉ်



စစ်တွေ- ပုဏ္ဏားကျွန်း- ရသေ့တောင်- ဘူးသီးတောင် လမ်းပေါ်ရှိ ပန်ဇင်းချောင်း တံတား ဆောက်လုပ် ပြီးစီးမှုကို တွေ့ရစဉ်



ရန်ကုန်- မော်လမြိုင်- ထားဝယ်- မြိတ်- ကော့သောင်းလမ်း (ထားဝယ်-ရေးအပိုင်း) (75.5 km-82.86 km)အတွင်း (5.49m) အကျယ်မှ (7.31m) အကျယ် တိုးချဲ့ခြင်း လုပ်ငန်းပြီးစီးမှုကို တွေ့ရစဉ်



မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ-တာချီလိတ် လမ်း(320.98km- 321.98km)အတွင်း ခုနစ်မီတာအကျယ် ကတ္တရာအကျယ်ချဲ့ခြင်း လုပ်ငန်းဆောင်ရွက် ပြီးစီးမှုကို တွေ့ရစဉ်



လွိုင်လင်- ပန်ကေတု- သီပေါလမ်း လုပ်ငန်း ဆောင်ရွက် ပြီးစီးမှုကို တွေ့ရစဉ်



လျှာထားဂုတ်တွင်း တံတား (မန္တလေး-လားရှိုး- မူဆယ်လမ်း) ပုံစံကို တွေ့ရစဉ်

*စာမျက်နှာ ၈ သို့*

# တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် မတော်တဆဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသွားသူများနှင့် ပျောက်ဆုံးနေသူများ၏ မိသားစုများ၊ ဆွေမျိုးများ၊ မိတ်ဆွေ သူငယ်ချင်းများနှင့်အတူ ထပ်တူထပ်မျှ ပူဆွေးဝမ်းနည်းကြေကွဲကြောင်းအဆို လွှတ်တော်ကအတည်ပြု



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

နေပြည်တော် ဇွန် ၉

**တပ်မတော် သယ်ယူပို့ဆောင်ရေး လေယာဉ် (Y-8-200 F အမျိုးအစား၊ လေယာဉ် အမှတ်- ၅၈၂၀) မတော်တဆဖြစ်စဉ်နှင့် ပတ်သက်၍ သေဆုံးသွားသူများနှင့် ပျောက်ဆုံးနေသူများ၏ မိသားစုများ၊ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများနှင့်အတူ ထပ်တူထပ်မျှ ပူဆွေးဝမ်းနည်းကြေကွဲရပါကြောင်း အဆိုကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။**

ယနေ့ကျင်းပသည့် ပြည်ထောင်စု လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဌမနေ့တွင် ယင်းအဆိုကို အတည်ပြု မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ ယင်း ဖြစ်စဉ်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စား လှယ်များက နှစ်မိနစ် ငြိမ်သက်မေတ္တာ ပို့ကြသည်။

ထို့ပြင် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် အဆိုပြုတင်ပြ ထားသော ဦးမြဟန်၊ ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည်တို့နှင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ အဖြစ် အဆိုပြု တင်ပြထားသော ဦးမြင့်နိုင်နှင့် ဦးသန်းဌေးတို့အား လွှတ်တော်သို့ အမည်စာရင်းတင်ပြပြီး ကန့်ကွက်လိုသူရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိ ချက်နှင့် သဘောထားမှတ်ချက် အစီရင် ခံစာ(၆/၂၀၁၇)နှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်က ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများအတွက် စီမံ ချက် အစီအစဉ်များ ရေးဆွဲခြင်းနှင့် စာရင်းဇယား၊ ဘဏ္ဍာရေးကိစ္စလုပ်ငန်း ဆောင်ရွက်မှု ညွှန်ကြားချက်များ၊လုပ်ထုံး လုပ်နည်းများကို တိတိကျကျ လိုက်နာ ဆောင်ရွက်သင့်ပါကြောင်း။

ဘဏ္ဍာရေးဆိုင်ရာနှင့် ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့် ဘဏ္ဍာရေးကျင့်စဉ်များအား လိုက်နာ ဆောင်ရွက်ရန်၊ အသုံးစရိတ်များ သုံးစွဲ ရာတွင် ခြိုးခြံချွေတာစွာ သုံးစွဲသည့် ကျင့်ဝတ်များထားရှိရန် ဖြစ်ကြောင်း။

လုပ်ငန်းအပေါ် အကောင်အထည် ဖော်ဆောင်ရွက်မှုအနေဖြင့် အစည်း အဝေး ဆုံးဖြတ်ချက်၊ ပြီးစီးမှုရာနှုန်း၊ ပြီးစီးမှုအခြေအနေတို့ကို စောင့်ကြည့် မှတ်တမ်းများ ထားရှိခြင်း၊ စာရင်းဇယား များ မှတ်တမ်းများ၊ စာချုပ်များ၊ ပြေစာ များအား မြေပြင်အခြေအနေနှင့် လက်တွေ့ကွင်းဆင်း စစ်ဆေးရမည်ဖြစ် ပါကြောင်း၊ ဒေသခံလုပ်ငန်းကော်မတီများ အား လုပ်ငန်းအမှန်ဆောင်ရွက်ချိန်၌ အချိုးကျငွေထုတ်ပေးစေခြင်း၊ လုပ်ငန်းပြီး ဆုံးချိန် လက်တွေ့ကြည့်ရှုပြီး ကျေနပ် မှသာ အပြီးသတ်ငွေထုတ်ပေးစေခြင်းများ ပြုလုပ်သင့်ကြောင်းဆွေးနွေးသည်။

ထို့အတူ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀)မှ ဒေါက်တာကျော်ငွေ၊ ကျိုက်လတ် မဲဆန္ဒနယ်မှ ဦးရန်လင်း၊ လေရှီး မဲဆန္ဒ နယ်မှ ဦးကျော်ဌေး၊ မအူပင် မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်း သန်းသန်းလွင်နှင့် ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်တို့ကလည်း ဆွေးနွေး ကြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၆/၂၀၁၇) အပါအဝင် လွှတ်တော်ကိုယ်စား လှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်းက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ပေးပို့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုး ရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် အစီရင် ခံစာကို လွှတ်တော်က မှတ်တမ်းတင်ရန် သဘောတူခဲ့ပြီး ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၆/၂၀၁၇)ကို လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**မျိုးသူဟိန်း၊ အေးအေးသန့်(သတင်းစဉ်)**

## (Y – 8)လေယာဉ်ပျက်ကျရာတွင် ပါရှိသွားသူများအတွက် ထောက်ပံ့ငွေများလှူဒါန်း




**နေပြည်တော် ဇွန် ၉**

ဇွန် ၇ ရက်တွင် ပျက်ကျခဲ့သည့် တပ်မတော်ပို့ဆောင်ရေး (Y-8 ) လေယာဉ်၌ပါရှိသွားသည့် စစ်သည်၊ မိသားစုများနှင့် လေယာဉ် အမှုထမ်းများအတွက် ထောက်ပံ့ငွေများကို ကာကွယ်ရေးဝန်ကြီး ဌာန၌ လာရောက် ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးတို့က ထောက်ပံ့ငွေများ လာရောက် ပေးအပ်လှူဒါန်းခဲ့ကြ ကြောင်း သိရသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ထောက်ပံ့ငွေကျပ် သိန်း ၅၀ ကို မွန်းလွဲ ၃ နာရီခွဲတွင် လာရောက် ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံယူသည်။ **(အပေါ်ပုံ)**

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ထောက်ပံ့ငွေကျပ် သိန်း ၂၀၀ တို့ကို လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

## တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် ပျက်ကျခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး နိုင်ငံတကာမှ ခေါင်းဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများထံမှ ဝမ်းနည်းကြောင်း သဝဏ်လွှာများ၊ ထုတ်ပြန်ကြေညာချက်များ ပေးပို့/ထုတ်ပြန်ခြင်းများပြုလုပ်

**နေပြည်တော် ဇွန် ၉**

ဇွန် ၇ ရက်တွင် ပျက်ကျခဲ့သည့် တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် (Y-8) ဖြစ်စဉ်နှင့်ပတ်သက်ပြီး သေဆုံးသူများ နှင့်ပျောက်ဆုံးသူများ၏ မိသားစုဆွေမျိုးများနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြောင်း နိုင်ငံတကာခေါင်းဆောင်များထံမှ နိုင်ငံတော် သမ္မတဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ထံသို့ ပေးပို့ခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများက သဝဏ်လွှာများ ပေးပို့ခြင်း၊ သတင်းထုတ်ပြန်ကြေညာခြင်းနှင့် ၎င်းတို့၏ မိန့်ခွန်းများတွင် ထည့်သွင်းပြောကြားခြင်းများ ပြုလုပ်လျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းအထိ ဘရူနိုင်း၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ် ၊ အိန္ဒိယ ၊ အမေရိကန်၊ ဗြိတိန်၊ ဘယ်လာရုစ်၊ ကနေဒါ၊ ချက်၊ ပြင်သစ်၊ အီးယူ၊ အစ္စရေး၊ နယ်သာလန်၊ ရုရှား၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဆားဗီးယား၊ တူရကီနှင့် ဇမ်ဘီယာနိုင်ငံတို့မှ ဝမ်းနည်းကြောင်း သဝဏ်လွှာများ၊ ထုတ်ပြန်ကြေညာချက်များ ပေးပို့/ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် ပျက်ကျခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး ပါတီများ၊ အသင်းအဖွဲ့များထံမှ ဝမ်းနည်းကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် ဇွန် ၉**

ဇွန် ၇ ရက်တွင် ပျက်ကျခဲ့သည့် တပ်မတော် သယ်ယူပို့ဆောင်ရေး လေယာဉ် (Y-8) ဖြစ်စဉ်နှင့်ပတ်သက်ပြီး သေဆုံးသူများနှင့် ပျောက်ဆုံးသူများ၏ မိသားစုဆွေမျိုးများနှင့်အတူ ထပ်တူ ထပ်မျှဝမ်းနည်းကြောင်း ပါတီများ၊ အသင်းအဖွဲ့များက ကြေညာချက်၊ သတင်းထုတ်ပြန်ချက်များ ထုတ်ပြန် ခဲ့ကြကြောင်း သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ် ရေးပါတီအပါအဝင် ပါတီများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မီဒီယာအဖွဲ့ အစည်းများကလည်း ဝမ်းနည်းကြောင်း ထုတ်ပြန် ခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း၊ တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

## တပ်မတော်လေယာဉ်မတော်တဆဖြစ်စဉ်တွင် ကွယ်လွန်သွားသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအား ထောက်ပံ့

**ရန်ကုန် ဇွန် ၉**

ဇွန် ၇ ရက်တွင် ပျက်ကျခဲ့သည့် တပ်မတော်သယ်ယူ ပို့ဆောင်ရေးလေယာဉ် Y-8 လေယာဉ်နှင့်အတူ ပါရှိသွားသည့် သေဆုံးသွားသူများနှင့် ပျောက်ဆုံးနေသော တပ်မတော် ကြည်း၊ ရေ၊ လေမှ အရာရှိ/စစ်သည်များနှင့် မိသားစုများအတွက် CB Bank မှ အလှူငွေ ကျပ် သိန်း ၃၀၀ ကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက လက်ခံခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**တင်စိုး(မြန်မာ့အလင်း)**





ဇွန် ၉ ရက်က မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညေ့ခံပွဲအခမ်းအနား တက်ရောက်လာသော နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်းတို့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV ကြိုဆိုနှုတ်ဆက်စဉ် (သတင်းစဉ်)

## အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၃၈ / ၂၀၁၇) သင်တန်းဆင်း

**ရန်ကုန်　ဇွန် ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၃၈/၂၀၁၇)၏ သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့် အငြိမ်းစားသံအမတ်ကြီးများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

သင်တန်းတွင် သံတမန်ရေးရာနှင့် သက်ဆိုင်သည့် အခြေခံဘာသာရပ်များ၊ စေ့စပ်ညှိနှိုင်းမှုပညာ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်များ၊ အပြည်ပြည်ဆိုင်ရာဥပဒေဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာညီလာခံများကျင်းပခြင်း၊ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများ၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်များ စသည်တို့ကို စာတွေ့လက်တွေ့ပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ အငြိမ်းစားသံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြဆရာကြီးဆရာမကြီးများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်ရေးရာနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအား စိတ်ပါဝင်စားသူများအတွက် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၆၅၂၆ ဦးအထိ တက်ရောက်ခဲ့ပြီဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်ငန်းနှင့် ICT ကဏ္ဍတို့တွင် ပို့ကုန်မြှင့်တင်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး သုတေသနစာတမ်းတင်ပြ

**သတင်း - ဇင်ဦး၊ ဝေသူနွယ်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

**နေပြည်တော်　ဇွန်　၉**

မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတို့တွင် ပို့ကုန်မြှင့်တင်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ သုတေသနစာတမ်းများတင်ပြသည့် အခမ်းအနားကို ဇွန် ၉ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က "ဒီနေ့ပြုလုပ်တဲ့အခမ်းအနားရဲ့ အဓိကအချက်ကတော့ ကိုရီးယားနိုင်ငံရဲ့အကူအညီနဲ့ မြန်မာနိုင်ငံမှာ KSP Project ဆိုပြီးတော့ Myanmar Trade Promotion Organization နဲ့ပေါင်းပြီးတော့ ဆောင်ရွက်ပါတယ်။ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးကို ဘယ်ကဏ္ဍတွေမှာ ဆက်ပြီးတော့ အားပေးဆောင်ရွက်သင့်သလဲဆိုတာ သုတေသနပြုတဲ့ report ကို Myanmar Trade Promotion Organization(MYANTRADE)နဲ့ ပူးပေါင်းပြီးတော့ သူတို့ရဲ့ Report ကိုလည်း တင်ပြမယ်၊ နောက်ဘယ်လိုဆက်လက်ဆောင်ရွက်မယ်ဆိုတာ ဆွေးနွေးကြခြင်းဖြစ်ပါတယ်။

"မြန်မာနိုင်ငံအနေနဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၁၅-၂၀၂၀)ကို ရေးဆွဲထားပြီး အဲဒီမှာပါတဲ့ကဏ္ဍတွေကို သက်ဆိုင်ရာဌာနတွေနဲ့ တစ်ခုချင်းအကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပြီးတော့ တစ်ဖက်ကလည်း နိုင်ငံတကာက နည်းပညာနဲ့ ငွေကြေးအကူအညီတွေကိုရရှိအောင် ဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံမှာ ကုန်သွယ်မှုကဏ္ဍအနေနဲ့ သီးခြားဖွဲ့စည်းနိုင်အောင် ကိုရီးယားနိုင်ငံ KOTRA ကနေပြီးတော့ အကူအညီပေးပြီး နှစ်နိုင်ငံသဘောတူညီချက်နဲ့ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှာ Myanmar Trade Promotion Organization (MYANTRADE)ကို ဖွဲ့စည်းပြီးတော့ ကုန်သွယ်မှုမြှင့်တင်ဖို့ ဆောင်ရွက်လာခဲ့ပါတယ်။ အခု ဆန်၊ စပါးကဏ္ဍ၊ ပဲ၊ ပြောင်းကဏ္ဍ၊ ရေထွက်ပစ္စည်းကဏ္ဍ၊ အထည်ကဏ္ဍ၊ သစ်အချောထည်ကဏ္ဍ၊ ရော်ဘာကဏ္ဍ၊ ခရီးသွားကဏ္ဍ စတဲ့ကဏ္ဍခုနစ်ခုကို




KSP Final Reporting အခမ်းအနား၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် အမှာစကားပြောကြားစဉ်

ဆောင်ရွက်တဲ့အပြင် အခု KOTR က research လုပ်ရင်းနဲ့ ဘာကိုထပ်ပြီးတော့ လုပ်လို့ရလဲဆိုရင် Food Processing လို့ခေါ်တဲ့ စားသောက်ကုန်တွေ ထုတ်လုပ်တဲ့လုပ်ငန်းတွေ၊ ICT နဲ့ပတ်သက်လို့ မြန်မာနိုင်ငံမှာ လိုအပ်ချက်တွေ တိုးမြှင့်ဖို့ ဘယ်လိုလုပ်နိုင်မလဲဆိုတဲ့အချက်တွေကို ဒီပရောဂျက်ကနေဖော်ထုတ်ရရှိပါတယ်" ဟု ပြောကြားသည်။

Myanmar Trade Promotion Organization (MYANTRADE)၏ အဓိကတာဝန်မှာ မြန်မာနိုင်ငံမှ ထွက်ကုန်ပစ္စည်းများကို ပို့ကုန်မြှင့်တင်ရန်နှင့် အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်ပတ်သက်၍ အောင်မြင်စွာအကောင်အထည်ဖော်ရန်အတွက် အဓိက တာဝန်ယူဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ အဓိကအားဖြင့် လယ်ယာထွက်ပစ္စည်းကို အခြေခံသော ပို့ကုန်ပစ္စည်းများနှင့် နည်းပညာကဏ္ဍများအတွက် ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ရရှိရေး ဆောင်ရွက်လျက်ရှိပြီး KSP အစီအစဉ်မှာ ကိုရီးယားနိုင်ငံ၏ အတွေ့အကြုံများအပေါ်မူတည်ပြီး ကျွမ်းကျင်သူများနှင့် မြန်မာနိုင်ငံမှ ပညာရှင်များပူးပေါင်း၍ ပို့ကုန်တိုးမြှင့်ခြင်းဆိုင်ရာ အကြံပြုချက်များနှင့် အတွေ့အကြုံကောင်းများကို ထည့်သွင်းတင်ပြသွားမည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးအခြေအနေနှင့် ပတ်သက်၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (MYANTRADE)မှ ညွှန်ကြားရေးမှူး ဒေါက်တာ ထိန်လင်းက "လက်ရှိ မြန်မာနိုင်ငံမှာ ပို့ကုန်ထက်သွင်းကုန်က များနေတယ်ဆိုတာ အားလုံးသိရှိပြီးဖြစ်ပါတယ်။ အခုလက်ရှိ မြန်မာနိုင်ငံမှာ ပို့ကုန်မြှင့်တင်ရေးမဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး အခုပို့ကုန်တွေမှာ သဘာဝဓာတ်ငွေ့ ပို့ကုန်တွေလည်း အနည်းငယ်ကျဆင်းနေတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ ဈေးနှုန်းတွေလည်း ကျဆင်းနေပါတယ်။ နောက်ပြီးတော့ မြန်မာနိုင်ငံက အဓိကလယ်ယာထွက်ကုန်ပစ္စည်းတွေကို တင်ပို့တဲ့နေရာမှာ အရည်အသွေးဆိုင်ရာ လိုအပ်ချက်တွေ၊ အားနည်းချက်တွေရှိနေသေးတာဖြစ်တဲ့အတွက် အမျိုးသားပို့ကုန် မဟာဗျူဟာမှာ ပို့ကုန်တွေအရည်အသွေးကောင်းဖို့၊ ပို့ကုန်လုပ်ငန်းဆောင်ရွက်တဲ့ လုပ်ငန်းရှင်တွေအတွက် ချေးငွေအထောက်အပံ့တွေ ရရှိစေနိုင်ဖို့နဲ့ ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ပို့ကုန်လုပ်ငန်းရှင်တွေကို ရရှိနိုင်ဖို့အတွက် အမျိုးသားပို့ကုန် မဟာဗျူဟာမှာထည့်သွင်းပြီး ပူးပေါင်းဆောင်ရွက်နေတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ပို့ကုန်တွေဟာ အနာဂတ်ကာလမှာ ပိုမိုတိုးမြှင့်လာဖို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ မူဝါဒများချမှတ်ရေးဆွဲနိုင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှ အကူအညီပေးခဲ့သည့် အသိပညာ၊ အတတ်ပညာမျှဝေပေးရေး Knowledge Sharing Program- KSP အစီအစဉ်အရ ပို့ကုန်တိုးမြှင့်ရေးနယ်ပယ်တွင် သုတေသနပြုခြင်းခေါင်းစဉ်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (MYANTRADE) နှင့် ကိုရီးယားသမ္မတနိုင်ငံ KOTRA ၏ သုတေသနပညာရှင်အဖွဲ့ STEMI တို့ ပူးပေါင်း၍ သုတေသနလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

KSP အစီအစဉ်၏ စီမံကိန်းကာလမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လကုန်အထိဖြစ်ပြီး စီမံကိန်း အကောင်အထည်ဖော်ကာလအတွင်း မြန်မာနိုင်ငံ၏ စားသောက်ကုန်ထုတ်လုပ်ငန်းကဏ္ဍ၊ သတင်းအချက်အလက်နှင့် နည်းပညာလုပ်ငန်းကဏ္ဍတို့အတွက် ပို့ကုန်တိုးမြှင့်နိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရန်တို့အတွက် သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းသုတေသနရလဒ်များနှင့် ကိုရီးယားနိုင်ငံ၏ အတွေ့အကြုံကိုအခြေခံပြီး အကြံပြုသုံးသပ်တင်ပြခြင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို အကြံပြုတင်ပြထားကြောင်း သိရသည်။

သုတေသနပြုချက်များအရ Food Processing Industry မူဝါဒပိုင်းဆိုင်ရာပြောင်းလဲရေး၊ အရည်သွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် မြန်မာအိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုသော အချက်အလက်များတင်ပြထားကြောင်း သိရသည်။

KSP အစီအစဉ်သည် ဖွံ့ဖြိုးဆဲကုန်သွယ်ဖက်နိုင်ငံများ၏ လိုအပ်ချက်များကို အခြေခံပြီး သုတေသနလုပ်ငန်းများလုပ်ဆောင်ခြင်း၊ မိတ်ဖက်နိုင်ငံများမှ ပညာရှင်များနှင့်ညှိနှိုင်း၍ မူဝါဒပိုင်းဆိုင်ရာလိုအပ်ချက်များကို သုတေသနပြုကူညီထောက်ပံ့ခြင်းနှင့် သက်ဆိုင်ရာနိုင်ငံများမှ တောင်းဆိုထားသည့် သုတေသနခေါင်းစဉ်များအတွက် နည်းလမ်းအမျိုးမျိုးဖြင့် ကူညီပံ့ပိုးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။



နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်း (154.5km-157.7km) အတွင်း မူလ အမာခံလမ်းမှ ကတ္တရာလမ်းသစ်အဖြစ် တိုးမြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်

*စာမျက်နှာ ၆ မှ*

လမ်းအပြီးချဲ့ရန် စီစဉ်ထားပါသည်။ ထို့အပြင် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းသည် ၁၈၇ မိုင် ၆ ဖာလုံရှိပြီး ကျောက်လမ်း ၃၄ မိုင် ၇ ဖာလုံ ကျန်ရှိနေသေးရာ ယခုဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းအဖြစ် အပြီးတည်ဆောက်ရန် စီစဉ်ထားပါသည်။

ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် အရှေ့အနောက်နှင့် တောင်မြောက်လမ်းမကြီးများနှင့် ပြည်နယ်ချင်းဆက် လမ်းများအားလုံးကို ယခုဘဏ္ဍာရေးနှစ် ပြီးဆုံးပါက အားလုံး (Paved Road) ကတ္တရာများဖြစ်သွားမည် ဖြစ်ပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အချို့သော ပြည်နယ်များ၏ လမ်းပိုင်းများမှာ ယခုအချိန်တွင် မြေသားလမ်းသာလျှင် ပေါက်သေးသည့်အတွက် မိုးတွင်းကာလတွင် ရွှံ့ဗွက်တန်းများဖြစ်လာနိုင်၍ မော်တော်ယာဉ်များသွားလာ၍ ရနိုင်မည်မဟုတ်သေးသော်လည်း လာမည့် လေးနှစ်တာကာလအတွင်းတွင် ရာသီမရွေးသွားလာနိုင်သည့် လမ်းများအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ပါသည်။



လွိုင်လင်-ပန်ကေတု-သီပေါလမ်း (မိုင် ၁၀၂/၂-၁၄၉/၂=၄၇ မိုင် ၀ ဖာလုံ) ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်

# ရွှေတိဂုံစေတီတော် နယုန်လပြည့်မဟာသမယအခါတော်နေ့ ကျင်းပ

ရန်ကုန် ဇွန် ၉

**ရွှေတိဂုံစေတီတော် နယုန်လပြည့် မဟာသမယအခါတော်နေ့ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။** (ယာပုံ)

**အရုဏ်ဆွမ်း ဆက်ကပ်**

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများနှင့် ဆွမ်းတော်ကြီး တင်လှူပူဇော်ကြပြီး ရောင်တော်ဖွင့် တန်ဆောင်းတွင် ရွှေတိဂုံစေတီတော် သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များကို အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ပဋ္ဌမအကြိမ်မြောက် နယုန်လပြည့် မဟာသမယအခါတော်နေ့ အခမ်းအနားကို ကျင်းပရာ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ အလှည့်ကျ သဘာပတိဂေါပကအဖွဲ့ဝင် ဦးဝင်းနိုင်က ဇယမင်္ဂလာ အနုမောဒနာ စာတမ်းအား လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ ရန်ကင်းမြို့နယ် မဟာ ဓမ္မိကာရုံ ပရိယတ္တိ စာသင်တိုက်ကျိုက်ပိကျောင်း ဆရာတော် ဘဒ္ဒန္တဂုဏောသနထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များက နဝင်္ဂသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ မရမ်းကုန်းမြို့နယ် ကလေးဝတောရ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ အနုမောဒနာတရား နာကြားပြီး ရေစက်ချအမျှပေးဝေကြသည်။

ယင်းနောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစု ရပ်မှစတင်၍ ဂေါပကအဖွဲ့ဝင်များက မဟာသမယအခါတော်နေ့ ဖြစ်ပေါ်လာခြင်းကို ဖော်ကျူးသော အခမ်းအနား အဆောင်အယောင်များဖြင့် အုပ်စုနှစ်စုခွဲ၍ စေတီတော်ကြီးအား လက်ဝဲရစ်၊ လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

**ငြိမ်းချမ်းရေးတရားတော်**

မဟာသမယနေ့ဟု သတ်မှတ်ရခြင်းမှာ မြတ်စွာဘုရားရှင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ငါးဝါမြောက်ဖြစ်သော မဟာသက္ကရာဇ် ၁၀၈ ခုနှစ် နယုန်လတွင် ကပိလဝတ်ပြည်နှင့် ကောလိယပြည်မှ တောင်သူလယ်သမားများသည် ရောဟိဏီ မြစ်ရေကို ခွဲဝေသုံးစွဲရာ ညီညွတ်မျှတမှုမရှိဘဲ တိုင်းပြည်အချင်းချင်း စစ်ခင်းစစ်ပြိုင်သော အခြေအနေကို ရောက်ရှိလာသောကြောင့် ဗုဒ္ဓမြတ်စွာဘုရားက ငြိမ်းချမ်းရေးတရားတော်ဟောကြားခဲ့သည့် နယုန်လပြည့်နေ့ကို မဟာသမယနေ့ဟု သတ်မှတ်ခဲ့ကြောင်း သိရသည်။



အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ နယုန်လပြည့် မဟာသမယနေ့ အခမ်းအနားကိုယနေ့ မွန်းလွဲ ၁ နာရီတွင် စေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းသား အသင်းသူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်း၊ဓာတ်ပုံ-ဇော်မင်းလတ်**

# အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရအား သီတဂူအဘိဓဇမဟာရဋ္ဌဂုရု ပူဇာကျင်းပ

**ရန်ကုန် ဇွန် ၉**

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ် ရရှိတော်မူသော သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား သီတဂူအဘိဓဇ မဟာ ရဋ္ဌဂုရု ပူဇာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပင်လုံလမ်းရှိ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သန္နိပါတခန်းမဆောင်၌ ကျင်းပသည်။ ရှေးဦးစွာ လှိုင်မဟာစည်ဆရာတော် ဘဒ္ဒန္တစန္ဒာဝရ ထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

**သာသနာတော်အကျိုး**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တအင်္ဂီသက သြဝါဒကထာ မိန့်ကြားတော်မူသည်။ ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် "ပဂ္ဂဏှေပဂ္ဂ ဟာရဟံ = ချီးမြှောက်ရန် ထိုက်တန်သူကို ချီးမြှောက်ရမည်"ဟူသော ကျမ်းဂန်ဒေသနာတော်နှင့်အညီ ဗုဒ္ဓမြတ်စွာ သာသနာတော်အကျိုးကို



သယ်ပိုးရွက်ဆောင်ခြင်းဟူသော သာသနဟိတာဝဟဂုဏ်၊ စာပေကျမ်းဂန်များကို သင်ကြားပို့ချခြင်းဟူသော ဂန္ထဒုရာဝဟဂုဏ်၊ သမထဝိပဿနာ ဘာဝနာတရားများ ပွားများအားထုတ်ခြင်းဟူသော ဝိပဿနာ ဒုရာဝဟဂုဏ်၊ ဒါယကာ ဒါယိကာမတို့အား ယဉ်ကျေးလိမ္မာစေလျက် သာသနာစစ် သာသနာမှန်ကို သိနိုင်ကြစေရန် မေတ္တာကရုဏာ ရှေ့ထားကာ ဒေသနာအဝဝ သြဝါဒအဖြာဖြာကို ဟောဖော်ညွှန်ပြ ဆိုဆုံးမခြင်းဖြင့် သာသနာပြုတော်မူသော ဓမ္မာနုဂ္ဂဟဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသည့်အတွက် သီတဂူ ဆရာတော်ကြီးအား "အဘိဓဇမဟာရဋ္ဌဂုရု"ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ပါကြောင်း လျှောက်ထားတင်ပြသည်။

**လျှောက်ထား**

ဆက်လက်၍ သီတဂူဆရာတော်၏ ထေရုပ္ပတ္တိကထာကို သီတဂူ-ကေတုမတီ ဗုဒ္ဓတက္ကသိုလ် ကျောင်းအုပ်ဆရာတော် အရှင်တိက္ခသာရက လည်းကောင်း၊ စစ်ကိုင်းတောင်ရိုး သဒ္ဒမ္မဝေဒဂူကျောင်းတိုက် နာယကဆရာတော် သာမဏေကျော်၊ သကျသီဟ ဓမ္မာစရိယ၊ သာသနာဓဇ ဓမ္မာစရိယ သီတဂူအရှင်ဒေဝိန္ဒာလင်္ကာရာဘိဝံသက သီတဂူ ဂုဏပူဇာဂါထာတော်ဖြင့် လည်းကောင်း အသီးသီး လျှောက်ထား ပူဇော်ကြသည်။

ယင်းနောက် အခမ်းအနားမှူး ပထမကျော် ဦးစံသင်းလှိုင်က ဂုဏာဘိတ္ထဝ မဟာထေရပူဇာ ဂါထာတော်များဖြင့် လည်းကောင်း၊ နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့်နှင့်အဖွဲ့က ဂုဏပူဇာမင်္ဂလာရတု၊ တေးထပ်တို့ဖြင့် လည်းကောင်း ပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ဝဲပုံ)**

ထို့နောက် အဘိဓဇမဟာရဋ္ဌဂုရု တွဲဖက် ရွှေကျင်သာသနာပိုင် သီတဂူ ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူ ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ရေစက်သွန်းချ အနုမောဒနာတရား ချီးမြှင့်တော်မူသည်။ သီတဂူဆရာတော်အလောင်းလျာ ကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် တပ်ရွာတွင် ခမည်းတော် ဦးမောင်ညို- မယ်တော် ဒေါ်သန်းတင်တို့က ၁၂၉၈ ခုနှစ် တပေါင်းလပြည့်နေ့တွင် ဖွားမြင်တော်မူခဲ့သည်။

၁၃၄၀ ခုနှစ်တွင် သီတဂူ သာသနာပြုအဖွဲ့ကြီးကို စတင် တည်ထောင်တော်မူခဲ့ပြီး ပြည်တွင်း သာသနာပြုလုပ်ငန်းများကို စတင်ဆောင်ရွက်တော်မူခဲ့သည်။

၁၃၄၃-၄၄ ခုနှစ်တွင် ဗာရာဏသီ ဆရာတော်နှင့်အတူ အာရှ ခြောက်နိုင်ငံ သာသနာပြုခရီး၊ ဆရာတော်အရှင်သေဋ္ဌိလနှင့် အင်္ဂလန်နိုင်ငံ သာသနာပြုခရီးတို့မှ စတင်ကာ ပြည်ပသာသနာပြုလုပ်ငန်းများ စတင်တော်မူခဲ့ရာ ယနေ့ သက်တော်(၈၀) အဘိဓဇ အရွယ်တော်ရောက်ခဲ့သည့်အချိန်အထိ နိုင်ငံပေါင်း ၅၀ ကျော်သို့ ကြွရောက်သာသနာပြုတော်မူခဲ့ပြီး နိုင်ငံတကာ အစည်းအဝေး ပေါင်း ၄၃ ခု တက်ရောက်ကာ မိန့်ခွန်း ပြောကြားတော်မူခဲ့ပြီးဖြစ်သည်။

**သာသနာပြု**

ယခုအခါ ဆရာတော်ကြီးသည် သီတဂူတက္ကသိုလ်များနှင့် သီတဂူ သာသနာပြုအဖွဲ့ကြီး၏ အဓိပတိ၊ မလွန်ဆန်လှူအသင်းကြီး၏ ဥက္ကဋ္ဌ၊ ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌမဟာနာယကတာဝန်တို့ကို တွဲဖက်ဆောင်ရွက်တော်မူကာ တရားဟော၊ တရားပြ၊ စာသင်၊စာချ သက်တော်(၈၀) ကျော်လွန်လာသည့် အရွယ်တိုင်အောင် သာသနာအကျိုးအတွက် ကြိုးပမ်းဆောင်ရွက် သာသနာပြုတော်မူလျက်ရှိသည်။

**ရီရီမြင့် ၊ ဥမ္မာသန့်(သတင်းစဉ်)**

# ရင်သွေးပျိုးခင်း မူလတန်းကြိုကျောင်း(၂) ဖွင့်ပွဲကျင်းပ



**တပ်ကုန်း ဇွန် ၉**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက်အတွင်းရှိ ယခင်မိခင်နှင့် ကလေး မူလတန်းကြိုကျောင်း (အစား) ရင်သွေးပျိုးခင်း မူလတန်းကြိုကျောင်း(၂) ဖွင့်ပွဲကို ဇွန် ၉ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီဝင် (တပ်ကုန်းမြို့တာဝန်ခံ) ဦးတင်ထွဋ်၊ နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းခိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ရင်သွေးပျိုးခင်း မူလတန်းကြို ကျောင်း(၂) အုပ်ချုပ်ရေးမှူး ဒေါ်ယမင်းအေးနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ရင်သွေးပျိုးခင်း မူလတန်းကြိုကျောင်း(၂)အား နေပြည်တော်ကောင်စီဝင်၊ ရင်သွေးပျိုးခင်း မူလတန်း ကြိုကျောင်း (၂) အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအတွင်းရေးမှူး ဒေါ်ခင်မာချိုတို့က ဖဲကြိုးဖြတ်လှစ်ပေးပြီး နေပြည်တော်ကောင်စီဝင်က အမှာစကားပြောကြားသည်။

ထို့နောက် ရင်သွေးပျိုးခင်း မူလတန်းကြိုကျောင်း(၂) အုပ်ချုပ်ရေးမှူးက မူလတန်းကြိုသင်ပုံ၊ သင်နည်းများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ မူကြိုကျောင်းသား ကျောင်းသူလေးများကလည်း တေးသရုပ်ဖော်ဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

**အေးအေးမိုးလှိုင်(မြန်မာ့အလင်း)**

## ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုအတွက် ထောက်ပံ့

**ရန်ကုန် ဇွန် ၉**


ရန်ကုန်မြို့ လှိုင်မြို့နယ်အတွင်း ဇွန် ၄ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးသွားသော အိမ်ခြေ ၁၉၁ အိမ်အတွက် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ အိမ်တစ်လုံးကို ငွေကျပ်ငါးသောင်းနှုန်း ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၁)၊ (၂) နှင့် လှိုင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူပြီး သက်ဆိုင်ရာ (၁၆) ရပ်ကွက်မှ အိမ်ခြေများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မီးမီး(လှိုင်)**

# အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများအကြောင်း တရုတ်နှင့်ကာဇက်စတန်သမ္မတတို့ဆွေးနွေး

**အက်စ်တာနာ ဇွန် ၉**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ကာဇက်စတန်နိုင်ငံ သမ္မတနာဆော်တန်နာဇာဘေရစ်ဗ်တို့သည် ယမန်နေ့က ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှုနှင့် ကာဇက်စတန်၏ စီးပွားရေးပေါ်လစီသစ်ဖြစ်သော “Bright Path” တို့အကြား စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်ရှာဖွေခြင်း အပါအဝင် နယ်ပယ်အားလုံးတွင် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။




တရုတ်နှင့် ကာဇက်စတန်တို့သည် တရုတ်မှ ကာဇက်စတန်ကို ဖြတ်ကာ အာရှ၊ ဥရောပနှင့် ပင်လယ်ကွေ့နိုင်ငံများသို့ စတင်ဆက်သွယ်နိုင်ရေး၊ နိုင်ငံတကာ ကုန်စည်တင်ရထားဝန်ဆောင်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ၂၀၂၅ ခုနှစ်နောက်ဆုံးထားကာ အာရှနှင့် ဥရောပဒေသအကြား ထောက်ပံ့သယ်ပို့ကုန်ကျစရိတ်အနည်းငယ်ဖြင့် ထိရောက်မှုရှိသော ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက် ဖြေရှင်းမည့်ကုန်တင်ရထားလမ်းများ ဖောက်လုပ်ရေးစသည်တို့ကိုလည်း သဘောတူခဲ့ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

သမ္မတနှစ်ဦး၏ တွေ့ဆုံမှုသည် ၂၀၁၂ ခုနှစ်မှစ၍ ယခုအကြိမ်နှင့်ဆိုလျှင် (၁၆) ကြိမ်မြောက်ရှိပြီ ဖြစ်ကြောင်းလည်း သိရသည်။ **(ဆင်ဟွာ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသည့် ထိုင်းနိုင်ငံသားတစ်ဦးကိုဖမ်းဆီး

**ဗန်ကောက် ဇွန် ၉**

စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆၈ ပြားသယ်ယူလာသော ထိုင်းနိုင်ငံသားတစ်ဦးကို လှည့်ကင်း ဆောင်ရွက်နေသော မဲခေါင်ရေတပ်အရာရှိများနှင့် ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း ရဲတပ်ဖွဲ့များက ဇွန် ၉ ရက်တွင် ပူးပေါင်းဖမ်းဆီးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်လာသည့် အသက် ၃၇ နှစ်အရွယ်လူတစ်ဦးကို မဲခေါင်မြစ်အရှေ့ပိုင်း လာအိုနှင့်ထိစပ်နေသော နန်ခွန်ဖာနွန်ဒေသ၌ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။ မဲခေါင်မြစ်သည် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိကြောင်း သိရသည်။ အဆိုပါ ဒေသတွင် စိတ်ကြွရူးသွပ်ဆေးဝါးများ ထုတ်လုပ်ခြင်းနှင့် တရားမဝင်မူးယစ်ဆေးကူးသန်းရောင်းဝယ်မှုကို နှစ်အတော်ကြာပြုလုပ်နေကြောင်းလည်း သိရသည်။

လိုက်လံဖမ်းဆီးစဉ် ထွက်ပြေးတိမ်းရှောင်ခဲ့သော်လည်း နောက်ဆုံးတွင်ဖမ်းဆီးခံလိုက်ရခြင်းဖြစ်ကြောင်း ၎င်းက ဝန်ခံခဲ့သည်။ ၎င်းအားလက်ရဖမ်းမိချိန်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆၈ပြား အထုပ်အားဖြင့် ၁၀ ထုပ်ကို ၎င်းနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ဗန်ကောက်ဘစ်ဇ် သတင်းတွင်ဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**

# ပါကစ္စတန်၌ ပြန်ပေးဆွဲခံရသည့်တရုတ်ကျောင်းဆရာနှစ်ဦး သေဆုံးသွားပြီဖြစ်သည်ဟု ယူဆရကြောင်းတရုတ်ပြော

**ပေကျင်း ဇွန် ၉**

ပါကစ္စတန်၌ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအဖွဲ့က ပြန်ပေးဆွဲသွားခဲ့သည့် တရုတ်နိုင်ငံသားကျောင်းဆရာနှစ်ဦးတို့သေဆုံးသွားပြီဟု ယူဆရသည်ဟုပါကစ္စတန်ကပြောကြားခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက သောကြာနေ့တွင် ပြောကြားခဲ့သည်။

တရုတ်အစိုးရအဖွဲ့အနေဖြင့်ယခုထက်ပို၍ အသေးစိတ်သိရှိနိုင်ရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ အိုင်အက်စ်အဖွဲ့က ပါကစ္စတန်နိုင်ငံ ဘာလိုချီစတန်၌ ပြီးခဲ့သည့်မေ ၂၄ ရက်က ၎င်းတို့ပြန်ပေးဆွဲသွားခဲ့သည့် ကျောင်းဆရာနှစ်ဦးကို အဖွဲ့မှ တိုက်ခိုက်ရေးသမားများက သတ်ဖြတ်လိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။

တရုတ်နိုင်ငံသည် ဘာချီလိုစတန်၌ အခြေခံအဆောက်အအုံလုပ်ငန်းစီမံကိန်းများအတွက် ဒေါ်လာဘီလီယံများစွာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိသည်။ ကျောင်းဆရာအမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို ဘာချီလိုစတန်ရှိကွက်တာ၌ ရဲတပ်ဖွဲ့ဝင်အယောင်ဆောင်ထားသည့်လက်နက်ကိုင်လူတစ်စုကပြန်ပေးဆွဲသွားခဲ့ခြင်း ဖြစ်သည်။

ပါကစ္စတန်၌ ဖော်ပြခဲ့သည့်နောက်ဆုံးရသတင်းများအရ ပြန်ပေးဆွဲခံလိုက်ရသည့် တရုတ်နိုင်ငံသားနှစ်ဦးသည် အိုင်အက်စ်တို့၏ သတ်ဖြတ်ခြင်းကိုခံလိုက်ရခြင်းမှာ သေချာသလောက်ရှိသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချန်ရင်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

တရုတ်နိုင်ငံက သတင်းကိုအတည်ပြုရန်လုပ်ဆောင်နေဆဲဖြစ်ပြီး အသေးစိတ်အချက်အလက်များရရှိရေးအတွက် စုံစမ်းစစ်ဆေးမှုပြုလုပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပါကစ္စတန်အနေဖြင့် ကယ်ဆယ်နိုင်ရေးအတွက် အတတ်နိုင်ဆုံးလှုပ်ရှားဆောင်ရွက်ခဲ့ကြောင်းပြောကြားခဲ့ပြီး တရုတ်နိုင်ငံသားများကိုကာကွယ်ရန်အစွမ်းကုန်ကြိုးစားသွားမည်ဟု ကတိပေးအပ်ခဲ့ကြောင်းဟွာက ဖြည့်စွက်ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# သီရိလင်္ကာရေဘေးအတွက် ကမ္ဘောဒီးယားက ကန်ဒေါ်လာတစ်သိန်းလှူဒါန်း

**ဖနောင်ပင် ဇွန် ၉**

သီရိလင်္ကာရေဘေး၌ ထိခိုက်ဆုံးရှုံးခဲ့ရသော မိသားစုများအတွက် အရေးပေါ်သုံးစွဲရန် ကမ္ဘောဒီးယားနိုင်ငံက အမေရိကန်ဒေါ်လာ တစ်သိန်းလှူဒါန်းခဲ့ကြောင်း သိရသည်။

သီရိလင်္ကာ၌ ရေဘေးဒုက္ခခံစားနေရသူများ၏ မိသားစုများအတွက် ကြေကွဲဝမ်းနည်းကာ ရေဘေးအလှူအဖြစ် ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆန်ဒက်ဟွန်ဆန်က သီရိလင်္ကာဝန်ကြီးချုပ် ရာနေးလ်ဝစ်ခ်ကရမ်ဆင်းဟ်ထံသို့ပေးပို့သော သဝဏ်လွှာတွင် ဖော်ပြထားသည်။




သီရိလင်္ကာနိုင်ငံ အနောက်ပိုင်းနှင့် အလယ်ပိုင်းပြည်နယ်များတွင် မေလ ၂၆ ရက်ကတည်းက ရွာသွန်းခဲ့သော မိုးကြောင့် မြေပြိုမှုများ၊ ရေကြီးမှုများဖြစ်ပွားခဲ့ပြီး လူ ၂၁၁ ဦးထက်မနည်းသေဆုံးခဲ့ကာ လူပေါင်းများစွာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူ ငါးသိန်းနီးပါး ရေဘေးဒုက္ခကြောင့် ရွှေ့ပြောင်းခဲ့ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးဒုက္ခ ခံစားနေရသော မိသားစုဝင်များနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရကြောင်း၊ ကြီးမားသောဆုံးရှုံးမှုခံစားရသော မိသားစုဝင်များအတွက် အလွန်ဝမ်းနည်း ကြေကွဲရပါကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆန်ဒက်ဟွန်ဆန်က ပြောခဲ့သည်။ **(ဆင်ဟွာ)**

# မြောက်ကိုရီးယားကဒုံးကျည်များ ပစ်လွှတ်ခဲ့မှုကို တောင်ကိုရီးယားဝေဖန်ရှုတ်ချ

**ဆိုးလ် ဇွန် ၉**

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းသည် မြောက်ကိုရီးယားနိုင်ငံက နောက်ဆုံးပြုလုပ်ခဲ့သည့် သင်္ဘောပစ်ဒုံးကျည်ပစ်လွှတ်မှုကို ကဲ့ရဲ့ရှုတ်ချကြောင်း ထုတ်ဖော်ကြေညာခဲ့ပြီး ၎င်းအနေဖြင့် တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားလုံခြုံရေးကိစ္စရပ်နှင့် ပတ်သက်၍ရှေ့လျှောက်မည်သည့် ညှိနှိုင်းမှုမျိုးကိုမျှ ဆောင်ရွက်တော့မည် မဟုတ်ကြောင်းကိုပါ ပြောကြားလိုက်ကြောင်း သိရသည်။

မြောက်ကိုရီးယားက ပြီးခဲ့သည့် ကြာသပတေးနေ့နံနက်ပိုင်းတွင် မြေပြင်မှ သင်္ဘောများအထိ ရောက်ရှိနိုင်သည့် ဒုံးကျည်များကို ပစ်လွှတ်ခဲ့ပြီးနောက် နာရီများစွာအကြာတွင် သမ္မတမွန်ဂျယ်အင်းကထိုသို့ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

# ဗြိတိန်ရွေးကောက်ပွဲတွင် လက်ရှိအာဏာရကွန်ဆာဗေးတစ်ပါတီ မဲအများစုမရရှိ

**လန်ဒန် ဇွန် ၉**

ဗြိတိန်နိုင်ငံ၌ ကြာသပတေးနေ့ကကျင်းပပြုလုပ်သည့် အထွေထွေရွေးကောက်ပွဲတွင် လက်ရှိအာဏာရပါတီဖြစ်သည့် ကွန်ဆာဗေးတစ်ပါတီသည် ပါလီမန်လွှတ်တော်၌ အင်အားအကြီးဆုံးအဖွဲ့တစ်ခုအနေဖြင့် ဆက်လက်ကျန်ရှိနေဦးမည်ဖြစ်သော်လည်း ရွေးကောက်ပွဲအတွင်း မဲအများစုကို ရရှိခဲ့ခြင်းမရှိကြောင်း ရွေးကောက်ပွဲရလဒ်များအရ သိရသည်။



ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ

မဲအရေအတွက်အားလုံးနီးပါးကို ရေတွက်ပြီးပြီဖြစ်ကာ လွှတ်တော်၏ရာထူးနေရာ ၆၅၀အနက် ၆၄၆ နေရာအတွက် ဆုံးဖြတ်ပြီးပြီဖြစ်သည်ဟုဆိုသည်။ မဲရလဒ်များအရ ကွန်ဆာဗေးတစ်ပါတီက ၃၁၅ နေရာကိုအနိုင်ရရှိထားပြီး အတိုက်အခံအလုပ်သမားပါတီက ၂၆၁ နေရာကိုအနိုင်ရရှိထားသည်ဟု ဖော်ပြခဲ့သည်။

စကော့အမျိုးသားပါတီသည် လွှတ်တော်၏ရာထူးနေရာ ၃၅နေရာကိုအခိုင်အမာရရှိထားပြီး လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက ၁၂ နေရာရရှိထားသည်။ ကွန်ဆာဗေးတစ်ပါတီသည် အကြိုရွေးကောက်ပွဲကာလအတွင်းကလွှတ်တော်၏ နေရာ ၃၃၀ ကိုရရှိထားရာမှ တစ်ဟုန်ထိုးကျဆင်းသွားခဲ့သည်။

လွှတ်တော်၏ ၃၂၆ နေရာကိုရရှိမှသာ မဲအများစုဖြင့်အနိုင်ရရှိမည်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းတွင် ယခုရွေးကောက်ပွဲသည် ဗြိတိန်၏ တတိယမြောက်ရွေးကောက်ပွဲကျင်းပမှုဖြစ်ပြီး မည်သူကအနိုင်ရရှိကြောင်း အခိုင်အမာပြောဆိုနိုင်ခြင်း မရှိသေးပေ။

ကွန်ဆာဗေးတစ်ပါတီအနေဖြင့် မဟာမိတ်အဖွဲ့ ဖွဲ့စည်းနိုင်ခြင်းရှိမရှိဆိုသည့်အချက်မှာစဉ်းစားဖွယ်အခြေအနေတစ်ရပ်ဖြစ်လျက်ရှိသည်။ ဗြိတိန်၏ရွေးကောက်ပွဲရလဒ်သည် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုအပေါ် သက်ရောက်မှုတစ်ခုဖြစ်လာနိုင်ဖွယ်ရှိနေကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**(အင်န်အိတ်ချ်ကေ)**

## ရတနာသိဒ္ဓိရွှေလာစေတီတော်နှင့် ငွေလာစေတီတော် ထီးတော်တင်လှူ

**ရန်ကုန် ဇွန် ၉**

ဘိုကလေးမြို့နယ် ကုံကော်တစ်ထောင်သာသနာ့နယ်မြေ၌ တည်ထားကိုးကွယ်သည့် ရတနာသိဒ္ဓိရွှေလာစေတီတော်နှင့် ရတနာသိဒ္ဓိငွေလာစေတီတော် ထီးတော်တင်လှူပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ (မဟာသမယအခါတော်နေ့) နံနက် ၉ နာရီ၌ ကျင်းပသည်။

ရှေးဦးစွာ ဘုရားဒါယကာ အလှူရှင် ရှင်ရဲထွဋ်ကုမ္ပဏီဥက္ကဋ္ဌ ဦးရဲထွဋ်နှင့် ဘုရားဒါယိကာမ ဒေါ်ဥမ္မာ(ခ)ဒေါ်မေပုလဲ မိသားစုတို့က ထီးတော်နှင့် ဌာပနာတော်များကို ပင့်ဆောင်၍ စေတီတော်များအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။ ထို့နောက် ကုံကော်တစ်ထောင်သာသနာပြုဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေလာသထံ အလှူရှင်မိသားစုက ထီးတော်နှင့် ဌာပနာတော်များကို ကပ်လှူပြီး လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး မင်္ဂလာအချိန်တွင် ရတနာသိဒ္ဓိရွှေလာစေတီတော်နှင့် ရတနာသိဒ္ဓိငွေလာစေတီတော် ထီးတော်များကို မင်္ဂလာရထားပုံဖြင့် တစ်ပြိုင်တည်း တင်လှူပူဇော်ကြသည်။ ထီးတော်တင်လှူပွဲအပြီးတွင် သံဃာတော်အရှင်သူမြတ်တို့က စေတီတော်နှစ်ဆူကို အနေကဇာတင်ပူဇော်ကြသည်။ **ကိုထွေး**

# ပျက်ကျသွားသည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်နှင့်ပတ်သက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် သက်ဆိုင်ရာမိသားစုများအား ထားဝယ်မြို့သို့ ပို့ဆောင်၊ ကျန်ရစ်သူမိသားစုများအတွက် အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၉

**ပင်လယ်ပြင်အတွင်း ပျက်ကျသွားသည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်နှင့်ပတ်သက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက် ညနေပိုင်းတွင် ဆယ်ယူရရှိသော ရုပ်အလောင်းများအား တပ်မတော်စစ်ရေယာဉ်များအနေဖြင့် လောင်းလုံမြို့နယ်အတွင်းရှိ စန်းလန်းကျေးရွာသို့ ပို့ဆောင်ပေးခဲ့ပြီးနောက် လိုအပ်သည့် ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများ ဆောင်ရွက်ရန် မော်တော်ယာဉ်များဖြင့် ထားဝယ်မြို့သို့ ဆက်လက်ပို့ဆောင်ခဲ့ရာ ဇွန် ၈ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။**

**အတည်ပြုနိုင်ခဲ့**

အဆိုပါ ရုပ်အလောင်းများအား ဥပဒေရေးရာ ဆေးပညာကျွမ်းကျင်သူများက ဆေးဘက်ဆိုင်ရာ စစ်ဆေးခြင်း၊ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ မိသားစုများက ကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပြီး ရုပ်အလောင်း ၁၆ လောင်းအား ရုပ်အမည်အတည်ပြုနိုင်ခဲ့သည်။

ရန်ကုန်မြို့၊ မြိတ်မြို့နှင့် ဘုတ်ပြင်းမြို့တို့မှ သက်ဆိုင်ရာ မိသားစုဝင်များအား ထားဝယ်မြို့သို့ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

ထို့နောက် ဆယ်ယူရရှိခဲ့သည့် ရုပ်အလောင်း ၃၁ လောင်းအနက် အမျိုးအမည်ခွဲခြားနိုင်ပြီး သက်ဆိုင်ရာမိသားစုများ ရောက်ရှိလာသည့် ရုပ်အလောင်းများအား ကျန်ရစ်သူမိသားစုဝင်များ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများက ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာနှင့်အညီ ယနေ့ မွန်းလွဲပိုင်းတွင် ကောင်းမွန်စွာသင်္ဂြိုဟ်ပေးခဲ့သည်။

**ဆယ်ယူရရှိ**

ယနေ့ဇွန် ၉ ရက်တွင် ပင်လယ်ပြင်အတွင်း ရာသီဥတုဆိုးရွားနေသော်လည်း တပ်မတော်(ရေ)မှ စစ်ရေယာဉ် ရှစ်စင်းနှင့် ဒေသခံငါးဖမ်းစက်လှေ အစင်း၂၀ စင်းတို့ ပူးပေါင်း၍ ဆိုနာစနစ်အသုံးပြု၍ ရှာဖွေခြင်း၊ ကျွမ်းကျင်ရေငုပ်စစ်သည်များဖြင့် ရှာဖွေခြင်းနှင့် ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေခြင်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ညနေ ၅ နာရီ ၄၅ မိနစ်တွင် အမျိုးသားရုပ်လောင်း တစ်လောင်းကို ထပ်မံဆယ်ယူရရှိပြီး ယနေ့အထိ စုစုပေါင်းရုပ်အလောင်း ၃၂ လောင်း ဆယ်ယူရရှိပြီးဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်သည် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ် မိုးအောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လင်းအောင်တို့နှင့်အတူ တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်၌ တာဝန်ထမ်းဆောင်ခဲ့သော အရာရှိ၊ စစ်သည်များ၏ ကျန်ရစ်သူမိသားစုဝင်များအား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်ရုံးခန်းမ၌ တွေ့ဆုံအားပေးစကား ပြောကြားပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့်ထောက်ပံ့ငွေများအားပေးအပ်သည်။ **(အပေါ်ယာပုံ)**

**ထောက်ပံ့ငွေများပေးအပ်**

အလားတူ ဇွန် ၈ ရက် မွန်းလွဲပိုင်းကလည်း ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းတပ်နယ်သို့ သွားရောက်၍ ပျက်ကျလေယာဉ်တွင် ပါရှိသွားသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ကျန်ရစ်သူ မိသားစုဝင်များအား နယ်မြေခံတပ်ညွှန့်ရိပ်သာ၌ တစ်ဦးချင်းစီတွေ့ဆုံ အားပေးစကားများ ပြောကြားပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် အရာရှိ၊ စစ်သည်၊ မိသားစုများက လှူဒါန်းသည့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

**အလှူရှင်များလှူဒါန်း**

ပျက်ကျခဲ့သော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါရှိသွားသည့် လေယာဉ်အမှုထမ်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စုစုပေါင်း ၁၂၂ဦးတို့ ၏ ကျန်ရစ်သူ မိသားစုများအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တို့တွင် စေတနာရှင် အလှူရှင်များက ထပ်မံလာရောက်လှူဒါန်းလျက်ရှိသည်။ **(အပေါ်ပုံ)**

**သိန်းပေါင်း ၄၃၁၅ သိန်းကျော်**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့သည့် ဦးသိန်းစိန်နှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက၊ ငွေကျပ် ၁၅၃ သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ရွှေစင်စကြာယာဉ်လိုင်းမှ ငွေကျပ် ၁၃၅ သိန်းကျော်၊ CB Bank မှ ငွေကျပ်သိန်း ၃၀၀၊ ရောဝတီဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၅၀၀၊ Bella Cosmetics မှ ငွေကျပ်သိန်း ၅၀၀၊ MY Associate Company မှ ငွေကျပ်သိန်း ၁၀၀၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ် မိုးအောင်နှင့် ညီအစ်ကိုမောင်နှမများက ငွေကျပ်သိန်း ၁၀၀၊ IGE Company မှ ငွေကျပ်သိန်း ၂၀၀၊ သီရိမဂ္ဂျူအုပ်စုကုမ္ပဏီနှင့် ဦးအောင်ခိုင် ဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၁၀၀၊ ကွန်းခိုရာဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၅၀၀၊ မီယာဝင်းအင်တာနေရှင်နယ်ကုမ္ပဏီမှ ငွေကျပ်သိန်း ၃၀၀ အပါအဝင် စေတနာရှင်အလှူရှင်များက စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၃၁၄၂ သိန်းကျော်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဒေါ်သီရိခိုင်မိသားစု(မန္တလေးမြို့)နှင့် စေတနာရှင် အလှူရှင်များက ငွေကျပ်သိန်း ၁၃၀ ကို ပေးအပ် လှူဒါန်းရာယနေ့ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် သိန်းပေါင်း ၄၃၁၅ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

ယနေ့အထိ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ်သိန်းပေါင်း ၅၆၈၁ သိန်းကျော်ဖြစ်ပြီး ယင်းအလှူငွေများအား သက်ဆိုင်ရာကျန်ရစ်သူမိသားစုများ လက်ဝယ်သို့ ဆက်လက်ပို့ဆောင် လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**







**ပင်လယ်ပြင်အတွင်း ပျက်ကျသွားသည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်နှင့်ပတ်သက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်**



# ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် Block A–6 အကဲဖြတ်တွင်း(ပြည်သစ်-၁)တူးဖော်

**ရန်ကုန် ဇွန် ၉**

ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် Block A – 6 ရေနက်ပိုင်းတွင် ပထမအကြိမ် အကဲဖြတ်တွင်းအဖြစ် (ပြည်သစ်-၁) တွင်းကို ဇွန် ၈ ရက်တွင် စတင်တူးဖော်ရန်အတွက် တူးဖော်ခြင်းအခမ်းအနား (Ceremonial Spud-in)ကို ကျင်းပခဲ့ကြောင်း သိရှိရသည်။

ယခုတူးဖော်သည့် ပြည်သစ်-၁ ကို ရေအနက် ၆၅၇၈ ပေ (၂၀၀၅ မီတာ) ခန့်တွင် တွင်းအနက်ပေ ၁၅၄၂၀ (မီတာ ၄၇၀၀)ခန့်အထိ တူးဖော်မည်ဖြစ်ပြီး နှစ်ပေါင်းငါးသန်းခန့် သက်တမ်းရှိ အဓိကသဲကြောများ၏ သဘာဝဓာတ်ငွေ့ ထုထည်ပမာဏနှင့် အလားအလာကို အကဲဖြတ်ရန်ဖြစ်ကြောင်း၊ ရခိုင်ကမ်းလွန်လုပ်ကွက် A- 6 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရန် MPRL E & P Pte Ltd. သည် ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားနိုင်သည့် PSC စာချုပ်တစ်ခုကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း၊ ကုမ္ပဏီသည် ၂၀၁၂ ခုနှစ် မတ်လမှစတင်ပြီး ပြည်သာရှာဖွေရေးတွင်းများကို တူးဖော်ခဲ့ရာ ပြည်သာရှာဖွေရေးတွင်း (Pyi Thar–1) မှတစ်ဆင့် သဘာဝဓာတ်ငွေ့တွေ့ရှိသည်ဟု ကြေညာနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် လုပ်ကွက် A- 6 တွင် ဒုတိယရှာဖွေရေးတွင်းအဖြစ် ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရွှေရည်ထွန်း-၁ ကို တူးဖော်ခဲ့ရာ သဘာဝဓာတ်ငွေ့ခိုအောင်းနေသည့် သဲကြောကြီးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ရွှေရည်ထွန်း-၁ တွင်းသည် မြန်မာနိုင်ငံ၏ ရေအနက်ဆုံး ရှာဖွေရေးတွင်းအဖြစ် စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

၎င်းပြည်သစ်အကဲဖြတ်တွင်း - ၁ ကို အောင်မြင်စွာ တူးဖော်နိုင်ပါက နောင်တွင် သဘာဝဓာတ်ငွေ့ကို ပြည်တွင်း၌ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ် ဖြန့်ဖြူးရောင်းချပေးနိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် အကျိုးများစွာ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မောင်တောမှ ဘင်္ဂလားဒေ့ရှ်သို့ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၆ သန်းခန့်တင်ပို့နိုင်

မောင်တော ဇွန် ၉

**မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုတွင် ယခုနှစ် မေလအတွင်း မောင်တောမှ ဘင်္ဂလားဒေ့ရှ်သို့ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၆ သန်းခန့် တင်ပို့နိုင်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်မှ မောင်တောသို့ သွင်းကုန်တင်သွင်းမှုမရှိကြောင်း မောင်တောမြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မောင်တောကုန်သွယ်ရေးစခန်းမှ သိရသည်။**



မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့ရန် ဆောင်ရွက်နေစဉ်

“မောင်တောက ဘင်္ဂလားဒေ့ရှ်ဘက်ကို အခုရက်အတွင်း ငါးသလောက်၊ ဆန်၊ ချင်း၊ ငါးခြောက်နဲ့ စားသောက်ကုန်တွေပို့တယ်။ နှစ်နိုင်ငံ ကုန်သွယ်မှုမှာ ဒီဘက်က ပို့ကုန်က ၉၀ ရာခိုင်နှုန်းလောက်ရှိတယ်။ ဘင်္ဂလားဒေ့ရှ်က ဝင်လာတာ ဒန်အိုးဒန်ခွက်နဲ့ ရေတံကင်တွေလောက်ပဲရှိတယ်”ဟု မောင်တောကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်စံသိန်းက ပြောသည်။

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုမှာ သာမန်အခြေအနေတွင် မောင်တောမှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ရေငန်ပုစွန်၊ ငါးခြောက်၊ ဝါးနှင့် အခြားပစ္စည်း ပို့ကုန် ၉၀ ရာခိုင်နှုန်းရှိသော်လည်း ဘင်္ဂလားဒေ့ရှ်ဘက်မှ မောင်တောသို့ သွင်းကုန်မှာ ဘိလပ်မြေ၊ ဒန်အိုးဒန်ခွက်နှင့် အဝတ်အထည် ပို့ကုန် ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း မောင်တောနယ်စပ် ကုန်သွယ်ရေးအသင်းမှ သိရသည်။

“တခြားနယ်စပ်တွေနဲ့ ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုက မတူဘူး။ ထိုင်းနဲ့ တရုတ်နိုင်ငံ နယ်စပ်တွေမှာ အဲ့ဒီဘက်က မြန်မာနိုင်ငံဘက်ကို သွင်းကုန်အနေနဲ့ တင်သွင်းမှုများတယ်။ ဘင်္ဂလားဒေ့ရှ်မှာက အထည်ချုပ်လုပ်ငန်းများတော့ ပို့ကုန်အနေနဲ့ ဆောင်ရွက်တာနည်းတာကိုတွေ့ရတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ သွင်းကုန်အနေနဲ့ ဒေါ်လာခြောက်သောင်းကျော်ပဲရှိတယ်”ဟု မောင်တောဒေသခံ ကုန်သည်တစ်ဦးက ပြောသည်။

နယ်စပ်ဒေသ ကုန်သွယ်မှုနှင့် စပ်လျဉ်းပြီး မောင်တောဒေသခံ ကုန်သည်တစ်ဦးက နယ်စပ်ဒေသတွင် ကုန်သည်အချင်းချင်း နားလည်မှုနှင့် အရောင်းအဝယ်လုပ်ကြပြီး ကုန်ပစ္စည်းရောင်းပြီးမှသာ ငွေချေကြကြောင်း ပြောသည်။

ဘင်္ဂလားဒေ့ရှ်မှ ကုန်ပစ္စည်းများသည် ရခိုင်ပြည်နယ် စစ်တွေနှင့် မောင်တောမြို့များမှ အဓိကဝင်ရောက်ပြီး မောင်တောမြို့မှာ ဘင်္ဂလားဒေ့ရှ်နှင့် အဓိကကုန်သွယ်မှုပြုရာ နယ်စပ်ဂိတ်ဖြစ်ကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးအသင်းမှ သိရသည်။

မောင်တော-ဘင်္ဂလားဒေ့ရှ်နယ်စပ် ကုန်သွယ်မှုတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၆၉ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၀၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၆၉သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၆၆ သန်းနှင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၄၂သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၂၇ သန်းရှိခဲ့ကြောင်း မောင်တောကုန်သွယ်ရေးစခန်းမှ သိရသည်။

မောင်တော-ဘင်္ဂလားဒေ့ရှ်နယ်စပ် ကုန်သွယ်မှုတိုးမြှင့်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သန်း ၆၀၀၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ထည့်ဝင်ငွေကျပ်သန်း ၄၀၀ စုစုပေါင်း ငွေကျပ်သန်း ၁၀၀၀ ဖြင့် မောင်တောမြို့ ကညင်ချောင်းတွင် ကုန်သွယ်ရေးဇုန်တစ်ခု တည်ဆောက်နေပြီး လက်ရှိအချိန်တွင် ပင်မရုံး၊ ကုန်လှောင်ရုံ၊ ဆိပ်ခံတံတားနှင့် ရုံးခန်းများ ဆောက်လုပ်ပြီးစီးနေပြီ ဖြစ်ကြောင်း မောင်တောဒေသခံ ကုန်သည်များထံမှ သိရသည်။

**သတင်း-မင်းသစ်** (MNA)
**ဓာတ်ပုံ-ရဲထွဋ်**

# ဒေသခံစက်လှေတစ်စင်းအား လူသုံးဦးက ခြိမ်းခြောက်၍ ပစ္စည်းများဖြုတ်ယူ

**နေပြည်တော် ဇွန် ၉**

မင်းပြားမြို့နယ် လောင်မီးကျေးရွာအနီးမြစ်အတွင်း ညအိပ်ရပ်နားထားသော စက်လှေတစ်စင်းအား လူသုံးဦးက ခြိမ်းခြောက်ကာ စက်ပစ္စည်းများ ဖြုတ်ယူမှု ယမန်နေ့နံနက် အစောပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြောက်ဦးမြို့ ဝသဲရပ်ကွက်နေ ဦးညွန့်သာအောင်သည် ယမန်နေ့နံနက် ၂ နာရီခန့်တွင် မင်းပြားမြို့နယ် လောင်မီးကျေးရွာအနီးတွင် စက်လှေအားရပ်၍ အိပ်နေစဉ် စက်လှေအနီးသို့ လှေတစ်စင်းကပ်လာပြီး လှေပေါ်ပါ လူသုံးဦးက တုတ်၊ ဓားလက်နက်များဖြင့် ခြိမ်းခြောက်၍ စက်လှေပေါ်ပါလာသည့် တရုတ်နိုင်ငံလုပ် ရေစုပ်စက်ငယ် တစ်လုံးနှင့် အင်ဂျင်စက်တစ်လုံး စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀ ခန့်တို့အား ဖြုတ်ယူသွားခဲ့သည်။

ဦးညွန့်သာအောင်သည် စက်လှေပေါ်မှ ရေထဲသို့ ခုန်ချလွတ်မြောက်ခဲ့ရာမှ မြောင်းဘွေရဲစခန်းသို့ တိုင်တန်းခဲ့ပြီး တာဝန်ရှိသူများက လိုက်လံရှာဖွေရာ စက်လှေအား ငပုဂ္ဂကျေးရွာအနီး မြစ်ထဲ၌ပြန်လည်တွေ့ရှိခဲ့ကြောင်းနှင့် တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘူးသီးတောင်၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

ဘူးသီးတောင်မြို့နယ် ကျောက်လှုပြင်ကျေးရွာလမ်း၌ စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိခဲ့မှု သတင်းကွင်းဆက်အရ မူးယစ်ဆေးဝါးရောင်းချသူတစ်ဦးအား ယမန်နေ့ မွန်းလွဲပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ယမန်နေ့ ညနေ ၃ နာရီခွဲခန့်က ဖရုံချောင်းကျေးရွာနေ ဒေါ်ဆာရာခါတူ၏ နေအိမ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ ခန့်မှန်း ကာလတန်ဖိုး ငွေကျပ်ခုနစ်သိန်းခွဲ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူက ဆင်ကိုသတ်၊ ဆင်က လူကိုသတ်၊ လူနှင့်ဆင် ပဋိပက္ခဖြစ်ပွား

**သပိတ်ကျင်း ဇွန် ၉**

လွန်ခဲ့သည့် မေလအလယ်က ဆင်မုဆိုးတို့၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် တောဆင်ရိုင်းတစ်ကောင် ဒဏ်ရာရရှိခဲ့ရာ တာဝန်ရှိသူများက ဆေးကုသပေးစဉ် သေဆုံးသွားခဲ့သည်။ အဆိုပါဒေသအတွင်း ဆင်ရိုင်းတစ်ကောင်၏ အန္တရာယ်ပြုမှုကြောင့် ယမန်နေ့က အမျိုးသမီးတစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် အုန်းတကူးကျေးရွာမှ ဒေါ်ကြည်ကြည်နှောင်း (၄၁ နှစ်)သည် သားဖြစ်သူ မောင်ကျော်ဇင်ဝင်း (၁၄ နှစ်)၊ အဖော်များနှင့်အတူ ဇွန် ၈ ရက်က ရွာ၏အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာ အင်းပျံတောင်တောထဲတွင် ဝါးခုတ်သွားရာမှအပြန် တောဆင်ရိုင်းနှင့်တွေ့ပြီး ထွက်ပြေးရာ ဒေါ်ကြည်ကြည်နှောင်းမှာ တောဆင်ရိုင်း အနင်းခံရပြီး အခင်းဖြစ်ရာတွင် သေဆုံးသွားခဲ့သည်။

“ဒီနှစ် မေလပိုင်းက ကျောက်ကြီးကျေးရွာနဲ့ အုန်းတကူး ကျေးရွာအနီးမှာ တောဆင်ရိုင်းတစ်ကောင်ကို ဆင်မုဆိုးတွေက သတ်ဖြတ်ခဲ့ပါတယ်။ ဆင်ဆိုတာ အမှတ်သညာကြီးတဲ့ သတ္တဝါတွေပါ။ အခုဆင်တွေက လူတွေကို ရန်သူတွေလို့ သတ်မှတ်ပြီး အန္တရာယ်ပေးတာပါ။ တောထဲမှာ သွားလာနေတဲ့ ဒေသခံတွေအနေနဲ့ ဆင်နဲ့လူ ပဋိပက္ခကြားမှာ အန္တရာယ်ကို သတိထားရှောင်ကွင်းဖို့ လိုအပ်ပါတယ်”ဟု ရွှေဥဒေါင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး ဦးစီးအရာရှိ ဦးဇန်လာအဲက ပြောပြသည်။

အဆိုပါဖြစ်စဉ်အား သပိတ်ကျင်းမြို့မရဲစခန်းမှ ရဲအုပ်မျိုးမင်းလွင်က သက်သေများနှင့်အတူ အခင်းဖြစ်ရာနေရာသို့ သွားရောက်ကြည့်ရှုပြီး ဒေါ်ကြည်ကြည်နှောင်း သေဆုံးမှုအား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# မောင်တောမြို့နယ် ရွာသစ်ကေကျေးရွာ ရာအိမ်မှူး အသတ်ခံရမှု ဆက်စပ်တရားခံဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဂေါ်ဒူသာရကျေးရွာအုပ်စု ရွာသစ်ကေကျေးရွာ၌ ဇွန် ၄ ရက် နံနက်ပိုင်းက ရာအိမ်မှူးတစ်ဦး အသတ်ခံရမှုနှင့်ပတ်သက်၍ ဆက်စပ်တရားခံအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရွာသစ်ကေကျေးရွာ ရာအိမ်မှူးအသတ်ခံရမှုတွင် ပါဝင်ပတ်သက်သူ တရားခံများအနက် ယင်းကျေးရွာနေ အဒူရော်ဟိန်းအား ဇွန် ၇ ရက် ညနေပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်နေ



တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Black Label၊ ပေါင်းသတ်ဆေး၊ လူသုံးကုန်ပစ္စည်းများနှင့် သယ်ဆောင်သည့်ယာဉ်

**နေပြည်တော် ဇွန် ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆၉ စီး၊ သွင်းကုန် ၆၁၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၈၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁၃ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၄၀၅ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈ ဒသမ ၄၀၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၈ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့်Yotong Express ယာဉ်အား ပဲခူးမြို့အထွက် တိုးဂိတ်အနီး၌ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ တားဆီးစစ်ဆေးခဲ့ရာ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Black Label (1×12) (60) Pkgs၊ ပေါင်းသတ်ဆေး (5× 4) (20) Pkgs၊ လူသုံးကုန်ပစ္စည်းများနှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄ ဒသမ ၈၅၈ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဦးကိုနီအားလုပ်ကြံမှုတွင် ပါဝင်ပတ်သက်သူ အောင်ဝင်းခိုင်အား ဖမ်းဆီးရမိရေး ရှာဖွေသူ ခြောက်ဦး အထူးခုံရုံးသို့ လာရောက်သက်သေခံထွက်ဆို



**ရန်ကုန် ဇွန် ၉**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုနှင့်ပတ်သက်၍ သေနတ်သမားကြည်လင်းပါ အောင်ဝင်းဇော်၊ အောင်ဝင်းထွန်း၊ ဇေယျာဖြိုးတို့အား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က မြောက်ပိုင်းခရိုင် အထူးခုံရုံးသို့ ရုံးထုတ်ခဲ့ပြီး ပါဝင်ပတ်သက်သူ ငါးဦးအနက် တရားခံပြေး အောင်ဝင်းခိုင်အား နေပြည်တော်တိုင်းဒေသကြီး၌ ရှာဖွေဖမ်းဆီးဆောင်ရွက်ခဲ့သူ ရဲတပ်ဖွဲ့ဝင် လေးဦး၊ အရပ်သက်သေ နှစ်ဦး၊ ပေါင်း ခြောက်ဦးတို့က မြောက်ပိုင်းခရိုင်အထူးခုံတရားရုံးသို့ လာရောက်သက်သေခံကြောင်းနှင့် ဇွန် ၁၆ ရက်တွင် ပြန်လည်ရုံးချိန်းစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အထူးခုံရုံးမှာ ပြီးခဲ့သည့်အချိန်က ညွှန်ကြားချက်စာပါအတိုင်း ရာဇဝတ်အထွေထွေပုဒ်မ ၂၀/၂၀၁၇ တရားခံပြေး အောင်ဝင်းခိုင်နှင့်ပတ်သက်ပြီး တရားခံဖမ်းဝရမ်းအား ပြည့်ပြည့်စုံစုံဆောင်ရွက်သည့် အခြေအနေတင်ပြချက်ကို အတည်ပြုခြင်းဖြစ်သည်။ နေပြည်တော်တိုင်းဒေသကြီးမှ မှုခင်းရဲတပ်ဖွဲ့ ဒုတိယရဲမှူးဌေးအောင်၊ ဇမ္ဗူသီရိမြို့နယ်အပိုင် နယ်ထိန်းရဲတပ်ကြပ်လှဌေး၊ ဒုတပ်ကြပ်ကျော်ဇောဝင်း၊ ဇေယျာသီရိရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မြ၊ ရွှေကြာပင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ နေပြည်တော်တိုင်းဒေသကြီး မှုခင်းရဲတပ်ဖွဲ့ မှုခင်းကြီးကြပ်မှုဌာနခွဲ တရားစွဲဌာနစုမှူး ရဲမှူးသန်းမြင့်ဇော်တို့က ဖမ်းဝရမ်းထုတ်သည့်အချိန်ကာလနှင့် ယခုဖမ်းဝရမ်းပူးတွဲညွှန်ကြားလွှာရရှိပြီး ကာလအတွင်း တရားခံပြေး အောင်ဝင်းခိုင်အား ရှာဖွေစစ်ဆေးမှု လုပ်ဆောင်ချက်အသေးစိတ်အား ခြောက်ဦး စလုံးက လျှောက်လဲချက်တင်ပြသွားခြင်းဖြစ်ကြောင်း၊ အထွေထွေအမှုအမှတ် ၂၀/၂၀၁၇ မူလထွက်ဆိုပြီးသော မင်နီသက်သေ ငါးဦးကို ဇွန် ၁၆ ရက်မှာ အသေးစိတ်ထပ်မံစစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်းဖြင့် ရုံးချိန်းလိုက်ကြောင်း မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး သတင်းနှင့်ပြန်ကြားရေးအရာရှိ ဦးရဲလွင်ထံမှ သိရသည်။

တရားခံအကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးအောင်ခိုင်က "ဒီကနေ့ ထူးခြားချက်က ရန်ကုန်တိုင်းတရားလွှတ်တော်က ခိုင်းထားတဲ့အတိုင်း မှုခင်းရဲတပ်ဖွဲ့က ကြိုးစားဆောင်ရွက်မှုတွေကို သက်သေခံသွားတာဖြစ်တယ်၊ ရဲမှူး၊ ဒုရဲမှူး၊ ရဲတပ်ကြပ်၊ ဒုတပ်ကြပ် လေးယောက်နဲ့ နေပြည်တော် ပရဆေးဥယျာဉ်အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးမှူး နှစ်ယောက်နဲ့ တရားခံပြေးရှာဖွေရာမှာ ပါရှိသူ ခြောက်ယောက်လုံးက သက်သေခံသွားတာမို့ ဒီနေ့စစ်ဆေးမှုအချိန်တော်တော်ကြာသွားပါတယ်၊ နေပြည်တော်မှာရှိတဲ့ အောင်ဝင်းခိုင်ရဲ့ရုံးခန်း၊ ပရဆေးဥယျာဉ်နဲ့ နယ်ခြားစောင့်ဂိတ်တွေမှာ စစ်ဆေးမှုတွေ ပြုလုပ်တဲ့အချက်တွေ သက်သေခံသွားတာပါ။ လာမယ့် ရုံးချိန်းမှာတော့ တရားခံပြေး ကြောင်း သက်သေခံထားတဲ့ ယခင်ငါးယောက်ကို စစ်မယ်လို့ တရားရုံးက မှာကြားလိုက်ပါ တယ်" ဟု ပြောသည်။

တရားလိုအကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးနေလက " မှုခင်းဖြစ်ပြီး နှစ်ရက်အလို ဖေဖော်ဝါရီလဆန်းမှာ တရားခံက နေပြည်တော်မှာ ရှိနေတယ်ဆိုတဲ့ အစတစ်စကို ယနေ့ဆွဲထုတ်လို့ ရတယ်။ မေ ၃၀ ရက်မှာ ရှာဖွေတဲ့ မှတ်တမ်းတွေကို ကြည့်တယ်။ CCTV ကိုလည်းကြည့်တယ်၊ ရှာတယ်။ CCTV Memory က ခြောက်ရက်ပဲခံတယ်။ အလိုအလျောက်လည်း ပျက်သွားနိုင်တယ်။ အဟောင်းကိုလည်း ရှာလို့မတွေ့နိုင်ဘူး။ ဒီတော့ မှတ်တမ်းကိုင်တဲ့ ရဲအရာရှိကို မေးဖို့လိုမယ်။ ကုမ္ပဏီဝန်ထမ်းကိုလည်း နောက်တိုးသက်သေထည့်ဖို့ လိုမယ်၊ နဂိုမူလစစ်ဆေးပြီးထားတဲ့သူကိုလည်း လာမယ့်ရုံးချိန်းမှာ စစ်မယ်လို့ သိရတယ်။ အမှုအတွက် တင်ပြသုံးသပ်ချက် ပြောဖို့ကတော့ စောပါသေးတယ်။ တရားခံကိုရှာဖွေသက်သေလည်းမစုံသေးဘူး။ ထွက်ဆိုချက်တွေကလည်း ကျန်သေးတယ်" ဟု ပြောသည်။

**သတင်းနှင့် ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)**

# အမွေကိစ္စဖြင့် စကားများရန်ဖြစ်ရာမှ လူသတ်တိမ်းရှောင်သွားသူကို ၂၄ နာရီအတွင်း ဖမ်းမိ

**ကျောက်ပန်းတောင်း ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သပြေကိုင်းနယ်မြေရဲစခန်းအပိုင် သစ်တိန်းကျေးရွာတွင် မောင်နှမချင်းအမွေကိစ္စစကားများရာမှ ဝင်ရောက်ဖျောင်းဖျပြောဆိုသည့် ယောက်ဖဖြစ်သူအား အသင့်ပါလာသည့် ဓားဖြင့်ထိုးသတ်ထွက်ပြေးသွားသူကို ကျောက်ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့စခန်းက ၂၄ နာရီအတွင်း ရှာဖွေဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃၁ ရက် ညနေ ၆ နာရီခွဲက သစ်တိန်းကျေးရွာအုပ်စု သစ်တိန်းကျေးရွာနေ အစ်မဖြစ်သူ ဒေါ်ကြည်မြင့်ထံ ၎င်း၏မောင်အငယ်ဆုံးဖြစ်သူ ဆန်းအောင်(ခ)သိန်းဝင်းက မိဘပိုင်နေအိမ်အား အမွေခွဲပေးရန် တောင်းရာမှ မောင်နှမချင်းတစ်ယောက်တစ်ခွန်းစကားများကြရာ ဒေါ်ကြည်မြင့်၏ အမျိုးသားဖြစ်သူ ဦးအောင်နိုင်ဦးက ဝင်ရောက်ပြောဆိုသဖြင့် စကားများလုံးထွေး သတ်ပုတ်ကြစဉ် ဆန်းအောင်(ခ)သိန်းဝင်းက လွယ်အိတ်ထဲတွင် အသင့် ပါလာသော ရှစ်လက်မခန့်ရှိ ဓားဦးချွန်ဖြင့် ထိုးသွင်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဓားဖြင့်တိုက်ခိုက်မှုကြောင့် ဦးအောင်နိုင်ဦးမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားကြောင်း သိရသည်။ ဆန်းအောင်မှာ အခင်းဖြစ်ပြီးနောက် ထွက်ပြေးတိမ်းရှောင်သွားသဖြင့် သေဆုံးသူ၏ဇနီးဖြစ်သူဒေါ်ကြည်မြင့်က သပြေကိုင်းနယ်မြေရဲစခန်းသို့ တိုင်တန်းသဖြင့် စခန်းမှူးရဲအုပ်သန်းဦးက အမှုဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူသတ်မှုကျူးလွန်သူ ဆန်းအောင်အား အမြန်ဆုံးဖမ်းဆီးရရှိရေးအတွက် ကျောက်ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ယာယီရဲမှူးအောင်ဝင်းနိုင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ညတွင်းချင်းလိုက်လံစုံစမ်းဖမ်းဆီးရာ ဇွန် ၁ ရက် နံနက် ၇ နာရီခွဲတွင် မိတ္ထီလာမြို့မှ ဖမ်းဆီးရမိခဲ့ကြောင်း သိရပြီး အဆိုပါ လူသတ်မှုကျူးလွန်သူအား ၂၄ နာရီအတွင်း ဖမ်းဆီးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**



# ခရီးသည်တင်ယာဉ်တစ်စီး မော်တော်ဆိုင်ကယ်အား ဝင်တိုက်မိ၍ နှစ်ဦးသေဆုံး

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်-မန်းကားလမ်းဟောင်းတွင် ဇွန် ၈ ရက် ည ၇ နာရီက ခရီးသည်တင်ယာဉ်တစ်စီးသည် တစ်ဖက်ယာဉ်ကြောအတွင်းလမ်း၌ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှလာသော ဆိုင်ကယ်အား ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ် မောင်းနှင်သူအပါအဝင် နောက်မှလိုက်ပါလာသူမှာ နေရာတွင် သေဆုံးခဲ့သည်။

နေပြည်တော်ယာဉ်မှုစစ်ဌာနမှ ရဲအုပ်သောင်းထိုက်ဦး ယာဉ်မှုစစ်ရုံးတွင် တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် နေပြည်တော် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအနီး ရန်-မန်းကားလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ရန်-မန်းလမ်း ဟောင်းမိုင်တိုင် ၂၅၀/၅ နှင့် ၂၅၀/၆ ကြားတွင် ဘောဂသီရိကားကွင်းဘက်မှ တပ်ကုန်းမြို့ဘက်သို့ ယာဉ်မောင်း မျိုးခိုင်(၃၀ နှစ် ) မုံအိုရွာ ဘုတလင်မြို့နယ်နေသူ မောင်းနှင်သော 9J/ ---- "ကောင်းကင်ယံ" ခရီးသည်တင်ယာဉ်သည် လားရာတူရှေ့မှ ယာဉ်တစ်စီးအား ဝဲဘက်မှ ကျော်တက်မောင်းနှင်စဉ် တစ်ဖက်ယာဉ်ကြောအတွင်း ရောက်ရှိကာ မျက်နှာချင်းဆိုင် တပ်ကုန်းဘက်မှ ဘောဂသီရိကားကွင်းဘက်သို့ နေမျိုးလင်း (၂၃ နှစ်) ကြို့ပင်ရွာ သစ်တပ်အုပ်စု ဇေယျာသီရိမြို့နယ်နေသူ မောင်းနှင်ပြီး နောက်မှ စိုးလင်း (၂၃ နှစ်) ကြို့ပင် ရွာသစ်တပ်အုပ်စု ဇေယျာသီရိမြို့နယ်နေသူ လိုက်ပါလာသော ဆိုင်ကယ်အား မျက်နှာချင်းဆိုင်မှ ဝင်ရောက်တိုက်မိခဲ့ရာ နေမျိုးလင်းနှင့် စိုးလင်းတို့မှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မြေပဲခင်းပေါင်းရှင်းနေစဉ် အမျိုးသမီးနှစ်ဦးမိုးကြိုးပစ်ခံရ

**နောင်ချို ဇွန် ၉**

နောင်ချိုမြို့နယ် ကြိမ်ဂနိုင်ကျေးရွာအုပ်စု ဆင်ထန်းစုကျေးရွာ၊ ကြိမ်ဂနိုင်ကျေးရွာနှင့် သပြေဝန်းကျေးရွာသို့သွားသော ကားလမ်းဘေးအနောက်ဘက်၌ ဇွန် ၇ ရက် ညနေ ၄ နာရီ ၁၀ မိနစ်ခန့်က ဆင်ထန်းစုကျေးရွာနေ ဦးဝင်းဗိုလ်၏ မြေပဲစိုက်ခင်း၌ ပေါင်းရှင်းနေသော ဒေါ်တင်ဝိုင်း (၄၈ နှစ်) ဆင်ထန်းစုကျေးရွာနှင့် တစ်ရွာတည်းနေ ဒေါ်အေးနိုင်(၃၉ နှစ်)တို့ နှစ်ဦးသည် ရုတ်တရက်မိုးရွာသွန်းပြီး လျှပ်စီးများလက်ကာ မိုးကြိုးပစ်ခံရ၍ မြေကြီးပေါ်သို့ လွင့်စဉ်ကျသွားပြီး ဒေါ်အေးနိုင်မှာ သတိလစ်သွားကာ ဒေါ်တင်ဝိုင်း၌ ဒဏ်ရာရရှိသွားကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သည်။

**စိုး၀င်း(နောင်ချို)**


**ဖခင် အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ လုံးကင်းရွှေကျောင်းအုပ်စု၊ နားတိုင်းဖန်ကျေးရွာနေ မဝေဝေလင်း၊ မငြိမ်းငြိမ်းသူ၊ မအေးမြသူတို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင်ထွန်း ၅/ဗမန(နိုင်) ၀၇၄၀၅၀ ဖြစ်ပါကြောင်း။ **ဦးမြင့်နိုင်ထွန်း**

**ဖခင်အမည်မှန်**

နောင်ချိုမြို့နယ် ဆမ္မဆယ်အထက တတိယတန်း(ခ)မှ မစုနဒီဦး၏ ဖခင်အမည်မှန်မှာ ဦးလှမျိုးထက်၊ စတုတ္ထတန်း(က)မှ မောင်ဝဿနချစ်သူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျောက်မဲခရိုင် မိုင်းလုံမြို့နေ ဦးစိုင်းနေထွန်း-ဒေါ်နန်းမိုးမိုးဦးတို့၏ သမီး ဘန့်ဘွေး အထက ဒုတိယတန်းမှ မရွှေနှင့်မခင်ခင်ထွေးမှာ တစ်ဦးတည်းဖြစ်ပါသည်။

**ပြောင်းလဲခေါ်ပါရန်**

နောင်ချိုမြို့နယ် ဆင်လန်းစုကျေးရွာ၊ ကြိမ်ဂနိုင်ကျေးရွာအုပ်စု ဦးခိုင်ဇော်လွင်- ဒေါ်သိန်းသိန်းဌေးတို့၏သား မောင်သန့်ထက်ဇော်အား မောင်အောင်ခန့်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

**အမည်ပြောင်း**

ဦးဂရမ်ရှလွယ်၏သမီး နောင်ချိုမြို့ အထက၊ န၀မတန်းမှ မဂျီးနန်အား မဂရမ်ဂျာဆိုင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**ကိုသူရအောင် ၇/ပမန(နိုင်)၁၇၆၉၅၁နှင့် အများသိစေရန်**

မြန်မာဇာလဖြန့်ဖြူးရေးကုမ္ပဏီလီမိတက် (ရန်ကုန်-၁၊ သဃ်န်းကျွန်းရုံးခွဲ) တွင် ရောင်း/မောင်း (Junior Sales/Drive)အဖြစ်ခန့်ထားသော ကိုသူရအောင် ၇/ပမန(နိုင်)၁၇၆၉၅၁သည် ကုမ္ပဏီပိုင်ခေါက်ဆွဲခြောက်များကို ဆိုင်(၁၀)ဆိုင်သို့ကြို တင်ရောင်းချရာမှရရှိသော စုစုပေါင်းငွေ ၁၃၈၀၀၀၀/-(တစ်ဆယ့်သုံးသိန်းရှစ်သောင်းကျပ်)ကိုကုမ္ပဏီသို့ပေးသွင်းခြင်းမပြုဘဲ ရှောင်တိမ်းနေပါသဖြင့် ခုနစ်ရက်အတွင်း ကုမ္ပဏီသို့ လာရောက်ရှင်းလင်းပါရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ရှင်းလင်းခြင်းမပြုပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုသူရအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်လတ်**
**မန်နေဂျင်းဒါရိုက်တာ**
**မြန်မာဇာလဖြန့်ဖြူးရေးကုမ္ပဏီလီမိတက်**
**အမှတ် ၅၀၊ လမ်းမတော်လမ်း၊**
**လသာမြို့နယ်၊ ရန်ကုန်မြို့**

**ကိုယ်စားလှယ်အမည်**
**ဦးဝင်းထင်**
**မန်နေဂျာ(ရန်ကုန်-၁)**
**၁၂/အလန(နိုင်)၀၁၆၉၆၉**
**မြန်မာဇာလဖြန့်ဖြူးရေးကုမ္ပဏီလီမိတက်**
**စံပြဆေးရုံလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

**အမြန်ရောင်းမည်**
**(တိုက်ကြီးမြို့)**

(၁) ၆၅၀ ပေ x ၇၀ ပေ - ၄၅၀ သိန်း
(၂) ၃၀၀ ပေ x ၆၀ ပေ - ၁၅၀ သိန်း
(နှစ်ကွက်တွဲလျက်)လုပ်ငန်းလုပ်ကိုင်ရန်အထူးကောင်းမွန်သည်။
(က)တိုက်ကြီးမြို့၊ဥပုံစုရပ်ကွက်၊ဥယျာဉ်ခြံမြေ(စလစ်) (ခ)ပါဝါမီတာပါ
(ဂ)အုတ်တိုင်များ စိုက်ပြီး(ဃ)သွပ်မိုးခြံစောင့်အိမ်အသေးတစ်လုံးပါသည်။
၀၉၄၂၈၆၁၉၃၈၂

**အမည်ပြောင်း**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်၁၀၈နေ ဦးခင်မောင်ဦး၏သမီး မဝင့်သက်ထားဦး ၁၂/သဃက(နိုင်)၁၇၈၂၅၁အား ယနေ့မှစ၍ မသွန်းထက်ထက်လင်းဟု ပြောင်းလဲခေါ်ပါရန်။
**မသွန်းထက်ထက်လင်း**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8F/1845 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖခင်အမည်မှန်**

ပြင်ဦးလွင်မြို့၊ အနီးစခန်း(အထက)၊ စတုတ္ထတန်းတွင် ဖြေဆိုအောင်မြင်ခဲ့သော မောင်ကောင်းမြတ်သူ(ခ)မောင်ကောင်းခမောင်၏ဖခင်အမည်မှန်မှာ ဦးမောင်မောင် ၉/မရတ (နိုင်)၁၁၅၉၅၅ ဖြစ်ပါသည်။
**ဦးမောင်မောင်**

**ဖခင်အမည်မှန်**

ရှမ်းပြည်မြောက်ပိုင်း၊ ကွမ်းလုံမြို့ (အထက)တွင် တက္ကသိုလ်ဝင်တန်း ဖြေဆိုခဲ့သော မလီယုံချွန်း၏ ဖခင်အမည်မှန်မှာ ဦးလောက်ရန်း ၁၃/ကလတ(နိုင်)၀၀၉၂၅၄ ဖြစ်ပါသည်။
**ဦးလောက်ရန်း**

**အမည်မှန်**

ဦးသိန်းစိုး-ဒေါ်လေးလေးမော်တို့၏သား ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၊ အထက (၁) အဋ္ဌမတန်းမှ မောင်အောင်မြင့်မြတ်၏ အမည်မှန်မှာ မောင်အံ့မော်သိန်းဖြစ်ပါသည်။ **မောင်အံ့မော်သိန်း**

**ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)**
**ဝါဆိုသင်္ကန်းကပ်လှူမည်**

(၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အမှတ် ၁၂၊ ပထမထပ်၊ စဉ့်အိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ အသင်းတိုက်တွင် ၁-၇-၂၀၁၇ရက်(စနေနေ့)နံနက် ၉း၀၀နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသူအသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဝါးခယ်မန္တယ်ဖွား သံဃာတော် ၁၄ပါးတို့အား နေ့ဆွမ်းဆက်ကပ်ပြီးတစ်ပါးလျှင် သင်္ကန်းတစ်စုံနှင့် ဝတ္ထုငွေ(၂၀၀၀၀/-) လှူဒါန်းပါမည်။

လှူဒါန်းလိုသူများသည် ဦးသန်းဌေး ဖုန်း-၀၉-၅၁၃၇၁၉၂၊ ဒေါက်တာခင်မောင်ကြိုင် ဖုန်း-၀၉-၅၀၄၉၀၂၂၊ ဒေါက်တာအေးအေးမြင့် ဖုန်း-၀၉-၅၀၀၆၈၅၂၊ အသင်းတိုက် ဖုန်း-၀၁-၂၂၆၅၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
**အမှုဆောင်အဖွဲ့**
**ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၆ယ/၂၈၆၃ Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစန်းအောင် ၁၄/ပသန(နိုင်)၁၀၁၀၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်)**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်မ၏သား မောင်ဝေယံဦးသည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။ **မိခင်-ဒေါ်ကျော့ကျော့စိန်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၇ယ/၈၀၁၁၉ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူဦးစန်းဝင်း ၁၄/ပသန(နိုင်)၀၃၅၈၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/3761 Honda Insight ZE2 Hatch Back(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးဝေဖြိုးအောင် ၅/ကလန(နိုင်)၀၇၃၃၇၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မြင်သာ)၊(ရန်ကုန်မြို့)**

**ဖခင်အမည်မှန်**

ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့ (အမက-မူလွန်)အင်းပိုင်း သတ္တမတန်းမှ မောင်ချစ်ကို၊ ပဉ္စမတန်းမှ မောင်ဝေယံကိုတို့၏ ဖခင်အမည်မှန်မှာ ဦးညြ ၁၀/ပမန(နိုင်)၁၃၇၁၀၉ ဖြစ်ပါသည်။ **ဦးညြ**

**ဖခင်အမည်မှန်**

ဒီပဲယင်းမြို့နယ်၊ သရက်ကန် အထက(ခွဲ) အဋ္ဌမတန်းမှ မနုယဉ်အေး၏ ဖခင်အမည်မှန်မှာ ဦးကြည်ဇော် ၅/မရန(နိုင်)၁၅၉၂၉၁ ဖြစ်ပါကြောင်း။ **ဦးကြည်ဇော်**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်3G-5101 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ယ/၃၇၈၉၉ Kenbo 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း၉/မနမ(နိုင်)၀၆၉၇၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

# အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၉

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲကို ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိ ဒဂုံ(မြောက်)အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ၁၀ မီတာ လေပစ္စတို၊ ၁၀ မီတာ လေရိုင်ဖယ်၊ ပစ်ခတ်စဉ်ပြိုင်ပွဲများဖြင့် အလွတ်တန်း လူသစ်တန်းခွဲ၍ အားကစားသမားတစ်ဦးလျှင် ပြိုင်ပွဲ နှစ်မျိုးယှဉ်ပြိုင်ခွင့်ရှိပြီး ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ဇွန် ၁၈ ရက် နောက်ဆုံးထား စာရင်းပေးသွင်းရန် ဖုန်း-၀၉-၄၉၂၉၄၅၅၊ ၀၉-၇၆၆၂၅၂၅၆၊ ၀၉-၇၉၈၃၂၈၅၁၆ များသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# မြန်မာအမျိုးသားဟော်ကီအသင်း ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်

ရန်ကုန် ဇွန် ၉

မြန်မာအမျိုးသားဟော်ကီအသင်းသည် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး အောင်မြင်မှုရရန် အပြီးသတ် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာအမျိုးသား ဟော်ကီအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်ရယူနိုင်သည့် အားကစားနည်းဖြစ်ပြီး ယခုနှစ်တွင်လည်း အောင်မြင်မှုပိုမိုရရှိရန်အတွက် ပါကစ္စတန်နိုင်ငံသားနည်းပြဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာအမျိုးသားဟော်ကီအသင်းကို ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားပြီး ပြိုင်ပွဲမတိုင်မီ ပြည်ပနိုင်ငံတစ်ခု၌ သွားရောက်လေ့ကျင့်ကာ လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ "၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲ အပြီးမှာ လူငယ်ကစားသမားအများစုနဲ့ ပြန်လည်ဖွဲ့စည်းခဲ့ပေမယ့် ပါကစ္စတန်လူမျိုးနည်းပြကို ခန့်အပ်ပြီးတဲ့အချိန်မှာ လူငယ်ကစားသမားတွေနဲ့ပဲ ယှဉ်ပြိုင်ဖို့ မဖြစ်နိုင်တာကြောင့် စီနီယာကစားသမားတွေကို ပြန်လည်ရွေးချယ်ခဲ့ပါတယ်။"




မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစောလုလုထော်

"အခု လက်ရှိအသင်းမှာ ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့တဲ့ ကစားသမားအများစု ပါဝင်လာပါတယ်။ ဆီးဂိမ်းအတွက် ပြင်ဆင်တဲ့အနေနဲ့ ဧပြီလမှာ မလေးရှားနိုင်ငံသို့ စေလွှတ်လေ့ကျင့်စေခဲ့ပြီး လက်ရည်စမ်းပွဲ ၂၀ လောက် ကစားခဲ့ပါတယ်။ ပြိုင်ပွဲမတိုင်ခင် တရုတ်နိုင်ငံမှာ ထပ်မံလေ့ကျင့်ဖို့ စီစဉ်ထားပါတယ်။ အဆင်မပြေခဲ့ရင်တော့ တခြားနိုင်ငံကို သွားမှာပါ။ ဇူလိုင်လထဲမှာ သွားရောက်ဖို့စီစဉ်ထားပြီး လက်ရည်စမ်းပွဲတွေ အများကြီးကစားမှာပါ"ဟု မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစောလုလုထော်က ပြောကြားသည်။

မြန်မာအမျိုးသား ဟော်ကီအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ၂၀၁၃ နှင့် ၂၀၁၅ ပြိုင်ပွဲ နှစ်ကြိမ်ဆက်တိုက် ကြေးတံဆိပ်ရရှိထားပြီး ယခုအကြိမ် ပိုမိုအောင်မြင်ရန် ကြိုးပမ်းလျက်ရှိသည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဦးစောလုလုထော်က "အမျိုးသားအသင်းကို အများကြီး မျှော်မှန်းထားပါတယ်။ ဒါကြောင့်လည်း ပြိုင်ပွဲအကြိုပြင်ဆင်မှုတွေ သေချာပြုလုပ်နေတာပါ။ ပြီးခဲ့တဲ့နှစ်ကြိမ်တုန်းက ကြေးတံဆိပ်ရခဲ့တဲ့အတွက် ဒီတစ်ကြိမ်မှာတော့ အရင်ထက်ပိုပြီး မြင့်မားတဲ့အောင်မြင်မှု ရချင်ပါတယ်။ အနိမ့်ဆုံးဗိုလ်လုပွဲတက်ရောက်နိုင်အောင် ကြိုးစားသွားမှာပါ။ အိမ်ရှင်မလေးရှားအသင်းကတော့ ကမ္ဘာ့အဆင့် ၁၁ လောက်မှာရှိတဲ့အတွက် တော်တော်ကြိုးစားရမှာပါ၊ အဖွဲ့ချုပ်တွေကို ပြန်လည်ဖွဲ့စည်းတဲ့အချိန်မှာ ကျွန်တော်က ဥက္ကဋ္ဌအနေနဲ့ ရွေးချယ်ခံခဲ့ရပါတယ်။ အားကစားနည်း တော်တော်များများက မျိုးဆက်သစ် ကစားသမားရှားပါးမှုပြဿနာနဲ့ ရင်ဆိုင်နေရတာကြောင့် ကျွန်တော်တို့ကလည်း လူငယ်ကစားသမားတွေ ထွက်ပေါ်လာဖို့ အဖွဲ့ချုပ်နဲ့နီးတဲ့ အခြေခံပညာကျောင်းတွေမှာ စည်းရုံးမှုတွေ ပြုလုပ်နေပါတယ်။ဒါပေမယ့် ကျွန်တော်တို့မှာ ဟော်ကီကွင်းက တစ်ကွင်းပဲရှိပါတယ်။ ဒါကြောင့် နောက်ထပ်ကွင်းသစ်တစ်ကွင်း တည်ဆောက်နိုင်ဖို့ ကျွန်တော် ကြိုးပမ်းနေပါတယ်။ လူငယ် ကစားသမားတွေ ထွက်ပေါ်လာဖို့က ကျောင်းတွေမှာ အားကစားနည်းအလိုက် လေ့လာလိုက်စားဖို့လိုပြီး ကစားသမားတွေ အားကစားတစ်ခုတည်းအပေါ် စိတ်ပါဝင်စားစွာ ကြိုးစားကစားနိုင်ဖို့ကတော့ မိသားစုစားဝတ်နေရေးအဆင်ပြေဖို့လိုပါတယ်။ ကျွန်တော်တို့ အဖွဲ့ချုပ်အနေနဲ့လည်း အသင်းတွေ အောင်မြင်အောင် လုပ်ဆောင်တဲ့နေရာမှာ ငွေကြေးသုံးစွဲရမှုတွေ ရှိပါတယ်။ ကစားသမားတွေရဲ့နေထိုင်စားသောက်စရိတ်တွေ၊ နိုင်ငံတကာမှာ သွားရောက်လေ့ကျင့်တဲ့နေရာမှာ ကုန်ကျစရိတ်တွေ ရှိပါတယ်။ နိုင်ငံတော်က လိုအပ်တဲ့အပိုင်းမှာ ထောက်ပံ့ပေးထားသလို ကျန်တဲ့ကုန်ကျစရိတ်ကို ကျွန်တော်က စိုက်ထုတ်သုံးစွဲနေပါတယ်"ဟု ပြောသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွှန့်**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ



- မက်ဆီသည် ၎င်း၏ကျန်ရှိနေသော ကစားသမားဘဝကို ဘာစီလိုနာ၌သာ ကုန်ဆုံးချင်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အသက် (၂၉)နှစ်ရှိ မက်ဆီသည် ဘာစီလိုနာသို့ အသက်(၁၃)နှစ်အရွယ်တွင် ရောက်ရှိလာသူဖြစ်ပြီး ပထမအသင်းနှင့် ပွဲဦးထွက်ကို အသက် (၁၇)နှစ်အရွယ်တွင်စတင်ခဲ့ကြောင်း၊ လက်ရှိတွင် ဘာစီလိုနာအသင်းအတွက် ဂိုး ၅၀၀ ကျော် သွင်းယူပေးထားကြောင်းလည်း ဘီဘီစီသတင်း၌ ဖော်ပြထားသည်။
- လက်စတာစီးတီးအသင်းသည် ၎င်းတို့၏ ယာယီနည်းပြဖြစ်သော ရှိတ်စပီးယား (၅၃)နှစ်ကို သုံးနှစ်စာချုပ်ဖြင့် အမြဲတမ်းမန်နေဂျာအဖြစ် ခန့်အပ်လိုက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။
- အေစီမီလန်အသင်းသည် ဝုဖ်ဘတ်အသင်းမှ ရီကာဒိုရိုဒရီဂွက်ဇ်ကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ကြောင်း သိရသည်။ ၎င်းသည် အေစီမီလန်အသင်း၏ သုံးယောက်မြောက်ခေါ်ယူစာချုပ်သော ကစားသမားဖြစ်လာကြောင်း သိရသည်။
- အင်္ဂလန် ယူ-၂၀ အသင်းသည် ဇွန် ၈ ရက်က ကစားခဲ့သည့် ဆီမီးဖိုင်နယ်တွင် အီတလီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ကြောင်း သိရှိရသည်။ ဗင်နီဇွဲလား ယူ-၂၀ အသင်းသည်လည်း ဆီမီးဖိုင်နယ်တွင် ဥရုဂွေးအသင်းကို ပွဲချိန်အတွင်း တစ်ဂိုးစီသရေဖြစ်နေ၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူရာ လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ယူ-၂၀ ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရှိရသည်။
- ဂျာမန်ကလပ် ဒေါ့မွန်အသင်းသည် ဖရိုင်းဘတ်အသင်းမှ ဂျာမနီ ယူ-၂၁ လက်ရွေးစင် ကွင်းလယ်ကစားသမား ဖီးလစ်(၂၃)နှစ်ကို ယူရို သန်း ၂၀ ဝန်းကျင်ဖြင့် ခေါ်ယူစာချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။ ၎င်းသည် ဒေါ့မွန်အသင်း၏ လေးယောက်မြောက် ခေါ်ယူစာချုပ်နိုင်ခဲ့သော ကစားသမားဖြစ်ကြောင်း သိရှိရသည်။

ဇော်ဇော်


**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်**
**စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| (က) | ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ | 50 Items |
| (ခ) | အသံလွှင့်လုပ်ငန်းသုံးပစ္စည်းများ | 19 Items |
| (ဂ) | ရုံးလုပ်ငန်းသုံးပစ္စည်းများ | 4 Items |
| (ဃ) | တူရိယာပစ္စည်းများ | 10 Items |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၆-၂၀၁၇ရက်မှ ၂၆-၆-၂၀၁၇ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၆-၂၀၁၇ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင်လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်း အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

**Regional TVET Conference 2017တွင် ပါဝင်မည့်ပြပွဲ Exhibition အတွက် Sponsorship**
**အလှူငွေများ ပေးအပ်နိုင်ပါရန်နှင့် ပါဝင်ပြသနိုင်ပါရန် ဖိတ်ခေါ်ခြင်း**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာ ဦးစီးဌာနမှ နည်းပညာနှင့်သက်မွေးပညာနှီးနှောဖလှယ်ပွဲ (TVETConference) ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပြပွဲ Exhibition ပါ ပူးတွဲပြုလုပ်မည်ဖြစ်ပါသည်။

နည်းပညာနှင့် သက်မွေးပညာ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးသင်ထောက်ကူပစ္စည်းများအား တင်သွင်းထုတ်လုပ်ဖြန့်ဖြူးသူများ၊ နည်းပညာနှင့် အင်ဂျင်နီယာ ကောလိပ်များ၊ သိပ္ပံများ၊ နည်းပညာနှင့် သက်မွေးပညာရပ်များနှင့် သက်ဆိုင်ပတ်သက်သော ကုမ္ပဏီ အဖွဲ့အစည်းများအနေဖြင့် ပြခန်းများ ပါဝင်ခင်းကျင်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

လူကြီးမင်းတို့၏ လုပ်ငန်းဌာနအဖွဲ့အစည်းများအနေဖြင့် အဆိုပါပြပွဲကြီးတွင် Sponsor အလှူငွေများ ပေးအပ်နိုင်ပါရန်နှင့် ပါဝင်ခင်းကျင်းပြသနိုင်ရန်အတွက် မေတ္တာရပ်ခံဖိတ်ခေါ်အပ်ပါသည်။

**ကျင်းပမည့်အချိန် - ၂၀၁၇ ခုနှစ်၊ ဇွန်လ(၁၃)ရက်မှ (၁၄)ရက်နေ့အထိ**
**ကျင်းပမည့်နေရာ - အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II)၊ နေပြည်တော်**
**ဆက်သွယ်ရန် - ဒေါ်လှဲ့လှဲ့ထွန်း။ ဒေါ်ဟေသီမိုး။ မန္တလေးနည်းပညာကုမ္ပဏီ**
**အဆောင်(၁၁)၊ အခန်း(၅၀၄)၊ MICT Park လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၆၅၂၂၈၅~၈၆၊ ၀၉-၉၇၇၂၀၀၁၂၄**

MANDALAY technology
Technologies for Development
မှပံ့ပိုးစီစဉ်သည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)မှထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၉-၆-၂၀၁၇ရက်မှ ၁၅-၆-၂၀၁၇ ရက်ထိ နေ့စဉ် (၉း၃၀နာရီမှ ညနေ ၄ နာရီ)အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၁၅-၆-၂၀၁၇ရက် ညနေ ၄ နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့**

**၅-၆-၂၀၁၇ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ(၁၉)ပါ ဒေါ်ရူကီယာဘီ(ခ)ဒေါ်နွယ်နွယ်စိုး ၁၀/မလမ(နိုင်)၁၅၁၈၅၀ ၏ ရှေ့နေ ဦးတင်မောင်ဝင်း(LL.B) စဉ်(၁၀၉၃၀)၏ ကြေညာချက်သည် မှန်ကန်မှုမရှိကြောင်းနှင့် မဟုတ်မမှန်ဖော်ပြကြေညာထားသော ကြေညာခြင်းသာဖြစ်ကြောင်းဖြစ်ရပ်မှန်ကို အများပြည်သူသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာချက်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ၂၈ လမ်း(အလယ်)၊ အမှတ်၁၃၈၊ မြေညီထပ်နေ ဦးသန်းဝင်း TKA-080741 ကိုင်ဆောင်သူ သန်းဝင်း မျက်မှန်နှင့် မျက်မှန်ပစ္စည်းရောင်းဝယ်ရေးဆိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ အထက်ဖော်ပြပါဆိုင်ခန်းကို ဦးသန်းဝင်းသည် မိမိတစ်ဦးတည်းအမည်ဖြင့် စာချုပ်စာတမ်းချုပ်ဆို၍ ငှားရမ်းလုပ်ကိုင်လာခဲ့ခြင်းဖြစ်ပါသည်။ ဆိုင်ခန်းနှင့်ပစ္စည်းများသည် ဦးသန်းဝင်း တစ်ဦးတည်းပိုင်ပစ္စည်းများဖြစ်ပါသည်။ ဦးသန်းဝင်းသည် ဒေါ်ရူကီယာဘီ(ခ)ဒေါ်နွယ်နွယ်စိုးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် အစ္စလာမ်တရားဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့်အညီ သွာလာက်များပေး၍ တရားဝင် ကွာရှင်းထားသောသူဖြစ်ပါသည်။ဒေါ်ရူကီယာဘီ(ခ)ဒေါ်နွယ်နွယ်စိုးသည် အဆိုပါ ဆိုင်နှင့်ပစ္စည်းများကို မည်သည့်အချိန်ကမှ လက်ရှိမဖြစ်ခဲ့ပါ။ ဦးသန်းဝင်းကသာလျှင် လက်ရှိပိုင်ဆိုင်သောဆိုင်ခန်းနှင့် ဆိုင်ခန်းအတွင်းရှိပစ္စည်းများနှင့် ငွေများကို ဒေါ်နွယ်နွယ်စိုးသည် ၉-၄-၂၀၁၇ ရက်နှင့် ၈-၅-၂၀၁၇ ရက်များတွင် ၎င်း၏ အပေါင်းပါတစ်စုဖြင့် ဦးသန်းဝင်း ခတ်ထားသောသော့များကို ရိုက်ချိုးဝင်ရောက်၍ ငွေသား သိန်း(၂၅၀)နှင့် မျက်မှန်ပစ္စည်းများကို ယူဆောင်သွားပြီး ၎င်း၏သော့များကို အဆိုပါ ဆိုင်တွင် ခတ်သွားခဲ့ခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ဦးသန်းဝင်းက ဒေါ်ရူကီယာဘီ(ခ)ဒေါ်နွယ်နွယ်စိုးအပေါ်သို့ ပန်းဘဲတန်း မြို့မရဲစခန်းတွင် (ပအမှတ်-၁၃၅/ ၂၀၁၇)၊ ရာဇသတ်ကြီးပုဒ်မ-၃၈၀ ဖြင့် အမှုဖွင့်ထားရာ ရဲစခန်းက အရေးယူဆောင်ရွက်နေစဲကာလတွင် မတော်မတရားအကြံအစည်ဖြင့် ဒေါ်နွယ်နွယ်စိုးသည် ဖြစ်ရပ်မှန်များကိုဖုံးကွယ်ထားပြီး ရှေ့နေများကို မမှန်မကန်ညွှန်ကြားချက်များကိုပေး၍ သတင်းစာများမှတစ်ဆင့် မဟုတ်မမှန်၊ မမှန်မကန် ကြံစည်ကြေညာနေခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် နောင်ဖြစ်ပေါ်လာမည့် ကိစ္စအရပ်ရပ်သည် ဒေါ်ရူကီယာဘီ(ခ)ဒေါ်နွယ်နွယ်စိုး၏ တာဝန်သာဖြစ်ပါသည်။ သို့ဖြစ်၍ ဒေါ်ရူကီယာဘီ (ခ)ဒေါ်နွယ်နွယ်စိုးအား ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးသန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်လတ်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၂၉)**
**အမှတ် ၅၅၊ အခန်း ၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**မေတ္တာနန္ဒသာသနာ့ကောလိပ်**
**ဝင်ခွင့်လျှောက်ထားနိုင်ခြင်း**

ငါးကျမ်းပြန်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မပိယ Ph.D (USA) ပါမောက္ခ မဟာဌာနမှူး(ITBMU)ကြီးမှူးဖွင့်လှစ်သော ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဒီပလိုမာနှင့် B.A သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်၍ ဇွန် ၁၈ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၉၅၄၄၆၂၇၆၊ ၀၉-၇၇၉၇၄၁၈၆၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ငှားမည်**

၁။ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ (မဟာဗန္ဓုလလမ်းမအနီး) (၂၅ပေ ×ပေ ၆၀)အကျယ်ရှိ၊ (၃)ထပ် (ဒါဘာပါ) လုံးချင်းတိုက်တစ်လုံး။

၂။ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ ရှောင်လမ်းမပေါ်၊ (ကိုကာကိုလာစက်ရုံရှေ့)၊ (၆၅ပေ× ၈၅ပေ)မြေပေါ်တွင် (၃၅ပေ×၂၄ပေ)အကျယ်ရှိ နှစ်ထပ်တိုက်တစ်လုံးနှင့် (၂၇ပေ×၂၇ပေ)အကျယ်ရှိ တစ်ထပ်တိုက်တစ်လုံး ငှားမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၄၃၁၁၉၂၅၆၊ ၀၉-၇၃၁၁၉၂၅၆**

**အမှားပြင်ဆင်ချက်**

၂၀၁၇ ခုနှစ်၊ဇွန်လ(၉)ရက်နေ့ထုတ် ကြော်ငြာစာမျက်နှာ ၂၅ တွင် ပါရှိသော Regional TVET Conference 2017 ကြော်ငြာတွင် ကျင်းပမည့်အချိန်ကို-၂၀၁၇ ခုနှစ်၊ဇွန်လ(၁၃)ရက်မှ(၁၄)အထိဟုပြောင်းလဲဖတ်ရှုပေးပါရန်။

**မွေးသက္ကရာဇ်အမှန်**

ဖားကန့်မြို့နယ်၊ မလန်း ကျေးရွာနေ ဦးမောင်သန်းစိန် ၉/လဝန(နိုင်) ၀၂၉၅၅၁ ၏သမီး မလန်းဘုန်းတော်ကြီး သင်ပညာရေးကျောင်း တက္ကသိုလ်ဝင်တန်းမှ မလှလှသန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၆-၂၀၀၂ ဖြစ်ပါကြောင်း။ **မလှလှသန်း**

**မွေးသက္ကရာဇ်အမှန်**

ဖားကန့်မြို့နယ်၊ မလန်းကျေးရွာ နေ ဦးစိုးဝင်း ၉/လဝန(နိုင်)၀၉၀၉၀၇၏ သမီး မလန်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တက္ကသိုလ်ဝင်တန်းမှမခင်ခင်စိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၇-၂၀၀၁ ဖြစ်ပါကြောင်း။ **မခင်ခင်စိုး**

**ဖခင်အမည်မှန်မှာ**

ဦးမိုးအောင်၏သား သံဖြူဇရပ်မြို့၊ အထက(၁)န၀မတန်းမှ မောင်စိုးမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးမိုးမောင် ၃/ကဆက (နိုင်)၀၃၂၁၁၅ ဖြစ်ပါကြောင်း။ **ဦးမိုးမောင်**

**ဖခင်အမည်မှန်**

ဦးမောင်မြင့်၏သမီး သံဖြူဇရပ်မြို့နယ်၊ ကရုပိုကျေးရွာ အထက တက္ကသိုလ်ဝင်တန်းမှ မဆောင်းနှင်းပွင့်၏ ဖခင်အမည်မှန်မှာ ဦးမြင့် ၁၀/သဖရ(နိုင်)၀၃၉၀၁၂ ဖြစ်ပါကြောင်း။ **ဦးမြင့်**

**အမည်မှန်နှင့် ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်ချဉ် အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မဆွေဇင်အေး၏ အမည်မှန်မှာ မရွှေဇင်အေးဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးအောင်စန်း၈/စလန(နိုင်)၂၁၄၈၉၈ ဖြစ်ပါသည်။ **ဦးအောင်စန်း**
**မရွှေဇင်အေး**

**ဖခင်အမည်မှန်**

စဉ့်ကူးမြို့နယ်၊ လက်ပန်လှကျေးရွာ (အထက)၊ တက္ကသိုလ်ဝင်တန်း (A) မှ မောင်နိုင်းကိုကိုနှင့် တက္ကသိုလ်ဝင်တန်း (D)မှ မောင်နိုင်းညီညီတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင် ၉/စကန(နိုင်) ၀၃၈၈၆၄ ဖြစ်ပါကြောင်း။**ဦးမောင်မောင်**

**အမည်မှန်**

ဦးမျိုးခိုင် ၉/ပမန(နိုင်)၁၃၆၅၈၀ ၏သမီး ဇေယျာသီရိမြို့နယ်၊ ကျည်တောင် အထက(၁၆) တက္ကသိုလ်ဝင်တန်းမှ မစန်းစန်း၏အမည်မှန်မှာ မစန်းစန်းခိုင် ဖြစ်ပါကြောင်း။ **မစန်းစန်းခိုင်**
**၉/ဇယသ(နိုင်)၀၁၁၁၃၄**

# ဘူးသီးမှ အရိုးတော်

## ကြည်လွင်မြင့်(မုံရွာ)

ဘူးသီးမှ အရိုးတော်ဟူသောစကားသည် မြန်မာစကားပုံတွင် အသုံးများသော စကားပုံ တစ်ခုဖြစ်သည်။ အဖေ၏နှမကို မြို့တွင် အဒေါ် (သို့မဟုတ်) ဒေါ်လေးဟု ခေါ်ကြသည်။ ရှေးက တောရွာများတွင် အရီးဟုခေါ်သော အသုံးအနှုန်းသည် ယခုအခါ သိပ်မသုံးကြတော့ပါ။ အဒေါ်နှင့်အတူတူပင်ဖြစ်သည်။ စကားပုံ၏ ဆိုလိုရင်းမှာ ယခင်က မခေါ်မပြော လျစ်လျူရှုထားသည့်အဒေါ် (အရီး) ကို သူ့အိမ်က ဘူးခင်းတွင် ဘူးသီးများတွေ့မှ ဆွေမျိုးစပ်ပြီး အရီးတော်ချင်လာသည်ဟု ဆိုလိုသည်။ ကျေးလက်ဓလေ့လည်း ပေါ်လွင်၊ လူတို့၏ အလိုရှိမှ ချဉ်းကပ်သည့်အကျင့်ကိုလည်း ထောက်ပြသည့်စကားပုံဖြစ်သည်။

ဘူးသီးနှင့်ပတ်သက်သော မြန်မာစကားပုံနှင့် ဆိုရိုးများစွာရှိသည်။

- ဘူးကောင်းလျှင် စင်ခံ၊ လင်ကောင်းမှ စံရ၊
- ဘူးတစ်လုံးဆောင် အိုအောင် မဆင်းရဲ၊
- ဘူးလေးရာ ဖရုံဆင့်၊
- ဘူးတောင်းနစ် စောင်ခြမ်းပေါ်

စသည့် စကားပုံများစွာ ရှိသည်။

စာရေးသူငယ်စဉ်က ဘူးသီးကြော် အလွန်ကြိုက်သည်။ စာရေးသူတို့၏ဇာတိ ဥက္ကံမြို့ငယ်လေးမှာ မြို့လယ်တွင် တစ်ဖာလုံပတ်လည်ခန့်ကျယ်သည့် ကန်ကြီးတစ်ခုရှိသည်။ ထိုကန်မှ ရေကို သောက်သုံးရေအဖြစ် တစ်မြို့လုံးက သောက်သုံးကြသည်။ ညနေစောင်းပြီဆိုလျှင် ကန်ပေါင်ရိုးတွင် ရေထမ်းသမားများ၊ ရေစည်လှည်းများအပြင် အဝတ်အစားလှပစွာဝတ်ဆင်ထားသည့် ဥက္ကံသူအပျိုချောများသည် ရေအိုးကိုယ်စီဖြင့် ရေခပ်ဆင်းကြသည်။

ကန်ပေါင်စောင်းတွင် တဲငယ်လေးများဖြင့် ဘူးသီးကြော်ဆိုင်များရှိသည်။ ထိုင်စရာ စားပွဲခုံ အဝိုင်းလေးများတွင် အချဉ်ရည်မြေအိုးငယ်များ ချထားသည်။ ဘူးသီးကြော်ကို တို့စားစရာ အချဉ်ရည်အဖြစ် အနှစ်တိုက်ထားသော မန်ကျည်းမှည့်အရည်နှင့် ချင်း၊ ငရုတ်သီးအနည်းငယ်၊ ဆားလှော်အနည်းငယ်ထောင်းထည့်ထားသည်။ အချဉ်ရည် ချည်းမဟုတ် နံနံပင်ပါ အစည်းလိုက်ချပေးထားသည်။

ထိုခေတ်က ကာလသားလူပျိုများသည် ရေခပ်လာသူအပျိုလေးများကို သည်အတိုင်း ထိုင်ကြည့်ရသည့်အစား ဘူးသီးကြော်လာစားသလိုလိုနှင့် ကြည့်ကြသည်။ ဘူးသီးကြော်တစ်ပွဲမှာပြီးစားလျှင် အချဉ်ရည်နှင့် နံနံပင်ကို တွဲဖက်စားသောအခါ တစ်ခါတည်း အရသာနှစ်မျိုးရသည်။ တစ်မျိုးက လျှာအရသာ။ နောက်တစ်မျိုးက ပျိုမေများကို ကြည့်ရသည့် မျက်စိအရသာဖြစ်သည်။

ဘူးသီးကြော် ကြော်ရာတွင် ဆန်နှစ်က အရေးကြီးသည်။ ဘူးသီးကြော် ပျော့မနေစေရန်၊ ကြွပ်ရွနေစေရန် ဆန်ကြမ်းအမှုန့်နှင့် ကောက်ညှင်းဆန်မှုန့်ကို အချိုးကျ ရောစပ်ရသည်။ အချို့နာမည်ကြီးသော ဘူးသီးကြော်ဆိုင်မှ အကြော်တွင် ရွှေကြည် အမှုန့်ကိုပါ ရောထည့်သည်။ သူတို့ရောထည့်သည်ကို အခြားသူများ နည်းမသိအောင် လျှို့ဝှက်ထားကြသည်ဟု ဆိုသည်။ (ယခုခေတ်တွင် အကြော်များ ကြွပ်ရွအောင် စားအုန်းဆီအခဲကို သုံးသည့်အပြင် ကြွပ်ကြွပ်အိတ်၊ ရေသန့်ဘူးများကို ထည့်ကြော်ပြီး မသမာသောနည်းဖြင့် ပြုလုပ်နေကြသည်ဟု သိရသည်။)

ဘူးသီးသည် အအေးစာဖြစ်သည်။ ဟင်းချိုအဖြစ်လည်းကောင်း၊ ငရုတ်ကောင်းခတ်ပြီး ဟင်းခါးအဖြစ်လည်းကောင်း အရည်သောက်ချက်ကြသည့်အပြင် အသားငါး တစ်မျိုးမျိုးနှင့်လည်း ရောချက်စားကြသည်။

တလောက စင်ကာပူနိုင်ငံဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက် သည့်အခါ ဧည့်ခံသောထမင်းဝိုင်းတွင် နာမည်ကျော်ဟင်းလျာတစ်ခွက်မှာ "ဘူးသီးနှင့် ကြက်သားကာလသားချက်" ဟင်းလျာဖြစ်သည်။ မြန်မာတောဓလေ့ ဟင်းလျာဖြစ်ပြီး ထိုဟင်းကို စီစဉ်သူမှာလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဖြစ်နေသည်ဆိုခြင်းကြောင့် လူအတော်များများ အံ့သြသွားကြသည်။

### "ဘူးသီးနှင့် ကြက်သားကာလသားချက်" ချက်နည်း

ကာလသားချက်ဆိုသည့်အတိုင်း အမျိုးသမီးများ အကူအညီမပါဘဲ ချက်ရသည်။ သူခိုးကာလသားချက်ဟုလည်း ခေါ်ကြသည်။ တန်ဆောင်မုန်းလပြည့်ည အရပ်ဓလေ့အပျော်သဘော ခိုးကြ၊ ဝှက်ကြပစ္စည်းများ နေရာရွှေ့ထားပြီး နောက်ပြောင်ကျီစယ်ကြသည့် ကာလဖြစ်သည်။ (ယနေ့ခေတ်တွင် အမှန်တကယ် ခိုးကြ၊ ဝှက်ကြသည့်အပြင် အကြောင်းမဲ့ဖျက်ဆီးသည့် အကျင့်ဆိုးများက လွှမ်းမိုးသွားပြီဖြစ်သည်။)

အမှန်တော့ ရှေးက ကြက်သားကာလသားချက်မှာ ခိုးပြီးရသည့် ကြက်ကို နံနက်မလင်းမီ ညတွင်းချင်း ချက်စားကြသည်။ ထို့အတူ ဘူးသီးမှာလည်း အိမ်ရှေ့တွင် စင်ထိုးပြီး စိုက်ထားသော ဘူးသီးကို ခိုးပြီး ခူးဆွတ်ယူကာ ချက်ရသည်။ မြန်မြန်ကျက်စေရန် ဘူးသီးအရင့်ကို မယူ။ နုသော ဘူးသီးကို ခူးရသည်။ ရင့်သောဘူးသီးကို ခူးမိလျှင် မြန်မြန်မကျက်နိုင်သဖြင့် သတိထားရသည်။

လူငယ်ကာလသားများ စုမိလျှင် အနည်းဆုံး ၁၀ ဦးခန့်ရှိနိုင်သဖြင့် ထမင်းချက်ရန်၊ ဟင်းချက်ရန် ပြည်ဝင်အိုးကြီးများ လိုသည်။ ပြည်ဝင်အိုးဆိုသည်မှာ ဆန်တစ်ပြည်ချက်လျှင် ဝင်ဆံ့သည့် အိုးမျိုးဖြစ်သည်။

ခိုးပြီး သတ်ထားသောကြက်ကို ရေနွေးပူအောင်တည်ထားသော အိုးကြီးတွင်နှစ်ပြီး အမွေးများ နုတ်ရလွယ်အောင် ရေနွေးစိမ်ရသည်။ အမွေးများသန့်စင်အောင် နုတ်ပြီး နောက် ရင်ခွဲပြီး အတွင်းမှ အူအသည်းကို နုတ်ယူရသည်။ ထိုသို့ အူအသည်းများ နုတ်ယူရာတွင် အထူးသတိပြုရသည်မှာ သည်းခြေအိတ် မပေါက်စေရန်ဖြစ်သည်။ သည်းခြေအိတ်ပေါက်သွားလျှင် ကြက်သားဟင်းတစ်အိုးလုံး ခါးသွားနိုင်သည်။

"ဘူးသီးနုနု ကြက်ပုပု" ဟု စကားရှိသည်။ ကြက်အရှည်သည် ကြက်ဖဖြစ်သည်။ ကြက်အမက ပုသည်။ ဘူးသီးနှင့် ကြက်သားဟင်းချက်စားလျှင် ကြက်မအသားနှင့် ချက်ပါက ပိုကောင်းသည်ဟု ဆိုသည်။

ကြက်သားကာလသားဟင်းတစ်ခွက် ချက်မည်ဆိုလျှင် ကြက်သားကို မညီမညာ အတုံးကြီးများတုံးပြီး နနွင်း၊ ဆား၊ ငံပြာရည်တို့ဖြင့် စိမ့်ဝင်အောင် နယ်ရသည်။ ငရုတ်သီးခြောက်ကို မထောင်းဘဲ အတောင့်လိုက် သို့မဟုတ် လက်ဖြင့်ချေပြီး ထည့်ချက်ရသည်။ ထို့ကြောင့် ကာလသားချက်စားလျှင် နှုတ်ခမ်းတွင် ငရုတ်သီးဖတ် ကပ်ပါလာသည်ဟု ဆိုကြခြင်းဖြစ်သည်။ ကြက်သားကို ပြုတ်ပြီး နူးခါနီးမှ ဆီနှစ်ကျပ်ခွဲသားခန့် ထည့်ရသည်။ ထို့နောက် ဘူးသီးစိတ်များ ထည့်ရသည်။ ဘူးသီး အလွန်နုလျှင် အသားကျက်ပြီးမှထည့်ပြီး ခေတ္တအုပ်ထားလျှင် နူးပြီးစားနိုင်ပြီဖြစ်သည်။

ကြက်သားနှင့် ဘူးသီးကာလသားချက်သည် အလွန်ချိုပြီး စားကောင်းသည့် မြန်မာ့ရိုးရာ အစားအစာဖြစ်သည်။ အချို့က ငရုတ်သီးခြောက်အပြင် မိုးမျှော် ငရုတ်သီးစိမ်း အတောင့်လေးများပါ ထည့်ချက်လေ့ရှိသည်။ ချို၊ စပ်အရသာဖြင့် ဆောင်းဦးညဉ့်အချိန်တွင် ချွေးစို့လာစေသည့် ဟင်းလျာဖြစ်သည်။

ယခုအခါ ဟိုတယ်ကြီးအချို့တွင် ဘူးသီးကြက်သား ကာလသားချက်ကို မီနူးတွင် ထည့်၍ ရောင်းချနေကြပြီဟု သိရသည်။ စင်ကာပူနိုင်ငံသားများ အကြိုက်တွေ့သဖြင့် လေယာဉ်ဖြင့်ပင် မှာစားကြသည်ဟု သိရသည်။

ဘူးချဉ်နှင့် ငရုတ်သီးခြောက် အတောင့်လိုက်ကြော်သည့် ဟင်းလျာမှာလည်း ခံတွင်းမြိန်စေသည့် ဟင်းလျာဖြစ်သည်။

ဘူးချဉ်ပြုလုပ်ရန် ဘူးသီးရင့်ရင့်လိုသည်။ ရင့်ပြီး ဟင်းချက်စားရန် မကောင်းတော့သည့် ဘူးသီးကို လက်ကိုင်ခြစ်ဖြင့် ခြစ်ပြီး အမျှင်များရအောင်ပြုလုပ်ရသည်။ အမျှင်ရှည်များရလျှင် အမြင်လှပသော ဘူးချဉ်ကိုရမည်ဖြစ်သည်။

ဘူးချဉ်ပြုလုပ်ရန် (သဘာဝနည်းအတိုင်း) ထမင်းရည်လိုသည်။ ထမင်းကို ရှေးက ထမင်းရည်ငှဲ့ ချက်ကြသည်။ နောက်ပိုင်း အာဟာရဓာတ်များ ထွက်ကုန်သည်ဟုဆိုကာ ရေခန်းချက်ကြသည်။ ခလုတ်နှိပ်ရုံဖြင့် ထမင်းကျက်နိုင်သော ထမင်းပေါင်းအိုးများ ပေါ်လာသောအခါ ထမင်းရည်ငှဲ့ချက်သည့် ဓလေ့သည် ပျောက်ကွယ်သွားရသည်။ အမှန်မှာ အရာရာတိုင်းတွင် အားနည်းချက်၊ အားသာချက်ရှိသည်။ ထမင်းကို အရည်ငှဲ့ချက်စားခြင်းဖြင့် အဝလွန်ခြင်းကို ကာကွယ်နိုင်သည်။ ကစီဓာတ်လွန်ကဲပြီး ဝမ်းဗိုက်စူထွက်ခြင်းကို လျှော့ချနိုင်သည်။

ဘူးချဉ်စိမ်ရန်အတွက် ထမင်းရည်ငှဲ့ချက်ပြီး အအေးခံထားရမည်။ ထမင်းရည်



စိမ်သော အရာတိုင်းသည် သုံးရက်မှ ကျော်လွန်လျှင် အချဉ်ပေါက်စမြဲဖြစ်သည်။ အချို့က ထမင်းရည်တွင် ထမင်းလက်တစ်ဆုပ်ခန့်ထည့်၍ အချဉ်ပေါက်မြန်အောင် ပြုလုပ်ကြသည်။ ဟင်းဂလာချဉ်၊ ခံတက်ချဉ်၊ မုန်လာချဉ်၊ ဘူးချဉ် အားလုံးပင် ထမင်းရည်နှင့်စိမ်ပြီး အချဉ်ဖောက်နိုင်သည်။

ရိုးရာဓလေ့အတိုင်းစိမ်လျှင် မြေအိုး၊ စဉ့်အိုးဖြင့် စိမ်ကြသည်။ မိမိစိမ်မည့် အနည်းအများကိုလိုက်၍ စဉ့်အိုးအကြီး အသေး၊ အနေတော်အရွယ်ကို အသုံးပြုရသည်။

ဘူးချဉ်စိမ်ရာတွင် နေရာဒေသအလိုက် စိမ်နည်းမတူကြပေ။ နာမည်ကြီးသော မိုးကုတ်ဘူးချဉ်နှင့် မကွေး၊ မင်းဘူးမှထွက်သော ဘူးချဉ်များသည် အရသာအားဖြင့် ကွဲပြားကြသည်။ မိုးကုတ်ဘူးချဉ်မှာ ဆန်ဆေးရည်နှင့် ချဉ်သည်။ ဝါးပိုးဝါးနှင့်ထည့်သည့် ဘူးချဉ်လည်း ရှိသည်။ တောခေါင်သည့်နေရာများတွင် စဉ့်အိုးသုံးလေ့မရှိပေ။ မင်းဘူးနယ်မှ ပြုလုပ်သော ဘူးချဉ်တွင် ကောက်ညှင်းဆန်အနည်းငယ်ကို ထမင်းရည်နှင့် ရော၍စိမ်သည်ဟု သိရသည်။ ကောက်ညှင်းဆန်ထည့်စိမ်ခြင်းအားဖြင့် ဘူးချဉ်ကြော်ရာတွင် ဖွယ်မနေဘဲ စီးစီးပိုင်ပိုင်ဖြင့် ပို၍စားကောင်းသည်ဟု ဆိုသည်။

သဘာဝအတိုင်း အချဉ်တည်သော သီးနှံများမှာ အစာအိမ်အတွက်၊ အသည်းအတွက် ဘေးထွက်ဆိုးကျိုးမရှိပါ။ မြို့ကြီးများတွင် ရောင်းချသော အချဉ်များမှာ စိတ်မချရ။ ဓာတုဗေဒ အချဉ်ခဲများ၊ ဆေးများအသုံးပြုသဖြင့် စားသုံးရာတွင် အလွန်အန္တရာယ်များသည်။ သဘာဝအချဉ်မဟုတ်လျှင် စားသုံးရန် မသင့်ပါ။ အသည်းမှ သန့်စင်နိုင်သည်ထက် ကျော်လွန်လာသောအခါ ကျောက်ကပ်ကိုပါ ပျက်စီးစေသဖြင့် ယခုခေတ်တွင် ကျောက်ကပ်မကောင်းသူ၊ အဆစ်ရောင်ရောဂါဖြစ်သူ အလွန်များလာရခြင်းဖြစ်သည်။ အချဉ်တည်သည့် အစားအသောက်များကို ကြိုက်နှစ်သက်ပြီး နေ့စဉ်စားသုံးရန် မသင့်ပါ။ တစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ စားသုံးသင့်သည်။

ဘူးသီးသည် မြန်မာတစ်နိုင်ငံလုံးတွင် မရသည့် နေရာမရှိ။ အလွန်ပေါများသော အသီးအနှံဖြစ်သည်။ ဘူးပင်မှရသော ဘူးညွန့်သည်လည်း ဟင်းချိုချက်စားရာတွင် အလွန်ကောင်းသော ဟင်းလျာဖြစ်သည်။

**ရှေးဆေးကျမ်းများအလိုအရ ...**

ဘူးသီးသည် ချို၏။ နှလုံးကို နှစ်သက်စေ၏။ ဘူးသီးအရှည်၊ အပုနှစ်မျိုးလုံးသည် ချို၏။ ကြေခဲ၏။ နှုတ်ကို မြိန်စေတတ်၏။ သလိပ်သည်းခြေကိုနိုင်၏။ သုတ်ကိုပွားစေတတ်၏။ ရသအစရှိသောဓာတ်ကို တိုးပွားစေတတ်၏။ (ဥတုဘောဇနသင်္ဂဟကျမ်း)

ဘူးသီးသည် သွေး၊ လေတို့ကို ကြေစေ၏။ တက်၏။ အဆိပ်ပြင်းထန်သော တောပင့်ကူ၏ အဆိပ်ကို လျင်မြန်စွာ ပယ်စေ၏။ (ဓာတုရသ၊ လေးစောင်တွဲဓာတ်ကျမ်း)

ဘူးသီး အချိုသည် ကြေခဲ၏။ နှုတ်မြိန်စေ၊ လေပွားစေ၊ သုတ်ပွားစေ၏။ နှလုံးကို ကျေးဇူးပြု၏။ ကိုယ်ဝန်ကို စောင့်ရှောက်မွေးမြူတတ်၏။ သည်းခြေ သလိပ်ဒေါသကို နိုင်၏။ ထို့အပြင် သည်းခြေကြောင့်ဖြစ်သော ရောဂါများ၊ ပိန်ကြုံသောရောဂါများ ပျောက်ကင်းစေ၏။ ဘူးသီးအခါးသည် ချောင်းဆိုးပန်းနာ၊ ဖောရောင်ခြင်း၊ အနာပေါက်၊ ထိုးအောင့်ခြင်း၊ အဆိပ်သင့်ခြင်း၊ သည်းခြေ၊ လေဒေါသကိုနိုင်၏။ (အရှင်နာဂသိန် အခြေပြုဆေးအဘိဓာန်)

---

# သီပေါမြို့ပြန်စောက်မိန်းကျေးရွာ၌ စက်ကိရိယာဖြင့်အစေ့ထုတ်ပြောင်းမျိုးစေ့ချစိုက်ပျိုးခြင်းကျင်းပ

**သီပေါ ဇွန် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် စက်ကိရိယာဖြင့် အစေ့ထုတ်ပြောင်းမျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇွန် ၆ ရက်က ပန်စောက်မိန်းကျေးရွာအုပ်စု မြို့ဟောင်း (ဝိုင်းကောင်) စိုက်ပျိုးရေးခြံ၌ ကျင်းပရာသီပေါအရှေ့ခြမ်းဒေသမှ တောင်သူ ၁၂၀ ခန့် ကြည့်ရှုလေ့လာကြသည်။

အခမ်းအနားတွင် ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်အေးက အချိန်ကုန်လူပန်းသက်သာစေသည့်အပြင် လယ်ယာလုပ်သားရှားပါးမှုနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် အထောက်အကူပြုရေးအတွက် စက်ကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပရခြင်း၏ ရည်မှန်းချက်များကိုလည်းကောင်း၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်မိုးက အစေ့ထုတ်ပြောင်းစိုက် စက်ကိရိယာအကြောင်းကိုလည်းကောင်း၊ နယူးဟော်လန် ကုမ္ပဏီလီမိတက် မန်နေဂျာ ဦးကျော်မြင့်ထွန်းက ကုမ္ပဏီထုတ်အစေ့ထုတ်ပြောင်းစိုက်စက်



အကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမိုးကျော်စွာဝင်းနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူများက အစေ့ထုတ်ပြောင်း စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြစိုက်ပျိုးကြရာတက်ရောက်လာကြသော တောင်သူများကသိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

---

# နိုင်ငံတကာအဆင့်မီ အစားအသောက်နှင့် ဟိုတယ်ဝန်ဆောင်မှုပြပွဲကြီးကျင်းပ

**ရန်ကုန် ဇွန် ၉**

အစားအစာများနှင့်ပတ်သတ်၍ ကျန်မာရေးနှင့်ညီညွတ်မှုတိုးတက်စေရန် ကမ္ဘာ့စံချိန်စံနှုန်းများ အလေ့အကျင့်ကောင်းများဖော်ဆောင်ပေးနိုင်စေရန် စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ Food & Hotel Myanmar ၂၀၁၇ ပြပွဲကြီးကို ဇွန် ၇ ရက်က ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပသည်။

အဆိုပါပြပွဲကို UBM Myanmar မှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၃၀ ကျော် ထုတ်ကုန်နှင့်ဝန်ဆောင်မှုပေါင်း ၁၂၀၀ ကျော် ပါဝင်ပြသထားကြောင်းသိရသည်။

ပြပွဲတွင် နိုင်ငံတကာအဆင့်မီအစားအသောက်၊ အဖျော်ယမကာနှင့် ထုတ်လုပ်မှုအဆင့်ဆင့်အပြင်ဟိုတယ်ဝန်ဆောင်မှုများပါဝင်ကြောင်း သိရသည်။ ပြပွဲကြီးကိုဇွန် ၇ ရက်မှ ၉ ရက်အထိနေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ ပြသသွားခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

---

**ရတနာသစ်တော၊ ပြည့်သွေးကြော။**
**သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

# နိုင်ငံတကာအဆင့်မီ အရေးပေါ်ကယ်ဆယ်ရေးသင်တန်းဖွင့်

**မူဆယ် ဇွန် ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့၌ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ ရုံးချုပ်မှ ဖွင့်လှစ်ပေးသော နိုင်ငံတကာ အဆင့်မီ အရေးပေါ်ကယ်ဆယ်ရေး သင်တန်း(၁၄/၂၀၁၇)ကို ဇွန် ၇ ရက်မှ စ၍ မူဆယ်မြို့ မြို့တော်ခန်းမ၌ ဖွင့်လှစ် သင်ကြားပို့ချပေးနေကြောင်း သိရသည်။

သင်တန်းကို မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် (Myanmar Rescue) နှင့် မူဆယ်မြို့မှ ပရဟိတအဖွဲ့ပေါင်းစုံတို့ ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် နာယက ဦးဝင်းခေါင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆရာကြီး ဦးလှထွန်းက နိုင်ငံတကာအဆင့်မီ အရေးပေါ်ကယ်ဆယ်ရေးသင်တန်းနှင့် ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး လူမှုကယ်ဆယ်ရေး အဖွဲ့ချုပ်မှ ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးစွမ်းဆောင်ရည်များ သရုပ်ဖော်ပြသခဲ့ကာ အလှူရှင်များက သင်တန်းအတွက် အလှူငွေများပေးအပ်ခဲ့ကြသည်။



အဆိုပါ သင်တန်းသို့ မူဆယ်မြို့ပေါ်ရှိ ပရဟိတအဖွဲ့များမှ အဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၁၆၀ တက်ရောက်ကာ သင်တန်းကို မူဆယ်မြို့ပြည်ထောင်စုအားကစားကွင်း၌ ဇွန် ၁၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းအတွက် လိုအပ်သည်များကို မြန်မာရတနာရွှေခေတ်ကုမ္ပဏီက ကူညီပံ့ပိုးပေးထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - သန့်ဇင်(မူဆယ်)**

# ငါးမွေးမြူရေးလုပ်ငန်းသုံး သုံးဘီးဆိုင်ကယ် ၁၀ စီး လွှဲပြောင်းပေးအပ်

**မန္တလေး ဇွန် ၉**

ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းဆောင်ရွက်သော SAEP in CDZ စီမံကိန်းအရ JICA မှ ငါးလုပ်ငန်းဦးစီးဌာနသို့ ငါးမွေးမြူရေးလုပ်ငန်းသုံး သုံးဘီးဆိုင်ကယ် ၁၀ စီး လွှဲအပ်ပွဲကို ဇွန် ၈ ရက်က




မန္တလေး အောင်မြေသာစံမြို့နယ်ရှိ အောင်မြင်ခြင်းဟိုတယ်၌ ကျင်းပခဲ့သည်။

လွှဲအပ်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်နှင့် JICA မှ Chief Advisor Mr Takahashi Shingo တို့က အမှာစကားပြောကြားပြီး သုံးဘီးဆိုင်ကယ် ၁၀ စီးကို လက်မှတ်ရေးထိုး လွှဲအပ်ပေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနများသို့ ဆိုင်ကယ်များကို ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

SAEP in CDZ စီမံကိန်းသည် အပူပိုင်းဒေသများမှ ကျေးလက်နေပြည်သူများအား တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေး နည်းပညာများ တိုးချဲ့လေ့ကျင့်ပညာပေးခြင်းဖြင့် လူနေမှုအဆင့်အတန်း၊ စီးပွားရေး တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် JICA တို့ ပူးပေါင်းဆောင်ရွက်သော စီမံကိန်းဖြစ်ပြီး ယခု ငါးမွေးမြူရေးလုပ်ငန်းသုံး သုံးဘီးဆိုင်ကယ် ၁၀ စီးနှင့် အခြားဆက်စပ်ပစ္စည်းများအား ထောက်ပံ့ခြင်းသည် စတုတ္ထအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းအရ ကျေးလက်နေပြည်သူများအား ငါးကန်အသေးဖြင့် ငါးမွေးခြင်း၊ စပါးငါး မွေးမြူခြင်း၊ အမာခံလယ်သမားမှ ကျန်းမာသန့်စွမ်းသော ငါးပေါက်များထုတ်ပေးခြင်း၊ ငါးမွေးမြူရေးနည်းပညာ ပြန့်ပွားစေခြင်း စသည့်လုပ်ငန်းများကို သင်ကြားပေးပြီး ကျေးလက်နေပြည်သူများက အဆင့်ဆင့် ပြန်လည်မျှဝေခြင်းဖြင့် တစ်ပိုင်တစ်နိုင်ငါးမွေးမြူနိုင်ကြကာ လယ်သမားများအနေဖြင့် လတ်ဆတ်သောငါးများ စားသုံးနိုင်သလို ပိုလျှံသောငါးများကို ရောင်းချခြင်းမှ အပိုဝင်ငွေရရှိနိုင်ရန် ရည်ရွယ်၍ စီမံကိန်းကို အကောင်အထည်ဖော်ထားခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ထူး(မန္တလေး)**

# ရန်ပုံငွေ ကျပ်သန်း ၃၀၀၀ ကျော်ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်

**ပုလဲ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၂၀၆၃ ဒသမ ၀၆၉ သန်းနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ကျပ် ၁၀၇၀ ဒသမ ၄၁၃ သန်း စုစုပေါင်း ကျပ် ၃၁၃၃ ဒသမ ၄၈၂ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ သိရသည်။

ရန်ပုံငွေများအနက် ပြည်ထောင်စုရန်ပုံငွေဖြင့် ပုလဲမြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတွင် ဆောက်လုပ်ရေးနှင့် ပြုပြင်ခြင်းလုပ်ငန်းများ၊ သစ်ကြီးတိုင်း- ရေသာ - ဆည်ကြီး - စစ်ရင် ကျေးရွာချင်းဆက် ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ သက္ကယ်ကျင်းရွာ မူလတန်းလွန်ကျောင်း၊ မုံပင် အလက(ခွဲ)၊ လှော်ကား-အလက(ခွဲ)၊ ညောင်ပင်ဇောက်-အမက(ခွဲ)၊ ခေါ်သန္တိ အလက(ခွဲ)၊ ကျောက်ကုန်း - အလက(ခွဲ)၊ သပြေကုန်း-အမက(ခွဲ)တို့တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်း၊ သပြေရေကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ ပုလဲမြို့ပြည်သူ့ဆေးရုံ တိုးချဲ့(၂)ထပ်ဆောင် ဆောက်လုပ်ခြင်း၊ ချင်ပြစ်တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာနနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း၊ မုံရွာ-ပုလဲ-ဂန့်ဂေါကားလမ်းမကြီး အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုစုဝင်းထံမှ သိရသည်။

တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများမှာ မြောက်ယမားဆည် လက်ယာတိုးချဲ့မြောင်း ရေသောက်ရေိယာ ဧက ၄၀၀ ထပ်ဆင့်ရေတင်လုပ်ငန်း၊ ရေကြီးနစ်မြုပ်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်းနှင့် လုပ်အားခပေးခြင်း၊ မိုးကောင်းကျေးရွာအဝင် မြေသားလမ်းဖောက်ခြင်း၊ အိုင်းမကျေးရွာအဝင် ကွန်ကရစ်ခင်းပြုပြင်ခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ် ဆောက်လုပ်ခြင်း၊ ကျေးရွာမြေပုံဇာရန်အတွက် ကျောက်တိုင်ပြုလုပ်ခြင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး ဆောက်လုပ်ခြင်း၊ ပျိုးပင်တစ်သိန်းဆံ့ပျိုးဥယျာဉ် တည်ဆောက်ခြင်း၊ ပုလဲမြို့စျေးရှေ့တွင် ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်း တည်ဆောက်ခြင်း၊ မြို့နယ်ပြည်သူ့ဆေးရုံရှေ့မှ မြို့နယ်ပညာရေးမှူးရုံးရှေ့အထိ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ တစ်လုံးတိုးချဲ့တည်ဆောက်ခြင်း၊ ပုလဲ-မင်းတိုင်ပင်လိုင်း လေးမိုင်တွင် ဓာတ်ကြိုးများလဲလှယ်ခြင်း၊ လည်ပေါက်-ပုလဲလိုင်း လေးမိုင်တွင် ဓာတ်ကြိုးများလဲလှယ်ခြင်းလုပ်ငန်းများဖြစ်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

## သတင်းတိုများ

### တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားစက်မှုလက်မှုဦးစီးဌာနတို့ပူးပေါင်း၍ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရရှိစေရန်ရည်ရွယ်ချက်ဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဆပုဂံကျေးရွာ ဒေးစွန်ပါဘုန်းတော်ကြီးကျောင်း၌ ဇွန် ၇ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းကို ဇွန် ၁၆ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကာ သင်တန်းသူ ၂၀ တက်ရောက်ကြောင်း၊ သင်တန်းတွင် နည်းပြဆရာမများက ယိုမျိုးစုံလုပ်နည်း၊ ကိတ်မုန့်လုပ်နည်းစသည့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်နိုင်ရေးနည်းပညာများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

### ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြော

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ခတ္တာကျေးရွာအုပ်စု ခတ္တာကျေးရွာရှိ ထူပါရုံစေတီတော်မြတ်ကြီး ဓမ္မာရုံတွင် ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဇွန် ၈ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်းက ငါးရစ်ငါးသန်ရာသီတွင် ငါးဖမ်းဆီးခြင်းကို ရှောင်ကျဉ်ခြင်းဖြင့် ငါးသယံဇာတ ထိန်းသိမ်းရေး၊ ငါးမဖမ်းရသောကာလဖြစ်သည့် မေလနှောင်းပိုင်းမှ ဇွန်၊ ဇူလိုင်လများအတွင်း ငါးဖမ်းဆီးခြင်းကို အထူးဂရုပြုရှောင်ကြဉ်ကြရန်နှင့် သက်ဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများ လိုက်နာကြရေးတို့ကို ဒေသခံများအား အသိပညာပေးဟောပြောခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်နေပြည်သူများ အသိပညာတိုးပွားရေး ကွင်းဆင်းဟောပြော

**မြင်းမူ ဇွန် ၉**

မြင်းမူမြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ အသိပညာတိုးပွားစေရန် ရည်ရွယ်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ကွင်းဆင်းဟောပြောပွဲကို ဇွန် ၆ ရက်က ငကင်းကျေးရွာ၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် သစ်တောဦးစီးဌာနမှူး ဦးစိုးတင့်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူးက လောင်းကစားမှု ပပျောက်ရေးနှင့် သက်ငယ်မုဒိမ်းမှု စသည့် မှုခင်းများ ဖြစ်ပွားခြင်းမရှိစေရေး၊ စားသုံးသူရေးရာ ဦးစီးဌာနမှူး ဒေါ်ခိုင်မို့မို့က စားသုံးသူများ၏ အခွင့်အရေး၊ တာဝန်နှင့် နစ်နာမှုများအကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှဒုတိယဦးစီးမှူး ဦးဌေးအောင်က စိုက်ပျိုးရေး နည်းပညာများနှင့် မျိုးစေ့ကောင်းများလိုအပ်ပါက မိမိတို့ဌာန၏ ကျေးလက်တာဝန်ခံများထံ မေးမြန်း၍ ဆောင်ရွက်နိုင်ပုံများကို ပညာပေးဟောပြောခဲ့ကြသည်။ ဟောပြောပွဲအပြီးတွင် ကျေးလက်နေပြည်သူများအား တိုင်းရင်းဆေးရုံအုပ် ဒေါ်နန်းနွယ်အေးနှင့် ဝန်ထမ်းများက အခမဲ့ ဆေးဝါးကုသပေးခဲ့ပြီး စားသုံးရေးရာဦးစီးဌာနကလည်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# ပုလဲမြို့နယ်၌ အခြေခံပညာကျောင်း ၅၀ ကို အဆင့်တိုးမြှင့်ခွင့်ရရှိ

**ပုလဲ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း အခြေခံပညာကျောင်းပေါင်း ၅၀ ကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခွင့်ရသည့် ကျောင်း ၁၆ ကျောင်း၊ မူလတန်း(လွန်)ကျောင်းမှ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုး ခြောက်ကျောင်း၊ မူလတန်းမှ မူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုး ၁၅ ကျောင်း၊ မူလတန်းကျောင်း(ခွဲ)မှ မူလတန်းကျောင်းအဖြစ် အဆင့်တိုး ကိုးကျောင်းနှင့် ကိုယ့်အားကိုယ်ကိုးကျောင်းမှ မူလတန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုး လေးကျောင်း စုစုပေါင်း ကျောင်း ၅၀ ဖြစ်ကြောင်း ပုလဲမြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်သန်းစိုးထံမှ သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

# စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**ကန့်ဘလူ ဇွန် ၉**

ကျောင်းဖွင့်ချိန်တွင် ကျောင်းသား ကျောင်းသူများအနေဖြင့် စားသုံးသူရေးရာ အသိပညာဗဟုသုတများရှိပြီး လုံခြုံစိတ်ချရသည့် အစားအသောက်များကို ရွေးချယ်သုံးစွဲတတ်စေရန် ရည်ရွယ်၍ ကန့်ဘလူမြို့နယ် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူးကာ ကန့်ဘလူ အထက(၂) နှင့်အထက(၁)ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကို ဇွန် ၇ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် စားသုံးသူများအတွက် ဥပဒေကပေးထားသည့် အကာအကွယ်များကို ကျောင်းသား ကျောင်းသူများ သိရှိစေရန်၊ ဘေးဥပဒ်ကင်းရှင်းသော အစားအစာများကို ရွေးချယ်သုံးစွဲတတ်စေရန်၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ အချက်များ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များ စသည်တို့ကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတာဝန်ခံ ဦးမျိုးအောင်နှင့် ဝန်ထမ်းများက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းမုန့်ဈေးတန်းမှ ဆိုင်ရှင်များအား ဟောပြောခဲ့ပြီး ကျောင်းဈေးတန်းတွင် ကျန်းမာရေးနှင့်မညီသော အစားအသောက်များ ရောင်းချ ခြင်းမရှိစေရန်လည်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဘိန်းအစားထိုးသီးနှံ မျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်

**တာချီလိတ် ဇွန် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ ဒေသခံတောင်သူများ တစ်ဦးချင်းဝင်ငွေ တိုးတက်လာစေရေးနှင့် စိုက်ပျိုးနည်းပညာများ တိုးတက်လာစေရေး ရည်ရွယ်လျက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ အစားထိုးသီးနှံ နှစ်ချင်းမျိုးစေ့၊ နှစ်ရှည်ပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၇ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကာ နည်းပညာပေးသင်တန်းကိုလည်း ပို့ချပေးခဲ့ကြောင်း သိရသည်။

သီးနှံမျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှဝင်းက မျိုးစေ့များပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး စိုင်းခင်ဇော်လတ်က နံ့သာဖြူပင်နှင့် လျှော်ဖြူပင် စိုက်ပျိုးနည်းများကို ဒေသခံတောင်သူများအား ပို့ချပေးခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဘိန်းအစားထိုး စိုက်ပျိုးသီးနှံများဖြစ်သည့် နယူးရော အထွက်ကောင်း စပ်မျိုးစပါး ၁၀၀ ဧကအတွက် ၇၀၀ ကီလို၊ အစေ့ထုတ်ပြောင်း စီပီ-၈၆၈ မျိုး ၂၅ ဧကအတွက် ၁၅၀ ကီလို၊ နှစ်ရှည်ပျိုးပင် ငါးဧကအတွက် နံ့သာဖြူ၊ လျှော်ဖြူနှင့် တည်း ပျိုးပင်များကို တောင်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။

အဆိုပါ သီးနှံမျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြန်မာ၊ ရှမ်း၊ လားဟူဘာသာများဖြင့် ထုတ်ဝေထားသော စပါး၊ ရာဘာ၊ နံ့သာဖြူနှင့် လျှော်ဖြူ စိုက်ပျိုးနည်းစနစ်အကြောင်း လက်ကမ်းစာစောင်များ၊ အီးအမ်ဘိုကာရှီ ပြုလုပ်သုံးစွဲနည်းနှင့် စိုက်ပျိုးရေးထုတ်ကုန်တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်ကြီး (၆)ရပ် စသည့် အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**သထုံ ဇွန် ၉**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ပေါ် ရပ်ကွက်များ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်း၍ ဇွန် ၇ ရက်က ဆောင်ရွက်ခဲ့ကြသည်။ သုဝဏ္ဏဝတီမြို့ ကျေးလက်ကျန်းမာရေးဌာနခွဲ(၂)မှ ကျန်းမာရေးဝန်ထမ်းများက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်သူများနှင့် ပူးပေါင်းကာ သိမ်ဆိပ်ရပ်ကွက်အတွင်း နေအိမ်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများကို သိမ်ဆိပ်ရပ်ကွက်အတွင်း အပိုင်းအလိုက် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း လှည့်လည် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မိုးတွင်းကာလ မကုန်မခြင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အခြားရပ်ကွက် ကျေးရွာများ၌လည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေကြောင်း သိမ်ဆိပ်တိုက်နယ် ကျန်းမာရေးမှူး ဦးအောင်သန်းဦးက ပြောသည်။

သိမ်ဆိပ်တိုက်နယ် ကျန်းမာရေးဌာနလက်အောက်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ခုနစ်ခု၊ ကျေးရွာအုပ်စုပေါင်း ၄၆ စုရှိပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာရှည်ခံဆေးစိမ်ခြင်ထောင် ၇၅၀၀ ကျော်ကိုလည်း မေလအတွင်းက ကျေးရွာနေပြည်သူများအား အခမဲ့ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**




# သူနာပြုသင်တန်းကျောင်းမောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မော်လမြိုင် ဇွန် ၉**

မော်လမြိုင်မြို့ သူနာပြုသင်တန်းကျောင်း၌ အပတ်စဉ်(၄၃) မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် အပတ်စဉ်(၄၂)သူနာပြုများအတွက် အမျိုးသားကုတ်အင်္ကျီနှင့် သူနာပြုဦးဆောင်းအပ်နှင်းပွဲကို ဇွန် ၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မြန်မာနိုင်ငံသည် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးကဏ္ဍလည်း ပါဝင်နေကြောင်း၊ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ရာတွင် သူနာပြုများ၏ ကျန်းမာရေးပြုစုမှုအရည်အသွေးသည် ခေတ်နှင့်အညီ တိုးတက်မှုရှိရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကိုတစ်ဖက်တစ်လမ်းမှ ထောက်ပံ့ပေးကြမည့် သူနာပြုသင်တန်းသား သင်တန်းသူများသည် သင်တန်းပြီးစီး၍ နိုင်ငံ့တာဝန်ထမ်းဆောင်ကြသည့်အခါ တာဝန်ကို စေတနာအရင်းခံထားပြီး ပြည်သူများကို မိမိတို့သွေးသားရင်းသဖွယ် ပြုစုစောင့်ရှောက်ရန်လိုကြောင်း အမှာစကား ပြောကြားသည်။ ထို့နောက် သူနာပြုသင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိ သူနာပြုသင်တန်းကျောင်း ၂၅ ကျောင်းတွင် သင်တန်းသား သင်တန်းသူ ၁၆၆၆ ဦး သင်ကြားပေးခဲ့ကြောင်း၊ မော်လမြိုင်မြို့အတွက် သင်တန်းသား သင်တန်းသူ ၆၄ ဦးကို ရွေးချယ်လက်ခံခဲ့ကြောင်း သိရသည်။

**တင်ထွဋ် (မော်လမြိုင်)**

# ဘုရင်ညီနောင်ဂူ လမ်းသစ်ကြီး တိုးချဲ့ဖောက်လုပ်ပြီး ရေပူစမ်း ရေကူးကန်သစ် တည်ဆောက်မည်




**ဘားအံ ဇွန် ၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘင်ဂျီကျေးရွာအုပ်စုရှိ သမိုင်းဝင် ဘုရင်ညီနောင် ရတနာလိုဏ်ဂူ တောင်ခြေသို့ သွားရောက်ရာ လမ်းသစ်ကြီးနှင့် အမျိုးသား ရေပူစမ်း ရေကူးကန်သစ်ကြီးတို့ကို ဘုရင်ညီနောင်ဂူဆရာတော် ဦးသောမက ဦးဆောင်ပြီး ကျောင်းနေရဟန်းသံဃာ သာမဏေများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ဘုရားဖူးလာရောက်သည့် ပြည်သူများ၏ ပူးပေါင်းလှူဒါန်းမှုများဖြင့် ပြန်လည်တိုးချဲ့ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အသစ်တည်ဆောက်နေသည့် ဘုရင်ညီနောင်ရတနာလိုဏ်ဂူ ဒုတိယမုခ်ဝမှ တောင်ခြေအထိ ပေအရှည် ၆၆၀ရှိ လမ်းသစ်ကြီးကို တစ်ဖက်လျှင် ၁၅ ပေ နှစ်လမ်းသွားနှင့် လမ်းလယ်ကျွန်းအကျယ် ငါးပေ အပါအဝင် စုစုပေါင်း ၃၅ ပေ အကျယ် ဖောက်လုပ်သွားမည်ဖြစ်ပြီး လမ်းလယ်ကျွန်းနေရာတွင် ခတ်တိုင်များ၊ သစ်ပင်၊ ပန်းပင်များနှင့် အသွားအပြန်လမ်းမကြီး ဘေးတစ်ဖက်တစ်ချက်တွင်လည်း အရိပ်ရသစ်ပင်ကြီးများကိုပါ စနစ်တကျ စီစဉ်စိုက်ပျိုးလုပ်ဆောင်နေကြောင်း သိရသည်။

"လွန်ခဲ့တဲ့ ၃၈ နှစ်လောက်တုန်းက ဒီဘုရင်ညီနောင်ဂူသွားတဲ့ လမ်းလေးက ကန်သင်းရိုးလေးတွေနဲ့ ချောင်းရိုးလေးတွေကို သစ်တုံးတံတားလေးတွေဖြတ်ပြီး သွားလာခဲ့ကြရပါတယ်။ ဦးဇင်းတို့ ကျောင်းသား ဘဝကတည်းက ဒီလမ်းလေးတွေ သွားလာမှုကောင်းမွန်အောင် မြေသားလမ်းတွေ ဖို့ခဲ့ရတယ်။ လမ်းတစ်ဖက်တစ်ချက်တွေမှာ သစ်ပင်၊ ဆူးပင်လေးတွေကို အရိပ်ရအောင်နဲ့ လမ်းမပျက်မစီးရအောင် စိုက်ပျိုးခဲ့ကြပါတယ်။ နောက်ပိုင်းကာလတွေမှာ မြေသားလမ်းလေးကို သုံးပေအကျယ် ကွန်ကရစ်ခင်းလမ်းလေးအဖြစ် ဦးဇင်းတို့ပဲ ခင်းခဲ့ပါတယ်"ဟု လမ်း၏ မူလအခြေအနေကို ဆရာတော် ဦးသောမက မိန့်ကြားသည်။

ယခုအခါ ပြည်တွင်းဘုရားဖူးများနှင့် နိုင်ငံခြား ခရီးသွားလေ့လာသူများ ပိုမိုများပြားစည်ကားလာသည့် အခြေအနေများကြောင့် ထိုလမ်းဟောင်းနေရာတွင် လက်ရှိလမ်းသစ်ကြီးကို တိုးချဲ့ဖောက်လုပ်နေခြင်းဖြစ်ကြောင်း၊ လမ်းသစ်ကြီး ဖောက်လုပ်နေခြင်းနှင့်အတူ ရေပူစမ်း အမျိုးသား ရေကူးကန်ကြီးကိုလည်း အသစ်ပြန်လည်တည်ဆောက်သွားမည် ဖြစ်ကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ယခင်က ရေပူစမ်း ပင်မကန်ကြီးတွင် အမျိုးသားများကို ရေစိမ်ရေချိုးစေခဲ့ပြီး ပင်မကန်ကြီးဘေးရှိ ကန်၌ အမျိုးသမီးများကို ရေပူချိုးနိုင်ရန် စီစဉ်ခဲ့ဖူးကြောင်း၊ လမ်းဘေးဖြစ်၍ အမျိုးသမီးများအတွက် မသင့်တော်သဖြင့် အမျိုးသမီးရေပူစမ်းကန်ကို သီးသန့်တူးဖော်ကာ အကာအရံများဖြင့် ရွှေ့ပြောင်းတည်ဆောက်ပေးခဲ့ကြောင်း၊ ရေပူစမ်းပင်မကန်ကြီး ညစ်ညမ်းမှု မရှိစေရေးအတွက် ပင်မကန်၌ ရဟန်း သံဃာများသာ ရေချိုးစေပြီး အမျိုးသားများကို လမ်းဘေးရှိ အမျိုးသမီး ကန်ဟောင်းနေရာတွင် သတ်မှတ်အသုံးပြုစေရာ ယခု ထိုကန်ကို ပြန်လည်တည်ဆောက်ရန် စီစဉ်နေခြင်းဖြစ်သည်။ အသစ်တည်ဆောက်မည့် ရေပူစမ်း အမျိုးသား ရေကူးကန်မှာ အလျား ပေ ၅၀၊ အကျယ် ပေ ၈၀ ရှိ ကွန်ကရစ် ရေကန်အဖြစ် တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ယခင်ဆရာတော်ကြီး ဦးပညာဝံသ (ရွှေမိုးဆရာတော်)က ဦးဇင်းရဲ့ ငယ်ဆရာလည်းဖြစ်တယ်။ ဦးဇင်းက ဒီကျောင်းမှာ ကျောင်းသားဘဝ၊ သာမဏေဘဝ၊ ရဟန်းဘဝတွေ ဖြတ်သန်းလာခဲ့တယ်။ ဆရာတော်ကြီး ပျံလွန်တော်မူတဲ့နောက်ပိုင်းမှာလည်း ဆရာတော်ရဲ့ သာသနာ့အမွေလက်ဆင့်ကမ်းပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ကြိုးပမ်းသွားပါမယ်"ဟု လက်ရှိဘုရင်ညီနောင်ရတနာလိုဏ်ဂူ တိုက်ကျောင်းဆရာတော် ဦးသောမက မိန့်ကြားသည်။ ဆရာတော်အနေဖြင့် ဂူပတ်ဝန်းကျင်ဒေသတွင် ပြည်တွင်း ပြည်ပခရီးသွားများ၊ ဘုရားဖူးများ၊ လေ့လာသူများ နားနေနိုင်ရန် ထိုင်ခုံများ ပြုလုပ်ခြင်း၊ ပန်းခြံများ၊ အရိပ်ရသစ်ပင်များ စိုက်ပျိုးခြင်းတို့ ဆက်လက်လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# မသန်စွမ်းများသည် လူမှုအသိုင်းအဝိုင်းအကျိုးပြု အစွမ်းအစပြလိုသူများဖြစ်

**ရန်ကုန် ဇွန် ၉**

မြန်မာနိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းခန့်ဖြစ်သော ၂၃ သိန်းခန့်ရှိသည့် မသန်စွမ်းသူများသည် လူမှုအသိုင်းအဝိုင်းအကျိုးပြု အစွမ်းအစများကို ပြသလိုသူများဖြစ်ကြကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းစိုးက ရန်ကုန်မြို့ Park Royal Hotel ၌ ဇွန် ၆ ရက်ကကျင်းပခဲ့သည့် မသန်စွမ်းသူများအကျုံးဝင် ရွေးကောက်ပွဲဆိုင်ရာ မီဒီယာဆုချီးမြှင့်ပွဲတွင် ပြောကြားသည်။

"မြန်မာနိုင်ငံဟာ တစ်စထက်တစ်စ ပြောင်းလဲပွင့်လင်းတဲ့ ဒီမိုကရေစီအခြေခံသော လူ့ဘောင်အဖွဲ့အစည်းကို ဦးတည်ဆောင်ရွက်နေချိန်မှာ မြန်မာနိုင်ငံလူဦးရေရဲ့ ၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်တဲ့ ၂၃ သိန်းခန့်သော မသန်စွမ်းတွေဟာလည်း နိုင်ငံအတွက် ရပ်ရွာအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ တစ်စိတ်တစ်ဒေသ တစ်ဖက်တစ်လမ်းက လူမှုအသိုင်းအဝိုင်းအတွက် အကျိုးပြုနိုင်တဲ့သူတွေဖြစ်တယ်ဆိုတာကို မသန်စွမ်းသူများဟာ အစွမ်းအစပြလိုကြသူများ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီအခြေအနေ အခွင့်အရေးတွေဟာ အခြေအနေအရ တားဆီးခံရပြီး မှေးမှိန်နေကြရပါတယ်။ ဒါနဲ့အတူ အစွမ်းအစတွေကလဲ အားနည်းနေတာဖြစ်ပါတယ်။ အခုလို ပွင့်လင်းစပြုလာတဲ့ ဒီမိုကရေစီကိုသွားနေတဲ့အချိန်မှာ မသန်စွမ်းတွေအနေနဲ့ နိုင်သလောက် စွမ်းသလောက် ဆောင်ရွက်သွားကြမှာပါ"ဟု မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ဥက္ကဋ္ဌက ဆိုသည်။

မသန်စွမ်းသူများနှင့်မသန်စွမ်းသူများအခွင့်အရေး လူတိုင်းအကျုံးဝင်ရွေးကောက်ပွဲ အခြေအနေများကို သတင်းဖြင့် လွှမ်းခြုံရေးသားသည့်အခါ ပိုမိုထိရောက်အားကောင်းသည့်သတင်းများ ဖြစ်ပေါ်လာရေးနှင့် အနာဂတ်တွင် အခြေအနေကောင်းများဖြစ်ထွန်းလာစေရန်၊ အနာဂတ် မြန်မာနိုင်ငံရွေးကောက်ပွဲများတွင် မသန်စွမ်းသူများလည်း အများနှင့်တန်းတူ လက်လှမ်းမီပါဝင်နိုင်ရန်နှင့် မဲပေးခြင်းသည် နိုင်ငံအတွက် မည်မျှအရေးကြီးသည်ဆိုသည်ကို သိရှိစေရန်အတွက် မသန်စွမ်းသူများအကျုံးဝင် ရွေးကောက်ပွဲဆိုင်ရာ မီဒီယာဆုချီးမြှင့်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်းလည်း ၄င်းက ဆက်ပြောသည်။

အဆိုပါ မီဒီယာဆုချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရဲမြင့်က အမှာစကားပြောကြားပြီး ဒိုင်အဖွဲ့ဝင် ဆရာဦးဝင်းငြိမ်းက ဒိုင်လူကြီးများကိုယ်စား ဆုရွေးချယ်ခြင်းလုပ်ငန်းစဉ်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆုများကို ချီးမြှင့်ရာ မသန်စွမ်းသူများအကျုံးဝင် ရွေးကောက်ပွဲဆိုင်ရာသတင်းပြိုင်ပွဲ ပထမဆုရ MRTV မှ ဒေါ်စုသက်မှူး၊ ဒုတိယဆုရ 7Days မှ ဦးသက်အောင်၊ တတိယဆုရ DVB မှ ဦးကိုကိုမောင်၊ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ဦးကြည်ထွန်း(လူမှု)၊ ဒုတိယဆုရ ဦးစိုးသူရ၊ တတိယဆုရ ဆရာမြတ်(ကလေး)၊ ခတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ဒေါ်မြင့်မြတ်စံ၊ ဒုတိယဆုရ ဦးမင်းကိုကိုနှင့် တတိယဆုရ မျိုးဝင်းထွန်း(မုံရွာ)တို့အား ဆုတံဆိပ်နှင့်ဆုငွေများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အရေးဆိုတင်ပြခြင်း လမ်းညွှန်ဆွေးနွေးပွဲကို ကျင်းပရာ ဒေါ်ယုယသူက မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အရေးဆိုတင်ပြဆွေးနွေးခြင်း လမ်းညွှန်စာအုပ်၏ နောက်ခံသမိုင်းအကျဉ်းကိုလည်းကောင်း၊ ဒေါ်ယုယဆွေက General Advocacy အကြောင်းကိုလည်းကောင်း၊ ဦးနေလင်းစိုးက Advocacy အကြောင်းကိုလည်းကောင်း ရှင်းပြပြီး လမ်းညွှန်စာအုပ်ကို အဖွဲ့လိုက်ခြုံငုံသုံးသပ်ကာ Advocacy လုပ်ငန်းစဉ်များ လက်တွေ့ပြုလုပ်ခြင်းနှင့် ပြန်လည်ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

**ပြည် ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းတစ်ခုဖြစ်သည့် အခြေခံအပ်ချုပ်စက်သင်တန်းကို ဇွန် ၇ ရက်က ပြည်မြို့ ပြည်လူငယ့်ရိပ်မြုံ၌ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဝါက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ စက်ချုပ်သင်တန်းတွင် ဒေသတွင်းမှ အမျိုးသမီးငယ် ၁၆ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇွန် ၇ ရက်မှ ဇူလိုင် ၆ရက်အထိ တစ်လဖြစ်ကာ သင်တန်းပြီးဆုံးပါက ထူးချွန်သည့် သင်တန်းသူ သုံးဦးအား အခြေခံ စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် အပ်ချုပ်စက် တစ်လုံးစီနှင့် ဆက်စပ်ပစ္စည်းများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ရွှေဝင်း (ပြည်)**






# ဖန်တီးခြင်းအနုပညာနှင့် 'ကျွန်' ဇာတ်ကားဂယက်

**ကိုလင်း**

လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် ဇွန် ၇ ရက်ကတည်းက "ကျွန်" ရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်၍ ဝေဖန်သံများ၊ ကန့်ကွက်သံများနှင့် ရှုထောင့်အမျိုးမျိုးမှ သုံးသပ်သံများညံနေသည်။ ထိုဇာတ်ကားသည် ဒါရိုက်တာ ညွန့်မြန်မာညီညီအောင် ရိုက်ကူးတင်ဆက်ထားပြီး နေတိုး၊ မြင့်မြတ်၊ ဝတ်မှုန်ရွှေရည်နှင့် ထူးမွန်တို့ အဓိကပါဝင်သရုပ်ဆောင်ထားသည့် လက်ရှိအောင်မြင်သည့် ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။

"ဘုရားကျွန်"ဟူသည့် အသိုင်းအဝိုင်းတို့ မရှိတော့သဖြင့် ထိုသို့သုံးနှုန်းရိုက်ကူးထားသည်ကို မနှစ်သက်သူများ၊ ဘုရားကျွန်ကဲ့သို့သော ရှိခဲ့ဖူးသည့် လူနေမှုစရိုက်ကို ဖော်ပြရာတွင် အနာကြီးရောဂါသည်ဟု ထည့်သွင်းရိုက်ကူးခဲ့သည်ကိုလည်း ဝေဖန်ထောက်ပြသူများစွာ ရှိခဲ့သည်။ ထို့ပြင် ဇွန်လ ၇ ရက်က မင်္ဂလာသာစည် ဘုရားဓမ္မာရုံ၊ ရွှေစည်းခုံဘုရား အနောက်ဘက်၌ "ကျွန်"ဇာတ်ကားတွင် ပါရှိသည့် ရုပ်ကွက်အမည်မှာ အပြင်တွင် အမှန်တကယ်ရှိသည့် ရုပ်ကွက်တစ်ခုဖြစ်ခြင်းကြောင့် ကန့်ကွက်ခြင်းများ ပြုလုပ်ခဲ့သည်။

ထိုသို့ ကန့်ကွက်ပွဲအတွင်း ဒေသခံရပ်ကွက်နေ ပြည်သူများက ဘုရားကျွန် ဇာတ်ကားတွင် ရပ်ကွက်အမည် မသုံးစွဲရန် ရိုက်ကူးစဉ်ကတည်းက ပြောဆိုထားခဲ့ပြီး ဇာတ်ကားတွင် ပါဝင်ပြသလာသည့်အခါ အဆိုပါရပ်ကွက်တွင် နေထိုင်သူဟု ပါဝင်လာသည့်အတွက် ယနေ့ထက်တိုင် ကျန်ရှိနေသည်ဟု ထင်မှတ်ဖွယ်ရာ ရှိကြောင်း၊ ထို့အပြင် အနာကြီးရောဂါသည် ဘုရားကျွန်နှင့် မည်သို့မျှ မပတ်သက်ကြောင်း၊ ဘုရားသို့ လှူဒါန်းရန်အတွက်နှင့် စေတီပုထိုးများကို စောင့်ရှောက်ရန်အတွက် ဘုရားကျွန်များ ရှိခဲ့ဖူးသော်လည်း ရှေးယုံတမ်းစကားများတွင် ဘုရားကျွန်များ စောင့်ရှောက်မှုအလုပ်ကို ပျက်ကွက်ပါက နူနာဖြစ်စေရန် ကျိန်ဆိုမှုများ ရှိခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာတွင် ကန့်ကွက်သည့် သတင်းနှင့်အတူ ဝေဖန်သံများ သောသောညံခဲ့သည်။

ကျွန် ရုပ်ရှင်ဇာတ်ကားသည် စာရေးသူတို့ ငယ်စဉ်က ကြည့်ရှုခဲ့ရသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ စနေနေ့တိုင်း ထုတ်လွှင့်ပြသခဲ့သော ၁၉၆၇-၆၈ခုနှစ်ဝန်းကျင်က အောင်မြင်ကျော်ကြားခဲ့သည့် ရှုမဝဦးကျော် စီစဉ်ထုတ်လုပ်ရိုက်ကူးခဲ့သည့် 'အပယ်ရတနာ' ရုပ်ရှင်ဇာတ်ကားကြီးနှင့် ကျောရိုးမှာ အနည်းငယ် ဆင်တူနေသည်။ ထိုအချိန်က အောင်မြင်လှသည့် 'အပယ်ရတနာ'မှ ၁၉၆၈ခုနှစ်အတွက် အမျိုးသမီး ဇာတ်ပို့ဆုကိုပင် ဒေါ်ခင်မိုးမိုးက ရရှိခဲ့ဖူးသည်။ သရုပ်ဆောင်များအဖြစ် မောင်ယဉ်ထွေး၊ စမ်းစမ်းအေး၊ ခင်မိုးမိုး တို့အထူးပါဝင်သရုပ်ဆောင်ထားကြသည်။

လမ်းဘေးတစ်လျှောက် လိုက်လံတောင်းရမ်း စားသောက်ကာ ရထားကြမ်းပြင်ပေါ်တွင် ငှက်ပျောရွက်ကို ခင်းကာ ထမင်းစား၊ နောက်ဆုံး အနာကြီးရောဂါသည်မလေးကို ဇနီးမယားအဖြစ် ပေါင်းသင်းလက်ထပ်ကာ ဆွေမျိုးများကို ဂရုမထားသည့် ဇာတ်ကားလေး ဖြစ်သည်။ ထိုဇာတ်ကားတွင် လူသားချင်းစာနာ ထောက်ထားသည့် စိတ်၊ ချစ်ခြင်းမေတ္တာတို့ကို ဖော်ကျူးထားပြီး ပရိသတ်ကြီး၏ နှလုံးသည်းပွတ်ကို ဖမ်းစားနိုင်ခဲ့သည်။ သို့သော် တစ်ဖက်တွင်လည်း ထိုဂယက်အဖြစ် ဇာတ်လမ်းကျောရိုးရယူထားသည့် ဒေသခံ အမျိုးသမီးငယ်များကို အခြားဒေသများက စနောက်ခဲ့ခြင်းကိုလည်း မှတ်သားရဖူးသည်။

စာရေးသူတို့နိုင်ငံတွင် မြန်မာ့ရုပ်ရှင်သည် နောက်ကောက်ကျခဲ့သည်မှာ ဆယ်စုနှစ် ငါးခုစာမကတော့ပေ။ အများသူငါက ပြစ်တင်လက်ညှိုးထိုး ဝေဖန်မှုများ၊ အားနည်းသော နည်းပညာ၊ ရိုက်ကူးရေးကုန်ကျခံနိုင်မှုများ စသည့်အကြောင်းအရာပေါင်းများစွာအပြင် ထိန်းသိမ်းရမည့် အမျိုးသားရေးတာဝန်များ၊ ဖိနှိပ်ခံထားရဖူးသည့် မြန်မာ့ရုပ်ရှင်၏ အကန့်အသတ်များ စသည့်အခြေအနေအမျိုးမျိုးကြောင့် နောက်ကျကျန်ရစ်ခဲ့ခြင်းဟု ယူဆရပါသည်။

သို့သော် အနုပညာဖန်တီးသူများအနေဖြင့်လည်း ဇာတ်လမ်းတစ်ခု ဖန်တီးရာတွင် အနုပညာမြောက်စွာ ဖန်တီးခွင့်အားနည်းလျက်ရှိပြီး မြန်မာ့လူ့အဖွဲ့အစည်းနှင့် ကိုက်ညီမှုရှိမရှိ၊ ဆင်ဆာအကဲဖြတ်မှု ရှိမရှိ၊ ပြဿနာဖြစ်နိုင်မဖြစ်နိုင်၊ အများသူငါတို့ ကောက်ချက်ချလွဲမှားမည့် အချက်အလက်များ မပါရှိရေးစသည့် သတိထားရမည့် အချက်အလက်များစွာရှိသည်။ ထို့ပြင် စကားလုံးအသုံးအနှုန်းများ၊ နောက်ခံအချက်အလက်များသည်လည်း ဝေဖန်မှုမှ လွတ်ကင်းစေရန် ကြိုးစားပြင်ဆင်ကြရသည်။ ဇာတ်အိမ်ကောင်းလျှင်တောင် စကားလုံးအသုံးအနှုန်းနှင့် အမှုအယာပိုင်းကို မည်သူ့ကိုမျှ မထိခိုက်စေရန် ကြိုးစားကြရသည်ကိုလည်း မြင်တွေ့ရသည်။ ဖန်တီးသူများအဖို့ ရုပ်ရှင်ရိုက်ကူးခြင်းမှာ မလွယ်လှသည်ကိုလည်း ရိုက်ကွင်းများတွင် နေ့စဉ်သွားလာရင်း မြင်တွေ့ရသည်။

ကျွန်ဇာတ်ကားတွင် ထူးမွန်၏ သရုပ်ဆောင်ချက်များက ဇာတ်ကားတစ်ခုလုံးကို ဆွဲယူသွားခဲ့သည်။ ရွှေမင်းသမီးလေးကဲ့သို့ လှပပျိုမြစ်သည့် သမီးလေးကို အနာရောဂါများနှင့် အမျိုးသမီးတစ်ဦးက မွေးဖွားခဲ့သည်။ ထိုသို့ မွေးဖွားခဲ့သည်ကိုလည်း မည်သူ့ကိုမျှ မသိစေချင်။ မိဘဖြစ်ခြင်းကြောင့် ချစ်ခြင်းတရားကတစ်ဖက်၊ သမီးဖြစ်သူကို သတိရတမ်းတစိတ်က တစ်ဖက်ဖြင့် ဇာတ်ကားကြည့်မိသူများ မျက်ရည်ဖြေမဆည်နိုင် ဖြစ်ကြသည်။ ဇာတ်ကားသည် မိဘနှင့် သားသမီးတို့အကြား မေတ္တာတရားကို အခြေခံရိုက်ကူးထားခြင်းဟု ကောက်ချက်ချနိုင်သည်။

ရိုက်ကူးသူအနေနှင့်လည်း အသိုင်းအဝိုင်းတစ်ခုအား စော်ကားလိုသည့် စိတ်ဆန္ဒရှိမည်တော့ မဟုတ်တန်ရာဟု အကဲခတ်မိသည်။ သို့သော် လက်ရှိကာလနှင့် ထင်ဟပ်ဖော်ပြရာတွင် နေရာနှင့် အကြောင်းတိုက်ဆိုင်မှုအချို့ကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်သည်ဟုတော့ ထောက်ပြလိုပါသည်။ ထို့ပြင် တစ်ဖက်တွင်လည်း ယခုခေတ်နှင့် အံမဝင်သည့် အချို့သော ပြကွက်များသည် ယနေ့ကာလ လူ့အခွင့်အရေးများ ရရှိလာချိန်တွင် ပြသရန်မသင့်ဟု ယူဆနိုင်ပြီး အခြားနိုင်ငံများမှ မိမိတို့နိုင်ငံ၊ မိမိတို့၏ လူ့အခွင့်အရေးရရှိမှုတို့ အပေါ်တွင် သံသယ တစ်စုံတစ်ရာ ဖြစ်ပွားသွားနိုင်ပါသေးသည်။

ကျွန်ဇာတ်ကားနှင့်ပတ်သက်၍ ဒေသခံများ၏ တောင်းဆိုချက်များအနက်မှ နိုင်ငံတကာတွင် အင်္ဂလိပ်စာတန်းထိုးဖြင့်မပြသရေးကဲ့သို့သော အချက်များသည် ဒေသခံများ၏ ခံစားချက်ကို နားလည်ပေးသင့်ပြီး အချို့အချက်များဖြစ်သည့် အကယ်ဒမီရွေးချယ်ခွင့်မရှိစေခြင်းကဲ့သို့သော အချက်များသည် အနုပညာဖန်တီးမှုကို ကန့်သတ်ပေးလိုက်ရာကျသည့် အချက်များဖြစ်ခြင်းကြောင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းကြခြင်းဖြင့် အဆင်ပြေစေလိုလှပါသည်။

မိမိတို့နိုင်ငံနောက်ခံဇာတ်လမ်းကျောရိုးများကို ရယူကာ အိမ်နီးချင်းနိုင်ငံအချို့က ရုပ်ရှင်ဇာတ်ကားများ ဖန်တီးကြသည်။ ကိုယ့်နိုင်ငံမှ သမိုင်းဆရာများ စိတ်ထိခိုက်ကြသည်။ အချို့အချက်အလက်များ အသုံးအနှုန်းများနှင့် ဝတ်စားဆင်ယင်မှုများ မှားယွင်းနေကြသည်။ သို့သော် သူတို့သည် အနုပညာကို ဖန်တီးသူများဖြစ်သည်။ လက်တွေ့အမှန်တရားကို ဖော်ထုတ်ပြရန်၊ ကာကွယ်ထိန်းသိမ်းရန် စာရေးသူတို့ ကြိုးပမ်းနေချိန်တွင် ထိုဇာတ်ကားများကို နိုင်ငံတကာတွင် ပြသနေပြီဖြစ်သည်။

ယခု ကျွန်ဇာတ်ကားသည်လည်း ယုတ္တိမတန်သည့် အချက်အလက်များ ပါဝင်နေကောင်းပါဝင်နေပါလိမ့်မည်။ သို့သော် အနုပညာဖန်တီးမှုတစ်ခုအဖြစ်သာ သဘောထားနိုင်လျှင်ဖြင့် အကောင်းဆုံးဟု ထင်မြင်ယူဆမိပါသည်။

> **မိဘဖြစ်ခြင်းကြောင့် ချစ်ခြင်းတရားကတစ်ဖက်၊ သမီးဖြစ်သူကို သတိရတမ်းတစိတ်က တစ်ဖက်ဖြင့် ဇာတ်ကားကြည့်မိသူများ မျက်ရည်ဖြေမဆည်နိုင် ဖြစ်ကြသည်။ ဇာတ်ကားသည် မိဘနှင့် သားသမီးတို့အကြား မေတ္တာတရားကို အခြေခံရိုက်ကူးထားခြင်းဟု ကောက်ချက်ချနိုင်**

# ပရိသတ်ကြီး၏ ခံစားချက်ကို ပုံဖော်ချင်သူ ရွှေထူး

စိတ်ကူးယဉ်စာအုပ် အမည်ရ တစ်ကိုယ်တော်အခွေ နောက်ဆုံးထွက်ရှိထားပြီး ထပ်မံ၍လည်း တေးစီးရီးအတွက် သီချင်းအသစ်များ ပြင်ဆင်နေကြောင်း ရွှေထူးက ပြောကြားသည်။ ဂီတလောကသို့ ၂၀၁၅ ခုနှစ်က စတင်ရောက်ရှိလာသည့် ရွှေထူးသည် တံခါးဖွင့်လို့ထားတယ် အမည်ရှိ သီချင်းဖြင့် ပရိသတ်ချစ်ခင်နှစ်သက်မှုကို ရရှိလာခြင်းဖြစ်သည်။

"ကျွန်တော်က သီချင်းတွေကို ဖန်တီးရတာ ပျော်တယ်။ ကိုယ်တိုင်က အချစ်နဲ့ပတ်သက်ပြီး ခံစားရေးသားတာများတာပေါ့။ ကိုယ်တိုင်ခံစားရတဲ့ အခြေအနေထက် ကိုယ့်ပတ်ဝန်းကျင်ကနေ အချစ်တွေကို လိုက်ပြီး လေ့လာခံစားရေးစပ်ပါတယ်။ ကိုယ်တိုင်အသည်းခွဲပြီး တစ်ယောက်ပြီး တစ်ယောက် ပြောင်းတွဲပြီး ကုန်ကြမ်းရှာတာတော့ မလုပ်ပါဘူး" ဟု အချစ်သီချင်းများ ဖန်တီးနေသူ ရွှေထူးက ပြောသည်။

နောက်ထွက်မည့် အခွေသစ်အတွက် သီချင်းများဖန်တီးနေသည့် ရွှေထူးက ပရိသတ်တွေ အနေဖြင့်လည်း မိမိတို့ခံစားချက်များ၊ အချစ်ရေးကိစ္စများ၊ ဘဝနှင့်သက်ဆိုင်သည့် အကြောင်းအရာများအား သူ့ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် ပေးပို့ကြရန် ရွှေထူး ဖိတ်ခေါ်ပြီး ပရိသတ်ကပေးသည့် ခံစားချက်အားလုံးကို စုစည်းပြီး သီချင်းခွေတစ်ခု ရေးသားဖန်တီးရန်လည်း ရွှေထူးက စိတ်ကူးထားကြောင်း သိရသည်။

"ကျွန်တော့်မှာ ချစ်သူလည်းရှိပါတယ်။ အိမ်ထောင်ပြုဖို့ကတော့ လိုပါသေးတယ်။ နှစ်ဖက်စလုံးက သားသမီးတာဝန်ကျေပွန်အောင် လုပ်ပေးဖို့ရှိပါသေးတယ်။ သူရော ကျွန်တော်ရော ကိုယ့်မိဘကိုယ် ကျေးဇူး အရင်တတ်နိုင်သလောက် ဆပ်ကြမယ်ပေါ့။ မိဘတွေကို အချိန်အတိုင်းအတာတစ်ခုအထိ လုပ်ကျွေးပြီးရင်တော့ ကိုယ့်အိမ်ထောင်ရေးအတွက် ငွေစုကြရမယ်။ နှစ်ဖက်လုံး ပြီးပြည့်စုံလောက်မှပဲ အိမ်ထောင်ပြုမယ်" ဟု ရွှေထူးက ပြောကြားသည်။ **ကိုလင်း**

# ကိုယ့်အချစ်အကြောင်း ကိုယ့်သီချင်းအသွင်ဖြင့်ပြောပြမည့် မိစန္ဒီ



မိစန္ဒီက တတိယမြောက် တစ်ကိုယ်တော်အခွေ "အသည်းလေး"စီးရီးကို လာမည့် ဇွန် ၁၇ ရက် ညနေတွင် လှည်းတန်းစင်တာ၌ စတင်မိတ်ဆက်ဖြန့်ဖြူးထုတ်ဝေကာ အမှတ်တရ လက်မှတ်ရေးထိုးပွဲ ပြုလုပ်မည်ဖြစ်သည်။

"ဒီအခွေထဲမှာ အများကြီးရင်းနှီးထားရတယ်။ နားထောင်ကြည့်ရင် သိလာမှာပါ။ ကျွန်မ အခွေထုတ်မယ်လို့ စပြီးလုပ်တဲ့ အချိန်ကတည်းက Show ပွဲတွေ အားလုံးနီးပါးကို ရပ်ပစ်လိုက်တယ်။ M150 အချိုရည်က ကိုယ်စားလှယ်ခန့်ထားလို့ အဲဒီပွဲလောက်ပဲ ဆိုဖြစ်ခဲ့တယ်။ အချိန်တိုင်း အခွေအတွက် ပြင်ဆင်နေခဲ့ရတယ်။ သီချင်းတွေ ဖန်တီးတဲ့အခါမှာလည်း သံစဉ်မကြိုက်တာ၊ စာသားမကြိုက်တာ အားလုံးအချိန်ယူပြီး ပြင်ဆင်တယ်။ ဗားရှင်းလည်း အမျိုးမျိုးပြောင်းပြီး စမ်းသပ်ခဲ့ရတယ်။ တေးရေးတွေအားလုံးလည်း ကူညီပြီး စိတ်ရှည်လက်ရှည် လုပ်ပေးခဲ့ကြတယ်။ ပရိသတ်နဲ့ ထပ်တူကျမယ့် သီချင်းမျိုးတွေဖြစ်အောင် ကြိုးစားထားပါတယ်။

"အခွေထဲမှာ သီချင်း ၁၄ ပုဒ် ပါဝင်ပါတယ်။ ကိုယ်တိုင်ရေးလည်း ပါဝင်ပြီး ကိုယ့်အချစ် ခံစားချက် အကြောင်းကိုလည်း ကိုယ်တိုင်ခံစားရေးထားတာလည်းပါတယ်။ အရှေ့က ထွက်ခဲ့တဲ့ အခွေနဲ့ဆိုရင်တော့ အများကြီးကွာခြားတယ်"ဟု မိစန္ဒီက ပြောသည်။

**မေး ။ အချစ်သီချင်းတွေ သီဆိုနေတဲ့ မိစန္ဒီရဲ့ အချစ်ရေးကိုလည်း ပြောပြပါဦး။**

ဖြေ ။ အချစ်ရေးကတော့ အေးအေး ဆေးဆေးပါ။ ကိုယ်က အနုပညာသမား တစ်ယောက်ဖြစ်လာပြီ ခံစားမှုက နည်းနည်းတော့ ပြင်းထန်တယ်။ သူများတွေထက် ပိုပြီးခံစားတတ်တာမျိုးတော့ ရှိပါတယ်။ ဒါပေမယ့် လူငယ်ဖြစ်နေလို့လားတော့ မသိဘူး အချစ်ဆိုတာကို တစ်ခါတလေကျ လုံးဝခေါင်းထဲမထည့်ထားဖြစ်ဘူး။ ချစ်ကြည့်မိတယ်။ ပြီးရင်မချစ်တော့ဘူး။ မုန်းကြတယ်။ နောက်ဆုံးကျပြီးသွားတာမျိုး အများကြီးရှိတယ်။ လက်ရှိမှာတော့ အိမ်ထောင် ပြုချင်တဲ့စိတ် မရှိသလောက်ပါပဲ။ ကိုယ့်အပေါ် နားလည်ပေးနိုင်သူကလည်း မရှိသလောက် နည်းတယ်။

**မေး ။ စီးပွားရေးလုပ်ငန်းတွေ လုပ်နေတာလည်း တွေ့ရတယ်။ လက်ရှိစီးပွားရေးလုပ်ငန်းကိုရော ဆက်လုပ်နေသေးလား။**

ဖြေ ။ စီးပွားရေးဆိုပေမယ့် အကြီးကြီး မဟုတ်ပါဘူး။ ကိုယ်တတ်နိုင်တာလေးနဲ့ အထည်ဆိုင်လေးဖွင့်တဲ့သဘောပါ။ အနုပညာကတော့ ကိုယ်ဝါသနာပါတဲ့အရာကို လုပ်နေတာ။ ကိုယ်တတ်နိုင်သလောက် လုပ်ရင်းကနေ ကိုယ့်အတွက် ရေရှည်ဝမ်းစာ အာမခံချက်လေး ရနိုင်ဖို့ပါ။ အနုပညာအလုပ် အခွေထုတ်တာကတော့ ရသမျှက အခွေထုတ်ဖို့ ကုန်သွားလိုက်၊ ပြန်ရှာလိုက်၊ အခွေပြန်ထုတ်လိုက်နဲ့ပဲ ပတ်လည်ရိုက် နေတာ ဂီတပိုင်းက တော်တော်များများပဲလေ။ **ကိုလင်း**

# အပတ်စဉ် သောကြာ၊ စနေတို့တွင် ကန်တော်ကြီး၌ဇာတ်ပွဲကြည့်ရှုနိုင်မည်

ရှီလာ



လာမည့် ဇွန် ၃၀ ရက်မှစတင်ကာ အပတ်စဉ် သောကြာနေ့နှင့် စနေနေ့များတွင် ကန်တော်ကြီး မျှော်စင်ကျွန်း မိုးရာသီ ဇာတ်ပွဲများ စတင်ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

"သောကြာနဲ့ စနေနေ့တိုင်း ည ၇ နာရီကနေ ၁၀နာရီအထိ ဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်"ဟု ရွှေမန်းသဘင် ဇာတ်အဖွဲ့မှ ကိုတင်မောင်ဆန်းမင်းဝင်းက ပြောကြားသည်။

မိုးကာလ စက်တင်ဘာလအထိ အပတ်စဉ်တင်ဆက်ပေးမည် ဖြစ်ကာ စက်တင်ဘာ ၂၄ ရက်အထိ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအစီအစဉ်ကို mrtv channel တွင် ည ၉နာရီနှင့် channel 9 တွင် မွန်းလွဲ ၁ နာရီ တနင်္ဂနွေနေ့တိုင်း ပြန်လည်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# သမီးကျောင်းမတက်မီမော်လ်ဒိုက်အပန်းဖြေခရီးထွက်သည့် ပြေတီဦးတို့ဇနီးမောင်နှံ

ရှီလာ



ပျော်ရွှင်စွာဆော့ကစားနေကြသည့် ကလေးငယ်နှစ်ဦး၏ ပုံကို ဗီဒီယိုရိုက်ကူးကာ ပြေတီဦးက လူမှုကွန်ရက်တွင် ယမန်နေ့က တင်ထားရာ ဝင်ရောက်ကြည့်ရှုဖြန့်ဝေသူ သုံးထောင်ခန့်ရှိခဲ့သည်။

ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့သည် ကလေးနှစ်ဦးနှင့်အတူ ဇွန် ၆ရက်မှ ၁၀ရက်အထိ မော်လ်ဒိုက်ကမ်းခြေတွင် ရှိမည်ဖြစ်ပြီး ဇွန် ၄ရက်ကလည်း မန္တလေး ပရိသတ်များနှင့် တွေ့ဆုံကာ နေဝင်ချိန်အိပ်တန်းတက် ဇာတ်ကားပြသရာ၌ ပရိသတ်များနှင့် သွားရောက်တွေ့ဆုံခဲ့သေးသည်။

# မြန်မာ Idol အချစ်တော် ရဲနောင် တစ်ကိုယ်တော်အခွေ ထုတ်မည်

ဝေလင်း

Myanmar Idols Season 2 အဆိုပြိုင်ပွဲမှတစ်ဆင့် ဂီတလမ်းကြောင်း



ပေါ်ရောက်ရှိလာပြီး Show ပွဲများတွင် အတွေ့များလာသူ အဆိုတော် ရဲနောင်ကတစ်ကိုယ်တော်ခွေ ထွက်ရှိရန်စီစဉ်နေကြောင်းသိရသည် ။

"အဆိုပြိုင်ပွဲဝင်ပြိုင်ပြီးလည်း အနုပညာလှုပ်ရှားမှုတွေ နည်းနေရင် ပရိသတ်နဲ့ အလှမ်းဝေးသလို ဖြစ်သွားနိုင်တယ်။ အတတ်နိုင်ဆုံးတော့ ပရိသတ်နဲ့ အဆက်အသွယ်မပျက်အောင် ကြိုးစားတယ်။ ကျွန်တော်တို့လို ဝါသနာရှင်လူငယ်တွေအတွက် ပရိသတ်နဲ့ပိုရင်းနှီးအောင် တစ်ကိုယ်တော်ခွေထွက်နိုင်မှ ပိုအဆင်ပြေမယ်ထင်ပါတယ်။ တစ်ကိုယ်တော်ခွေ ထွက်နိုင်အောင်တော့ ကြိုးစားနေတယ်။ ကိုယ်တိုင်ရေးတဲ့ တေးသီချင်းတွေကော နာမည်ကြီးတေးရေးတွေရဲ့သီချင်းလေးတွေကိုပါထည့်ဖို့စိတ်ကူးထားတယ်။ ပရိသတ်လက်ထဲအမြန်ဆုံးထည့်ပေးနိုင်အောင်ကြိုးစားနေပါတယ်"ဟု ရဲနောင်က ပြောကြားသည်။

သူအနေဖြင့် ဂီတပြိုင်ပွဲကနေ ရရှိသည့် ငွေကြေးနှင့် ဖျော်ဖြေပွဲများမှ ရရှိသည့် အနုပညာကြေးများဖြင့် မိခင်ကို မြေကွက်ဝယ်ယူပေးနိုင်ခဲ့ပြီး မိဘဖြစ်စေချင်သည့် ဘဝကို လျှောက်လှမ်းသွားမည်ဟုလည်း ရဲနောင်က ပြောကြားခဲ့သည်။

# ဖောင်တော်ဦးဘုရား ကမ်းပြိုကာကွယ်ရေးလုပ်ငန်း စတင်ဆောင်ရွက်



**ရေစကြို ဇွန် ၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့အမှတ် ၄ ရပ်ကွက်တွင် အလောင်းစည်သူမင်းကြီးတည်ထားကိုးကွယ်တော်မူခဲ့သည့် ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးဘုရားကြီးမှာ ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် မြေထိန်းနံရံ အောက်ခြေကျောက်ထုပ်များ ပြတ်ရွေ့ပြီးနံရံများ အက်ကွဲပျက်စီးလျက်ရှိသည်။

ထို့ကြောင့် ကမ်းပြိုမှုအန္တရာယ်ကျရောက်နိုင်သည့်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က သဘာဝဘေးကြိုတင်ကာကွယ်ရေး ရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀၀ ခွင့်ပြုပေးခဲ့ပြီး ယခုအခါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဇွန် ၇ ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်ကို သိရသည်။

အဆိုပါ ဖောင်တော်ဦးဘုရား ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဖောင်တော်ဦးဘုရားကြီးအထက်ဘက် ပေ ၄၀၀ ကျော်အကွာ ချင်းတွင်းမြစ်အတွင်း အလျား ပေ ၇၀ ရှိထန်းလုံးရေလွှဲ နှစ်တန်းနှင့် ဘုရားကြီးအထက်ဘက်ပေ ၂၀၀ ကျော်အကွာ ချင်းတွင်းမြစ်အတွင်း အလျားပေ ၇၀ ရှိ ထန်းလုံးရေလွှဲနှစ်တန်း ရိုက်၍ရေကြောင်းပြောင်းပေးခြင်းဖြင့် ယခုနှစ်ရေကြီးချိန်တွင် ဘုရားကြီး မျက်နှာစာမြေထိန်းနံရံအား ရေကြောင်းတိုက်ရိုက်စီးဆင်းမှုကို ကာကွယ်နိုင်သည့်အပြင် ဘုရားကြီးကမ်းခြေတစ်လျှောက် သဲနုန်းပို့မှုသက်သာစေမည်ဖြစ်သည်။

ထို့အပြင် ဘုရားကြီးမြေထိန်းနံရံအောက်ခြေသို့ သဲအိတ်တစ်သိန်းကိုလည်း နိုင်လွန်ကွန်ပိုက်များနှင့် ထုပ်ပိုး၍ ချထားခြင်းဖြင့် မြေထိန်းနံရံအောက်ခြေ ရေတိုက်စားခြင်းကို ကာကွယ်သွားမည်ဖြစ်ကြောင်း ဖောင်တော်ဦးဘုရား ကမ်းပြိုမှုကာကွယ်ရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော မကွေးတိုင်းဒေသကြီးမြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖေထွေးဇော်(ရေစကြို)**

# လျှပ်စစ်ဓာတ်အားလိုင်း ကြံ့ခိုင်ကောင်းမွန်စေရေးဆောင်ရွက်

**သုံးခွ ဇွန် ၉**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာမှ ပုလဲကျေးရွာအထိ ငါးမိုင်၊ သုံးခွမြို့နယ် ပုလဲကျေးရွာမှ အမှတ် ၉ ရပ်ကွက်ရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံအထိ ၁၀ မိုင် စုစုပေါင်း ၃၃ ကေဗွီဓာတ်အားလိုင်းကြိုး ၁၅ မိုင်အား ဓာတ်အားလိုင်းကြံ့ခိုင်ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိရာ ကြိုးများ အစားထိုးလဲလှယ်ခြင်း ယခုလက်ရှိရထားလမ်းသုံး သံဓာတ်တိုင်နှစ်တိုင်ကြားတွင် ဓာတ်အားလိုင်းကြိုးများ ဝန်ဒဏ်ခံနိုင်စေရန်နှင့် ဓာတ်ကြိုးများ အိကျမှုမဖြစ်စေရန် ၁၀ မီတာအရှည်ရှိ ကွန်ကရစ်ကြားတိုင်များ စိုက်ထူခြင်းတို့ကို ဇွန် ၆ ရက်မှစ၍ ကျေးရွာများရှိ လယ်ကွင်းများအတွင်းတွင် အချိန်မီပြီးစီးနိုင်ရေးအတွက် ခရိုင်လျှပ် စစ်မန်နေဂျာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ် မန်နေဂျာ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက စီမံဆောင်ရွက်နိုင်ရန် ရေပြင်သက်ကယ်ဇာတ်တိုက် လေ့ကျင့်မှုကို ဇွန် ၇ ရက်က ပြုလုပ်စဉ် (အဆိုပါ လေ့ကျင့်မှုတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။)** ဝင်းကြိုင်(ပြန်/ဆက်)

# လယ်သမားများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ရော်ဘာခြံရှင်များကို ချေးငွေထုတ်ပေးနိုင်ရေးစီစဉ်ဆောင်ရွက်

**ဘားအံ ဇွန် ၉**

ကရင်ပြည်နယ်အတွင်းရှိ လယ်သမားများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် ရော်ဘာခြံရှင်များသို့ လုပ်ငန်းအထောက်အကူပြုချေးငွေပေးအပ်နိုင်ရေးအတွက် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဇွန် ၆ ရက်က မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် ချိတ်ဆက်၍ ငွေကျပ်သိန်း ၅၀ မှ သိန်းတစ်ထောင်အထိ တစ်လ ၇၀ ပြားမှ ၁ ကျပ် အတိုးနှုန်းအတွင်းထုတ်ချေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် (၂၀၁၇-၂၀၁၈) ခုနှစ်အတွက် မိုးစပါးစိုက်ဧက ၅၁သမ ၅ သိန်းဧကလျာထားပြီး ရော်ဘာစိုက်ဧက ၂ ဒသမ ၆ သိန်းရှိသည်။

ပြည်နယ်၏ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ မြင့်မားစေရေးအတွက်လုပ်ကွက်ငယ်လယ်သမားများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ မျိုးစေ့ထုတ်တောင်သူများအသင်း၊ ဘားအံမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းစသည်တို့ လိုအပ်လျက်ရှိသော ချေးငွေကို ပြည်နယ်အစိုးရ၏ ထောက်ခံချက်ဖြင့် မြန်မာ့ရှေ့ဆောင်ဘဏ်မှ စုစုပေါင်း ကျပ် သိန်းတစ်သောင်းခန့်ကို သုံးနှစ်ကာလထုတ်ချေးပေးရန် ညှိနှိုင်းပေးနေကြောင်း ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းဇော်က ပြောသည်။

**နေမျိုးလွင်**

# သောက်သုံးရေအဆင်ပြေရန်ရေကန်များပြန်လည်တူးဖော်

**နတ်တလင်း ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်(အနောက်ခြမ်း)နွယ်ခွေကျေးရွာအုပ်စု ကြို့ကုန်းရွာနှင့် ကုန်းသာရွာတို့တွင် ဇွန် ၅ ရက်က နွေရာသီ၌သောက်သုံးရေ အခက်အခဲမရှိစေရေး ဒေသနေပြည်သူများက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ရေကန်များကို ပြန်လည်တူးဖော်လျက် ရှိသည်။

"ကျွန်တော်တို့ဒေသမှာ နွေရာသီရောက်ရင် သောက်သုံးရေရှားပါးတယ်။ အထူးသဖြင့်ကျွဲ၊ နွားတိရစ္ဆာန်တွေအတွက် အခက်အခဲရှိနေတယ်။

ရေကန်တွေက တဖြည်းဖြည်း တိမ်ကောလာလို့ပြန်ပြီး တူးဖော်ရတယ်။ ရွာသူရွာသားတွေက တတ်နိုင်သလောက် ဝိုင်းဝန်းပံ့ပိုးပေးပါတယ်။ ကန်တူးဖော်ရာမှ ပိုလျှံမြေကိုခြံမြေဖို့တဲ့သူတွေ ဝယ်တယ်။ ဖောကားတစ်စီးကို ငွေကျပ် ၇၀၀၀၊ ထော်လာဂျီတစ်စီးကို ငွေကျပ် ၃၀၀၀ ရတယ်။ မြေထိုးကားခက တစ်နာရီ ငွေကျပ် ၆၅၀၀၀ ပေးရတယ်။ ပိုလျှံမြေကိုပြန်ရောင်းတော့ဒေသနေပြည်သူတွေလည်းငွေထည့်ဝင်မှုသက်သာတယ်"ဟု ကုန်းသာရွာသားတစ်ဦးက ပြောပြသည်။

ယင်းကဲ့သို့ ကန်များပြန်လည်တူးဖော်ခြင်းဖြင့် နွေရာသီ၌ သောက်သုံးရေအဆင်ပြေလာတော့မည်ဖြစ်ကြောင်း သိရသည်။



**တင်မြင့် (နတ်တလင်း)**

# စပိန်၊ ဆားဘီးယား၊ အီတလီတို့ နိုင်ငံပွဲတွေရယူမယ့် ၂၀၁၈ ကမ္ဘာ့ဖလား ဥရောပဇုန်ခြေစစ်ပွဲ

— မိုးမြင့်လင်းလက် —




၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲတွေကို ဇုန်အလိုက်ကစားနေကြပြီး ဇွန် ၁၁ ရက်မှာတော့ ဥရောပဇုန် အုပ်စု(G)နဲ့ အုပ်စု(D)တို့ရဲ့ ပွဲစဉ်(၆)ကို ဆက်လက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ အုပ်စု(D)မှာ ဆားဘီးယား၊အိုင်ယာလန်၊ ဝေးလ်၊ သြစတြီးယား၊ ဂျော်ဂျီယာနဲ့ မော်လ်ဒိုဗာအသင်းတွေပါဝင်နေပြီး လက်ရှိရမှတ်တွေအရ အကြိတ်အနယ်ရှိတဲ့ အုပ်စုလည်း ဖြစ်နေပါတယ်။ ဒါကြောင့် ပြတ်သားတဲ့ရလဒ်တွေကို ပြိုင်တူ ပုံဖော်ကြမယ့် အုပ်စု(D)ရဲ့ပွဲစဉ်(၆)က စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

**ဆားဘီးယားနှင့် ဝေးလ်**

အုပ်စု(D)မှာ ဆားဘီးယားတို့က ငါးပွဲကစားပြီးချိန်မှာ ၁၁ မှတ်နဲ့ အုပ်စုထိပ်ဆုံးမှ ဦးဆောင်နေသလို ဝေးလ်တို့ကလည်း ငါးပွဲကစား၊ ခုနစ်မှတ်နဲ့ တတိယနေရာမှာ ရှိနေပါတယ်။ ဆားဘီးယားတို့က အခုခြေစစ်ပွဲတွေမှာ အိမ်ကွင်းရှုံးပွဲမရှိသေးဘဲ ရလဒ်ကိုကောင်းအောင် ဖော်ကျူးထားနိုင်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ကစားတိုင်း ပေးဂိုးများနေတတ်ပြီး တိုက်စစ်ကို အရှိန်အဟုန်နဲ့ ထိုးဖောက်တတ်တာမို့ ဝေးလ်တို့ သတိထားကစားမှ ရပါလိမ့်မယ်။ ဝေးလ်တို့ကတော့ အခုကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အဝေးကွင်းနိုင်ပွဲဈေးဦးမပေါက်သေးတာမို့ ဒီပွဲမှာလည်း သိပ်တော့မလွယ်သေးပါဘူး။ ဂါရတ်ဘေးလ် ပြန်လည်ကစားပေးဖို့ ရှိနေတဲ့ ဝေးလ်တို့အနေနဲ့ ဒီပွဲမှာ သရေရလဒ်ထက်ပိုမျှော်မှန်းလို့တော့ မရနိုင်ပါဘူး။

**အိုင်ယာလန်နှင့် သြစတြီးယား**

အုပ်စု(D)မှာ အိုင်ယာလန်တို့ ငါးပွဲကစားပြီးချိန်မှာ ၁၁ မှတ်နဲ့ အုပ်စု ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ အိုင်ယာလန်တို့က တိုက်စစ်ပိုင်း အားရစရာမရှိပေမယ့် ခံစစ်ပိုင်းက အကောင်းဆုံးနဲ့အကျစ်လျစ်ဆုံး ပိုင်ဆိုင်ထားပါတယ်။ အိုင်ယာလန်တိုက်စစ်မှူးတွေဟာ အခုကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အိမ်ကွင်း နှစ်ပွဲကစားခဲ့ရာမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ထွက်အောင် ကြိုးစားနိုင်ပေမယ့် နှစ်ပွဲမှာ တစ်ဂိုးသာသွင်းယူနိုင်ခဲ့ပါတယ်။ အိမ်ကွင်း ပေးဂိုးမရှိသေးတဲ့ အခုကမ္ဘာ့ဖလားခြေစစ်ပွဲတွေမှာတော့ ကောင်းမွန်တဲ့ ခံစစ်ကြောင်းကို ထူထောင်ထားနိုင်ပါတယ်။ သြစတြီးယားတို့ကတော့ ငါးပွဲကစား၊ ခုနစ်မှတ်နဲ့ ခြေစစ်ပွဲအောင်ဖို့ ကြိုးစားနေရပြီး ဒီပွဲမှာ ခြေကုန်ထုတ်လာပါလိမ့်မယ်။ တိုက်စစ်ပိုင်း ကောင်းမွန်တဲ့ သြစတြီးယားဟာ ခံစစ်လုံခြုံတဲ့ အိုင်ယာလန်တို့ကို ထိုးဖောက်ဖြတ်ကျော်ကာ ဂိုးတွေဘယ်လိုသွင်းနိုင်မလဲ ကြည့်ရမှာပါ။ အိုင်ယာလန်တို့ကပ်ပြီး အနိုင်ရသွားနိုင်ပါတယ်။

**မော်လ်ဒိုဗာနှင့် ဂျော်ဂျီယာ**

အုပ်စု(D)မှာ ဒီနှစ်သင်းစလုံးကတော့ ခြေစစ်ပွဲအောင်ဖို့ မလွယ်ပါဘူး။ ခြေစွမ်းပိုင်းကလည်း အခုကမ္ဘာ့ဖလားခြေစစ်ပွဲတွေမှာ နိုင်ပွဲတစ်ပွဲမှ မရသေးတာမို့ ရလဒ်ကောင်းဖို့ဆိုတာ ဂုဏ်သိက္ခာနဲ့ပဲ သက်ဆိုင်နေပါတယ်။ ဂျော်ဂျီယာတို့ကတော့ တိုက်စစ်ပိုင်းရော၊ ခံစစ်ပိုင်းမှာပါ မော်လ်ဒိုဗာတို့ထက်ပိုပြီး အားသာချက်ရှိနေတဲ့အပြင် ကစားအားလည်း ရှိနေတာမို့ အခုပွဲမှာ မော်လ်ဒိုဗာတို့ ကပ်ပြီး အနိုင်ရသွားနိုင်ပါတယ်။

**မက်ဆီဒိုးနီးယားနှင့် စပိန်**

အုပ်စု(G)မှာတော့ စပိန်တို့ အကောင်းဆုံး ခြေစွမ်းပိုင်ဆိုင်ထားပြီး ငါးပွဲကစားပြီးချိန်မှာ ရှုံးပွဲမရှိသေးပါဘူး။ စပိန်တို့က ငါးပွဲကစားပြီးချိန်မှာ ၁၉ ဂိုးသွင်းယူထားသလို ပေးဂိုးနှစ်ဂိုးသာ ရှိထားပါတယ်။ အထူးသဖြင့် အိမ်ကွင်းမှာ သွင်းဂိုးများများ သွင်းယူနိုင်တဲ့ စပိန်တို့ဟာ အဝေးကွင်းမှာတော့ ဂိုးသွင်းစွမ်းဆောင်မှု ကျဆင်းတတ်ပါတယ်။ စပိန်အသင်းမှာ အခုပွဲ လူစုံပါဝင်လာနိုင်တာမို့ မက်ဆီဒိုးနီးယားတို့ ခက်ခဲပါလိမ့်မယ်။ စပိန်ကွင်းမှာ ကစားခဲ့စဉ်က မက်ဆီဒိုးနီးယားတို့ လေးဂိုးပြတ်ရှုံးခဲ့တာကြောင့် အခုပွဲမှာလည်း စပိန်တို့ နိုင်ပွဲရအောင် ကြိုးစားဦးမှာ ဖြစ်ပါတယ်။

**အီတလီနှင့် လက်ချင်စတိန်း**

အုပ်စု(G)မှာ အီတလီက ငါးပွဲကစား၊ ၁၃ မှတ်ရပြီး ဒုတိယနေရာမှာရှိနေသလို လက်ချင်စတိန်းတို့က ရှုံးပွဲတွေချည်းတန်းစီနေပါတယ်။ အီတလီတို့ဟာ တိုက်စစ်ရော၊ ခံစစ်ပါ ဟန်ချက်ညီအောင် ကစားနိုင်ပြီး အခုအုပ်စု ခြေစစ်ပွဲတွေမှာ ရှုံးပွဲမရှိသေးပါဘူး။ ပထမအကျော့မှာ အီတလီက အဝေးကွင်းမှာ လက်ချင်စတိန်းကို လေးဂိုးပြတ်သွင်းပြီး နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာလည်း အဲဒီရလဒ်လိုပဲ ပြတ်သားတဲ့သွင်းဂိုးတွေနဲ့အတူ အီတလီတို့ပဲ အောင်ပွဲခံဦးမှာ သေချာပါတယ်။

**အစ္စရေးနှင့် အဲလ်ဘေးနီးယား**

အုပ်စု(G)မှာ အစ္စရေးတို့ ကြိုးစားမှုက အလေးထားစရာပါပဲ။ ငါးပွဲကစားပြီးချိန်မှာ ကိုးမှတ်ရပြီး တတိယနေရာမှာရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ ပထမအကျော့ ပွဲစဉ်မှာ အစ္စရေးတို့က သုံးဂိုးပြတ်နိုင်ပွဲရထားခဲ့တာမို့ အခုပွဲမှာလည်း အဲလ်ဘေးနီးယားတို့ ခက်ခဲပါလိမ့်မယ်။ အစ္စရေးတို့ နောက်ဆုံးကစားခဲ့တဲ့ လေးပွဲမှာ စပိန်တို့သာ ရှုံးခဲ့ပြီး ကျန်ပွဲတွေအနိုင်ရထားတာမို့ ကစားရှိန်တက်နေတဲ့ အစ္စရေးတို့ပဲ အနိုင်ရလဒ်ကို သိမ်းပိုက်သွားပါလိမ့်မယ်။ ။




## ချယ်လ်ဆီးမှထွက်ခွာဖို့ သေချာနေတဲ့ တိုက်စစ်မှူးကော်စတာ

ချယ်လ်ဆီးအသင်းရဲ့နည်းပြ ကွန်တီက တိုက်စစ်မှူး ကော်စတာကို ကလပ်အသင်းမှာ ယုံကြည်မှု မပေးနိုင်တော့ဘူးလို့ ပြောဆိုခဲ့တယ်လို့ ဆိုပါတယ်။ ကော်စတာကို ချယ်လ်ဆီးနည်းပြက အလိုမရှိတော့ဘူးလို့ ပြောဆိုလိုက်ခြင်း ဖြစ်ပါတယ်။ ဘရာဇီးလ်နိုင်ငံဖွား စပိန်နိုင်ငံသား ကော်စတာဟာ အသင်းဟောင်း အက်သလက်တီကိုအသင်းကို ပြန်ဖို့ ဆန္ဒပြင်းပြနေသူဖြစ်ပါတယ်။

ကော်စတာကို ရေရှည်အလိုရှိမှာ မဟုတ်ဘူးလို့ ကွန်တီက ပြောဆိုခဲ့ပြီးနောက် ကော်စတာကလည်း ချယ်လ်ဆီးမှ ထွက်ခွာဖို့ ကြေညာထားခဲ့ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိ ကော်စတာဟာ အက်သလက်တီကိုအသင်း ကစားသမားခေါ်ယူမှု ပိတ်ပင်ခံထားရသော်လည်း စပိန်သို့ ပြန်ဖို့ဆန္ဒရှိနေခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းက ကစားသမားဟောင်း လူကာကူကို အဲဗာတန်အသင်းမှ ပြန်ခေါ်ဖို့ ကြိုးစားနေပါတယ်။ ချယ်လ်ဆီးက လူကာကူကို ပေါင်သန်း ၁၀၀ နဲ့ ဝယ်ယူသွားဖို့ စီစဉ်လျက်ရှိပါတယ်။ ချယ်လ်ဆီးနဲ့ အဲဗာတန်တို့ ညှိနှိုင်းမှု အဆင်ပြေမယ်ဆိုရင်တော့ ကော်စတာနေရာမှာ လူကာကူ ရောက်ရှိလာနိုင်ပါတယ်။

## အင်္ဂလန်အသင်းကို ဦးဆောင်ကစားမယ့် ဟယ်ရီကိန်း

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ စနေနေ့မှာ စကော့တလန်အသင်းနဲ့ ကစားမယ့် ကမ္ဘာ့ဖလား ခြေစစ်ပွဲမှာ အင်္ဂလန်အသင်းကို ဦးဆောင်ကစားဖွယ်ရှိနေပါတယ်။ ဂါးရက် ဆောက်ဂိတ်ရဲ့အင်္ဂလန်အသင်းဟာ အုပ်စု(F)မှာ ငါးပွဲအနိုင်ရပြီးနောက် ရှုံးပွဲမရှိသေးတဲ့ အသင်းလည်း ဖြစ်ပါတယ်။ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ အောက်တိုဘာလက နည်းပြဖြစ်လာတဲ့ ဆောက်ဂိတ်လက်ထက်မှာ အင်္ဂလန်အသင်းအတွက် ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိသေးပါဘူး။ ဟယ်ရီကိန်းအနေနဲ့ ဆောက်ဂိတ်ဦးဆောင်တဲ့ အင်္ဂလန်အသင်းအတွက် အကောင်းဆုံး ဦးဆောင်ကစားဖို့ ပြင်ဆင်နေပါတယ်။ ဟယ်ရီကိန်းဟာ အနာဂတ်မှာ အင်္ဂလန်အသင်းရဲ့ အသင်းခေါင်းဆောင်လည်းဖြစ်လာဖို့ရှိနေပါတယ်။ စနေနေ့မှာ စကော့တလန်အသင်းနဲ့ ကစားမယ့်ပွဲမှာ ဟယ်ရီကိန်းကတော့ အသင်းကို ဦးဆောင်ကစားနိုင်ဖို့ ရှိပါတယ်။ အင်္ဂလန်အသင်းဟာ အုပ်စု(F)မှာ ဦးဆောင်နေတဲ့အသင်းလည်း ဖြစ်ပါတယ်။




## ဝင်ငွေအကောင်းဆုံး ကစားသမားအဖြစ် စံချိန်တင်တဲ့ စီရော်နယ်ဒို

ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုဟာ ကမ္ဘာကျော် ဖောဘက်မဂ္ဂဇင်းက ထုတ်ပြန်တဲ့ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အားကစားသမား ၁၀၀ ထဲမှာ ထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိတဲ့ တောင်ပံတိုက်စစ်မှူး စီရော်နယ်ဒိုဟာ တစ်နှစ်ကို ပေါင် ၇၁ ဒသမ ၈ သန်း (အမေရိကန် ဒေါ်လာ ၉၃ သန်း)ရရှိခြင်းဖြင့် ဝင်ငွေအကောင်းဆုံး ကစားသမားဖြစ်ခဲ့ပါတယ်။ သူဟာ နှစ်နှစ်ဆက်တိုက် ဝင်ငွေအကောင်းဆုံး အားကစားသမားအဖြစ် စံချိန်တင်ခဲ့ပါတယ်။ စီရော်နယ်ဒိုမတိုင်မီက ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်နဲ့ လက်ဝှေ့အားကစားသမား ဖလွိုက်မေဝဲသားတို့ဟာ ၁၅ နှစ်အကြာ ဝင်ငွေအကောင်းဆုံးနေရာကို အပြိုင်အဆိုင်ရှိနေခဲ့ကြပါတယ်။ ဖော်ဘက်က ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အားကစားသမားတွေရဲ့လစာဝင်ငွေနဲ့ ဆုကြေးငွေတွေရရှိမှုကို ၂၀၁၆ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်အထိ တွက်ချက်ခဲ့တာလို့ ဆိုပါတယ်။ တိုက်ဂါးဝုဒ်ကတော့ ဒီနှစ်မှာ နံပါတ် ၁၇ နေရာပဲ ရရှိခဲ့ပါတယ်။ စီရော်နယ်ဒိုဟာ ဒီနှစ်ထဲမှာ ချန်ပီယံလိဂ်နဲ့ စပိန်လာလီဂါဖလားတို့ကို ရယူရာမှာ အဓိက ခြေစွမ်းပြ ကစားခဲ့သူလည်း ဖြစ်ပါတယ်။



**ကောင်းမြတ်သူ - စုစည်းသည်။**

# ပွင့်ဖြူမြို့မှ ဘုရားလေးဆူ ကြွရောက်သီတင်းသုံးတော်မူရာ ရုံလေးရုံ၊ အောင်မြေလေးနေရာ

**သူရထွန်း(ပွင့်ဖြူ)**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်သည် မုန်းချောင်းက ရစ်ခွေစီးဆင်းကာ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်၍ ရာသီဉတုမျှတသော အေးချမ်းလှသည့် မြို့နယ်တစ်ခုဖြစ်သည်။ ပွင့်ဖြူမြို့နယ်မှ မင်းဘူး၊ မကွေးမြို့ကြီးများနှင့် စလင်း၊ ဆင်ဖြူကျွန်း၊ဆိပ်ဖြူ ချောက်မြို့များသို့ ရာသီမရွေး သွားလာနိုင်ကာ ဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်စည်စီးဆင်းမှုလွယ်ကူသော အချက်အချာကျသည့်မြို့လည်း ဖြစ်သည်။ ကျေးရွာအုပ်စုပေါင်း ၅၆ အုပ်စု၊ ကျေးရွာပေါင်း ၂၀၅ ရွာဖြင့် ဖွဲ့စည်းထားရှိပြီး စလင်း၊ စေတုတ္တရာ၊ ငဖဲ၊ မင်းဘူးမြို့များနှင့် နယ်နိမိတ် ထိစပ်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်သည် ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးသော ဘုရားလေးဆူ ကြွရောက်သီတင်းသုံးတော်မူခဲ့သော နယ်မြေဖြစ်သည်ဟုလည်း ဆိုကြသည်။ ပွင့်တော်မူခဲ့ပြီးသောဘုရားလေးဆူ သီတင်းသုံးတော်မူခဲ့ရာ နေရာများမှာ ပွင့်ဖြူမြို့နယ် အုတ်ဖိုကျေးရွာ၊ ရွာခိုင်ကျေးရွာ၊ ဘုရားကုန်းကျေးရွာနှင့် ကျောင်းတော်ရာကျေးရွာများဖြစ်သည်။ ဘုရားလေးဆူ သီတင်းသုံးတော်မူခဲ့သော သမိုင်းအကျဉ်းမှာ-

**ကုက္ကုဋ္ဌာရုံ**

ဤဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်တော်မူမည်ဖြစ်ရာ ဘုရားလေးဆူ ပွင့်တော်မူပြီးဖြစ်သည်။ ကကုသန်ဘုရားသည် ရှေးဦးစွာပွင့်တော်မူခဲ့သော ဘုရားဖြစ်သည်။ ယခု မြို့စဖိုလ်ရွာဟောင်း ကုက္ကုဋ္ဌာရုံစေတီတော် တည်ထားသောနေရာမှာ ကကုသန်မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့ခြင်း၊ ဂေါတမဘုရားအလောင်း ခေမမင်း ရဟန်းပြု၍ ပါရမီထူးများ ဖြည့်ကျင့်ဆည်းပူးအားထုတ်ခဲ့ခြင်း၊ ဂေါတမမြတ်စွာဘုရား တစ်ရက်သီတင်းသုံးတော်မူ၍ ပရိသတ်များ ကျွတ်တမ်းဝင်ရာနေရာဖြစ်ခြင်း အစရှိသော နေရာထူး၊ နေရာမြတ်ဖြစ်ခြင်းကြောင့် ပထမအောင်မြေဟု သတ်မှတ်ကြသည်။

**ဃောသိတာရုံ**

ဒုတိယပွင့်တော်မူပြီးသောဘုရားမှာ ကောဏာဂုံဘုရားဖြစ်သည်။ ရွာခိုင်ရွာရှိ ဃောသိတာရုံ စေတီတော်မှာ ကောဏာဂုံဘုရားရှင် သီတင်းသုံးခဲ့ရာ ကျောင်းတော်နေရာတွင် တည်ထားခဲ့သော စေတီတော်ဖြစ်ခြင်း၊ ဂေါတမဘုရားအလောင်းတော် သမ္ဗတမင်း သဗ္ဗညုတရွှေညဏ်ကို မရမနေ ရှာကြံအားထုတ်ကာ ကောဏာဂုံမြတ်စွာဘုရားအား ကြီးစွာသော အလှူဒါနကို ပေးလှူပြီးလျှင် ကြီးကျယ်ခမ်းနားလှစွာသော မင်းစည်းစိမ်ကိုစွန့်လွှတ်တော်မူကာ ကောဏာဂုံမြတ်စွာဘုရားထံ ရဟန်းပြုသော နေရာထူးနေရာမြတ်ဖြစ်ခြင်း၊ ဂေါတမမြတ်စွာဘုရား တစ်ရက်သီတင်းသုံးတော်မူ၍ ပရိသတ်များ ကျွတ်တမ်းဝင်ရာနေရာဖြစ်ခြင်းတို့ကြောင့် ဒုတိယအောင်မြေဟုသတ်မှတ်ကြသည်။

**ပါဝါရုံ**

တတိယပွင့်တော်မူသောဘုရားရှင်မှာ ကဿပဘုရားဖြစ်သည်။ ဘုရားကုန်းရွာအနီးရှိ ပါဝါရုံခေါ် ရွှေပန်းမြိုင်စေတီတော်မှာ ကဿပဘုရားရှင် သီတင်းသုံးတော်မူခဲ့ရာ ကျောင်းတော်နေရာတွင် တည်ထားခဲ့သော စေတီတော်ဖြစ်ပြီး ဂေါတမဘုရားအလောင်းတော် ဇောတိပါလလုလင် ရဟန်းဘဝသို့ တက်လှမ်းကာ တရားအားထုတ်ခဲ့ရာနေရာဖြစ်သည်။ ဂေါတမမြတ်စွာဘုရား တစ်ရက်သီတင်းသုံးတော်မူ၍ ပရိသတ် အများအပြား ကျွတ်တမ်းဝင်ရာ နေရာဖြစ်သောကြောင့် တတိယအောင်မြေဟုသတ်မှတ်ကြသည်။

**ဂန္ဓာရုံ**

စတုတ္ထပွင့်တော်မူသော ဘုရားရှင်မှာ ဂေါတမမြတ်စွာဘုရားဖြစ်သည်။ စန္ဒကူးနံ့သာ၊ ဂန္ဓာရုံကျောင်းတော်ရာ စေတီတော်မြတ်ကြီးမှာ လူသိများထင်ရှားလှသော စေတီတော်တစ်ဆူဖြစ်သည်။



ပွင့်ဖြူမြို့ စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်



ပွင့်ဖြူမြို့ အုတ်ဖိုကျေးရွာအနီးရှိ ကုက္ကုဋ္ဌာရုံ မြို့စဖိုလ်စေတီတော်

သမိုင်းအကျဉ်းကိုဖော်ပြရသော် သုနာပရန္တာတိုင်း ဝါဏိဇ္ဇဂါမရွာ(ယခု ကျောင်းတော်ရာကျေးရွာတောင်ဘက် သစ်တော်ကျေးရွာ)သား မဟာပုဏ္ဏသည် ဗုဒ္ဓဘုရားရှင်၏ တရားတော်ကိုနာကြားရကာ ရဟန်းဘောင်သို့ တက်လှမ်းခဲ့ပြီး ဘုရားရှင်ထံမှ သင့်လျော်သောကမ္မဋ္ဌာန်းတရားကို ပန်ကြား တောင်းခံ၍ တရားအားထုတ်ရာ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူသည်။ ညီငယ် စူဠပုဏ္ဏသည် သင်္ဘောသား ၅၀၀ တို့ဖြင့် ပင်လယ်ခရီး ကုန်ရောင်းကုန်ဝယ်သွားရာ လက်လေးသစ်လျှင် အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနံ့သာသစ်များပေါက်ရောက်ရာ မာလာယုခေါ် ကျွန်းကိုတွေ့ရှိ၍ သင်္ဘောအပြည့်မျှ ယူဆောင်ခဲ့ကြသည်။ ကျွန်းစောင့်နတ်ဘီလူးများ မကျေနပ်၍ မုန်တိုင်းဆင်ကာ သင်္ဘောနစ်မြုပ်အံ့ဆဲဆဲတွင် ညီငယ်စူဠပုဏ္ဏ၏ တမ်းတပင့်လျှောက်ချက်အရ ရဟန္တာအရှင်မဟာပုဏ္ဏ ကောင်းကင်ခရီးဖြင့် ကြွရောက်ကယ်တင်သဖြင့် သင်္ဘောသားအားလုံး အသက်ချမ်းသာရခဲ့သည်။

မဟာပုဏ္ဏ၏ကျေးဇူးတော်ကို ဆပ်သောအားဖြင့် ကျောင်းဆောက်၍လှူရာ ရဟန္တာအရှင်သူမြတ်က ဂေါတမမြတ်စွာဘုရားကိုသာလှူဒါန်းရန် လမ်းညွှန်သဖြင့် စူဠပုဏ္ဏဦးဆောင်သော ဝါဏိဇ္ဇရွာသားတို့သည် အဆောင်ပေါင်း ၁၀၈ ဆောင် ပြတင်းပေါင်း ၁၁၆၀ နှင့် လှေကားပေါင်း ၁၀၀ ပါဝင်သော ဘုရားကျောင်းတော်ကြီးကို ရနံ့မွှေးထုံသော စန္ဒကူးသစ်တို့ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဂေါတမမြတ်စွာဘုရားသည် စန္ဒကူးနံ့သာကျောင်းတော်ကြီး ရှိရာ ဝါဏိဇ္ဇဂါမသို့ ကြွရောက်အလှူခံပြီး ခုနစ်ရက် သီတင်းသုံးကာ တစ်ရက်လျှင် လူနတ်ဗြဟ္မာ သတ္တဝါပေါင်း ၈၄၀၀၀ ကျွတ်တမ်းဝင်အောင် တရားရေအေးအမြိုက်ဆေးဖြင့် ချွေချွတ်တော်မူသည်။

ထိုနှစ်သည် မဟာသက္ကရာဇ် ၁၂၃ ခုနှစ်ဖြစ်သည်။ ခုနစ်ရက်ပြည့်မြောက်၍ မဇ္ဈိမဒေသသို့ ပြန်လည်မြန်းကြွတော်မူရာတွင် သစ္စဗန္ဓရဟန္တာ၏ တောင်းပန်ချက်အရ မန်းရွှေစက်တော်ရာတောင်ထိပ်တွင် စက်တော်ရာတစ်ဆူ၊ နမ္မဒါမြစ်ကမ်းနဖူးတွင် စက်တော်ရာတစ်ဆူ ချထားတော်မူခဲ့သဖြင့် ယနေ့အချိန်အခါတွင် မန်းရွှေစက်တော်ဟု တန်ခိုးကြီးဘုရားအဖြစ် လူသိများ ထင်ရှားလျက်ရှိသည်။

မဟာပုဏ္ဏရဟန္တာမြတ်၏ အဓိဋ္ဌာန်ချက်ဖြင့် စန္ဒကူးနံ့သာကျောင်းတော်ကြီး၏ တရားဟောပလ္လင်တော် နေရာတွင် ပေါ်ပေါက်ခဲ့သော သေလာမယစေတီတော်ကိုငုံ၍ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးက စေတီတည်ထားကိုးကွယ်ခဲ့ကာ ကောဇာသက္ကရာဇ် ၄၅၈ ခုနှစ် တပေါင်းလဆန်း ၉ ရက် စနေနေ့တွင် ရွှေကရားနှင့် ရေစက်သွန်းချလှူဒါန်းတော်မူခဲ့သည်။ ထိုကျောင်းတော်ကြီးမှာ စန္ဒကူးနံ့သာသစ်များဖြင့် ဆောက်လုပ်ခြင်းဖြစ်၍ ဂန္ဓာရုံကျောင်းတော်ဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ ရုံလေးရုံအနက် ကုက္ကုဋ္ဌာရုံ၊ ဃောသိတာရုံ၊ ပါဝါရုံတို့မှာ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားတို့ သီတင်းသုံးခဲ့ရာ ကျောင်းတော်ကြီးများဖြစ်ပြီး ဂေါတမဘုရားရှင် လက်ထက်တော်တွင် လေးနေရာလုံး၌ ကြွရောက် သီတင်းသုံးသောအခါမှသာ ဂန္ဓာရုံအပါအဝင် ရုံလေးရုံ အမည်တွင်လာခြင်းဖြစ်သည်။ သာသနာဝင်သမိုင်းနှင့် ရာဇဝင်သမိုင်းများအရ ပွင့်တော်မူခဲ့ပြီးသော မြတ်စွာဘုရားရှင်များ ကြွရောက်သီတင်းသုံးတော်မူခဲ့သော ပွင့်ဖြူမြို့နယ်အတွင်းရှိ ရုံလေးရုံ၊ အောင်မြေလေးနေရာ စေတီတော်များသို့ တစ်ခေါက်တစ်ခါ ဘုရားဖူးလာ၍ ကုသိုလ်ထူးများ ဆည်းပူးဖြည့်ကျင့်နိုင်ကြပါရန် ဖိတ်ခေါ်နှိုးဆော်လိုက်ရပေသည်။ ။

**ကိုးကား။**

**၁။ ဇောတိကရာမသာသနာ့ဝိပုလကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိက ရေးသားတော်မူခဲ့သော ရွှေပန်းမြိုင်စေတီတော်မြတ်ကြီးသမိုင်း။**

**၂။ ကုက္ကုဋ္ဌာရုံ(ခေါ်)မြို့စဖိုလ်စေတီတော်သမိုင်း**

## သတင်းတိုများ

### ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက်လမ်းဖွင့်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်း ညောင်ပင်သာ-ဥသျှစ်ခင်-ပေါက်ဇလုပ် ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ကျောက်ရောမြေသားလမ်းဖွင့်ပွဲကို ဇွန် ၇ ရက်က ကျင်းပရာ လမ်းအတွက်ဦးဆောင်ခဲ့သော ပေါက်ဇလုပ်ကျေးရွာဆရာတော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါကျေးရွာချင်းဆက် ကျောက်ရောမြေသားလမ်းကို ကျေးရွာနေပြည်သူများနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ပြည်သူများ၏ လှူဒါန်းငွေ ကျပ် ၁၀၇ သိန်းဖြင့် လမ်းအရှည်နှစ်မိုင်ကိုအကျယ် ၁၂ ပေ ဖောက်လုပ်ခင်းကျင်းခဲ့ကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

### ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ဧရာဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးသည် ဟိုင်းကြီးကျွန်းမြို့နယ်အတွင်း ကျေးရွာများမှ ဒေသခံပြည်သူများအား ဇွန် ၆ ရက်နှင့် ၇ ရက်က သွားရောက်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်စောနှင့် အဖွဲ့ဝင်များသည် ဇွန် ၆ ရက်တွင် ကျုံကူးကျေးရွာမှ ဒေသခံပြည်သူများအား ကျေးရွာအခြေခံပညာအထက်တန်းကျောင်း စိန်ရတနာခန်းမ၌ တွေ့ဆုံခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြကာ ဇွန် ၇ ရက်တွင် ငါးပြေမကျေးရွာမှ ဒေသခံပြည်သူများနှင့်လည်းကောင်း၊ ကညင်ချောင်းကျေးရွာနှင့် မဲခရဲကျေးရွာမှ ပြည်သူများနှင့်လည်းကောင်း တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ကျောင်းဈေးတန်းများမှ အစားအသောက်များကို လိုက်လံစစ်ဆေး

**တနင်္သာရီ ဇွန် ၉**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် နေ့စဉ်ရောင်းချနေသော ကျောင်းဈေးဆိုင်တန်းများ၌ သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များသာ ရောင်းချရန်နှင့် အန္တရာယ်ဖြစ်နိုင်သော အစားအသောက်နှင့် မုန့်များ ရောင်းချခြင်းမရှိစေရန်အတွက် တနင်္သာရီမြို့နယ် အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ရေးအဖွဲ့က ဇွန် ၇ ရက်တွင် လိုက်လံစစ်ဆေးခဲ့သည်။

စစ်ဆေးရာတွင် မြို့နယ် အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ရေးအဖွဲ့ဝင်များဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလွှမ်းမိုးအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလင်းထိုက်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟုန်စိုးနှင့် ဝန်ထမ်းများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းဈေးတန်းများတွင် ရောင်းချသောမုန့်များ၏ ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ အာမခံချက် ရှိ/မရှိနှင့် သောက်ရေသန့်ဘူးများကို ပူးပေါင်းစစ်ဆေးခဲ့ကြပြီး မြန်မာစာတန်းမပါရှိသည့် တရုတ်အစားအစာများ၊ ထိုင်းအစားအစာများကိုလည်း ဆက်လက်ရောင်းချခြင်းမပြုရန် ဈေးဆိုင်ပိုင်ရှင်များအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# ဆက်သွယ်ရေးအခြေခံအရင်းအမြစ် တီထွင်ဖန်တီးနိုင်မှုအရှိဆုံးဆုကို အူရီဒူးမြန်မာရရှိ

**ရန်ကုန် ဇွန် ၉**
မေလအတွင်းက လန်ဒန်မြို့၌ ကျင်းပခဲ့သော The Global Telecoms Business (GTB) Innovation Summit & Awards 2017 ၌ ဆက်သွယ်ရေး အခြေခံအရင်းအမြစ် တီထွင်ဖန်တီးမှုအရှိဆုံးဆု (Infrastructure Innovation)ဆုကို မြန်မာနိုင်ငံတွင် ပထမဆုံး4G ကွန်ရက် စတင်ဝန်ဆောင်မှုပေးခဲ့သည့်အတွက် အူရီဒူးမြန်မာက ရရှိခဲ့ကြောင်း သိရသည်။

GTB သည် ဆက်သွယ်ရေးလုပ်ငန်းတစ်ရပ်လုံး၏ အော်ပရေတာများနှင့် ပစ္စည်းရောင်းချသူများအကြားတွင် ဆန်းသစ်တီထွင်မှုအရှိဆုံးနှင့် အောင်မြင်မှုအရှိဆုံးသော စီမံကိန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်သွယ်ရေးလုပ်ငန်းဝန်းကျင်တစ်ခုလုံးရှိ ကဏ္ဍအသီးသီးတွင် ပါဝင်ယှဉ်ပြိုင်မှုများထဲမှ အက်ပလီကေးရှင်း၊ ဒီဇိုင်း၊ ကွန်ရက် သို့မဟုတ် ထုတ်ကုန်များ အစရှိသဖြင့် နောက်ဆုံးပေါ် ဆန်းသစ်တီထွင်မှုများ၊ အကောင်းဆုံးသော ဖော်ထုတ်ပြသပေးမှုကို အသိအမှတ်ပြုသော အဖွဲ့အစည်းဖြစ်သည်။

အူရီဒူးမြန်မာ၏ မားကတ်တင်းအရာရှိချုပ် Ms. Charity Safford က "ကျွန်မတို့အနေနဲ့ယခုကဲ့သို့ ဂုဏ်သရေမြင့်မားတဲ့ ဆုမျိုးကို လက်ခံရရှိလို့ အလွန်ဂုဏ်ယူပါတယ်။ ယခု ဆက်သွယ်ရေး အခြေခံအရင်းအမြစ် တီထွင်ဖန်တီးနိုင်မှုအရှိဆုံးဆု ရရှိဖို့အတွက် အူရီဒူးမြန်မာကို ပံ့ပိုးကူညီပေးခဲ့တဲ့ အူရီဒူးမြန်မာမိသားစုနဲ့ သုံးစွဲသူတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်"ဟု ပြောသည်။

အူရီဒူးမြန်မာသည် လူနေထူထပ်သောမြို့များဖြစ်သည့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးတို့တွင် ၂၀၁၆ ခုနှစ် မေလအတွင်းက 4G ဝန်ဆောင်မှုကို စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့ပထမဦးဆုံး 4G ဝန်ဆောင်မှုပေးသည့် ဆက်သွယ်ရေးလုပ်ငန်းတစ်ခု ဖြစ်လာခဲ့သည်။ ဆက်လက်၍ 4G ဝန်ဆောင်မှုများကို ပုဂံနှင့် မကွေးတို့တွင် တိုးချဲ့ခဲ့ပြီး ယခုအချိန်အထိ အခြားမြို့များတွင်လည်း ဆက်လက်တိုးချဲ့လျက်ရှိသည်။

4G ဝန်ဆောင်မှုပေးပြီးသည့် နောက်ပိုင်းတွင်လည်း 4G ကွန်ရက်ကို လိုက်လျောညီထွေစွာ အသုံးပြုမှု မြင့်တက်လာရန်အတွက် 4G အသုံးပြုစရိတ်ကို 3G နှင့် တစ်ပြေးညီထားခြင်း၊ လစာဝင်ငွေနည်းသည့် သုံးစွဲသူများအတွက် 4G ကွန်ရက် သုံးနိုင်သည့် ဟန်းဆက်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်း စသည့် နည်းလမ်းများဖြင့် ကြိုးပမ်းခဲ့ကာ အူရီဒူး၏ ဆောလျင်သော နည်းပညာပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကြောင့် သုံးစွဲသူများအနေဖြင့် 3G ဆင်းကတ်များကို လဲလှယ်စရာမလိုဘဲ လွယ်ကူစွာ 4G ပြောင်းလဲအသုံးပြုနိုင်ခဲ့သည်။

အူရီဒူးအနေဖြင့် မြန်မာနိုင်ငံတွင် ကြိုတင်ချမှတ်ထားသည့် အချိန်ကာလထက် ပိုမိုစောလျင်စွာ 4G ဝန်ဆောင်မှု စတင်နိုင်ခဲ့ကြောင်း၊ အူရီဒူး၏ 4G ကွန်ရက်ဝန်ဆောင်မှု စတင်ပေးအပ်ခဲ့ခြင်းကြောင့် သုံးစွဲသူများ၏ အင်တာနက်အသုံးပြုမှုပမာဏကို သိသိသာသာတိုးတက်စေခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွင်း အူရီဒူး၏ဝန်ဆောင်မှုကို ရယူအသုံးပြုနေသူများအားလုံး၏ ၈၀ ရာခိုင်နှုန်းမှာ စမတ်ဖုန်းသုံးစွဲသူများ ဖြစ်ကြပြီး ၎င်းတို့အတွက် အူရီဒူးမြန်မာက ဝန်ဆောင်မှုပေးလျက်ရှိသည့် စိုက်ပျိုး ကဲ့သို့သော မိုဘိုင်းအက်ပလီကေးရှင်းမှာလည်း အသုံးပြုသူများကို အကျိုးပြုနိုင်ခဲ့ကြောင်း၊ အူရီဒူးအနေဖြင့် မြန်မာနိုင်ငံအတွင်း အခြေခံအဆောက်အအုံနှင့် အရင်းအမြစ်များကို ဆက်လက်၍ အဆင့်မြှင့်တင်မှုများလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# သဘာဝဘေးကြုံသည့်တိုင် ဆက်သွယ်ရေးကွန်ရက် တည်ငြိမ်မှုရှိစေရန် တယ်လီနော ဆောင်ရွက်နေ

**ရန်ကုန် ဇွန် ၉**
မိုးရာသီအတွင်း သဘာဝဘေးများ ကြုံတွေ့ရသည့်အချိန်တွင် ဖုန်းဆက်သွယ်မှုများ ပြတ်ယွင်းခြင်းမရှိဘဲ ကွန်ရက်တည်ငြိမ်မှုရှိနေစေရေးအတွက် တယ်လီနောက အစဉ်တစိုက် ဆောင်ရွက်လျက်ရှိကြောင်း တယ်လီနောမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သဘာဝဘေးကြောင့် ဖုန်းဆက်သွယ်မှုများ ပြတ်တောက်ခြင်းမရှိစေရန် တယ်လီနောအနေဖြင့် ကချင်၊ ကယား၊ ကရင်ကဲ့သို့ ဒေသများတွင် တာဝါတိုင်များကို လေတိုက်နှုန်း တစ်နာရီလျှင် ၁၃၀ ကီလိုမီတာအထိနှင့် သဘာဝဘေး သက်ရောက်မှုများသည့် ရခိုင်ကဲ့သို့ ဒေသများတွင် အများဆုံး ၂၂၅ ကီလိုမီတာအထိ ခံနိုင်ရည်ရှိစေရန် တည်ဆောက်ထားပြီး ဧရာဝတီနှင့် ရန်ကုန်ကဲ့သို့ ဒေသများတွင် လေတိုက်နှုန်း တစ်နာရီ ၁၉၀ ကီလိုမီတာအထိ ခံနိုင်စေရန် ဒီဇိုင်းပြုလုပ်ထားကြောင်း၊ ရခိုင်ပြည်နယ်ရှိ ဆက်သွယ်ရေးတာဝါတိုင်များသည် အလွန်ပြင်းထန်သည့် ဆိုင်ကလုန်းများကို ခံနိုင်ရည်ရှိအောင် ဒီဇိုင်းပြုလုပ်ထားကြောင်း သိရသည်။

ပြီးခဲ့သည့် မေ ၃၀ ရက်က တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း မိုရာကြောင့် ရခိုင်ပြည်နယ်တွင် ထိခိုက်မှုအများဆုံးရှိခဲ့ပြီး ရခိုင်ပြည်နယ်ရှိ မြို့နယ် ကိုးခုနှင့် ချင်းပြည်နယ်ရှိ မြို့နယ် လေးခုတို့ကို လွှမ်းခြုံထားသော တယ်လီနောမိုဘိုင်းကွန်ရက်၏ အစိတ်အပိုင်းအချို့တွင်လည်း ဆိုင်ကလုန်းတိုက်ခတ်ချိန်နှင့် တိုက်ခတ်ပြီးနောက်တွင် ခေတ္တပြတ်တောက်မှုရှိခဲ့သည်။ မုန်တိုင်းအရှိန်ကြောင့် မိုက်ခရိုဝေ့အင်တင်နာများ နေရာချိန်ထားမှု လွဲသွားခြင်းနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်သွားခြင်းတို့ကြောင့် ကွန်ရက်ကို သက်ရောက်မှုဖြစ်ခဲ့ခြင်းဖြစ်ပြီး ယင်းဒေသများမှလွဲ၍ အခြားဒေသများရှိ ကွန်ရက်အပေါ် သက်ရောက်မှုမရှိခဲ့ကြောင်း၊ မုန်တိုင်းသင့်ဒေသများတွင်လည်း တယ်လီနောကွန်ရက်ကို ဇွန် ၂ ရက်မှစ၍ ဝန်ဆောင်မှုများပေးလျက်ရှိပြီး ယခုအခါ ကွန်ရက်တည်ငြိမ်မှုရှိကာ အပျက်အယွင်းမရှိ လုပ်ငန်းလည်ပတ်နေပြီ ဖြစ်ကြောင်း သိရသည်။

"ဆိုင်ကလုန်းပြီးပြီးချင်းမှာပဲ တယ်လီနောရဲ့နည်းပညာပိုင်းဆိုင်ရာ ပညာရှင်တွေနဲ့ တာဝါကုမ္ပဏီတွေက တာဝန်ရှိသူတွေဟာ သက်ရောက်မှုရှိခဲ့တဲ့ ကွန်ရက်အစိတ်အပိုင်းကို ပြုပြင်မှုတွေ အမြန်ဆုံးဆောင်ရွက်ခဲ့ပြီး ပြီးခဲ့တဲ့ သီတင်းပတ်မှာပဲ ကျွန်တော်တို့ရဲ့ မိုဘိုင်းကွန်ရက်က တည်ငြိမ်မှုရှိပြီး လုပ်ငန်းပုံမှန်လည်ပတ်နေပြီ ဖြစ်ပါတယ်။ ဆိုင်ကလုန်းမုန်တိုင်းဒဏ် မကြာခဏ ခံစားရလေ့ရှိတဲ့ ရခိုင်လို ဒေသတွေမှာဆိုရင် ဆက်သွယ်ရေးတာဝါတိုင်တွေကို တစ်နာရီ ၂၂၅ ကီလိုမီတာအထိ လေတိုက်နှုန်းကို ခံနိုင်ရည်ရှိအောင် တည်ဆောက်ထားတာဖြစ်ပြီး ပြီးခဲ့တဲ့ မုန်တိုင်းကြောင့် တာဝါတိုင်တွေ ထိခိုက်ပျက်စီးမှု အလျဉ်းမရှိခဲ့ပါဘူး"ဟု တယ်လီနော၏ နည်းပညာအရာရှိချုပ် Jai Prakash က ပြောကြားသည်။ တယ်လီနော၏ ကွန်ရက်ကို ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၁၅ ခုနှစ် အစောပိုင်းကတည်းက ဖြန့်ကြက်ခဲ့ပြီး ယခုအခါ တာဝါတိုင်ပေါင်း ၆၁၀ ကျော်ဖြင့် တိုင်းဒေသကြီး အတွင်းရှိ ၂၆ မြို့နယ်လုံးမှ သုံးစွဲသူများကို ဝန်ဆောင်မှုပေးလျက်ရှိကာ ရခိုင်ပြည်နယ်တွင် ၂၀၁၆ မေလက ကွန်ရက်စတင်ခဲ့ပြီး တာဝါတိုင်ပေါင်း ၂၂၀ ခန့်ဖြင့် မြို့နယ် ၁၇ ခုလုံးတွင် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ချင်းပြည်နယ်တွင်မူ တာဝါတိုင် ပေါင်း ၃၀ ကျော်ရှိပြီး ဆက်လက်၍ ကွန်ရက်ကိုတိုးချဲ့သွားမည်ဖြစ်ကာ အဆိုပါ ဒေသများတွင် သဘာဝဘေးများ ကြုံတွေ့ရပါက ဆက်သွယ်ရေးကွန်ရက် ပြတ်တောက်သွားခြင်းမရှိစေရန် တယ်လီနောအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရဖြိုး**



# ဖန်တီးရာ၏ Startup Accelerator အမှတ်စဉ်(၂) ဖွင့်လှစ်မည်

**ရန်ကုန် ဇွန် ၉**
မြန်မာနိုင်ငံ၏ ပထမဆုံးသော နည်းပညာ startup accelerator တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံရှိ ထူးချွန်ထက်မြက်၍ အလားအလာကောင်းများရှိသော နည်းပညာဆိုင်ရာ Startup လုပ်ငန်းများကို ယခင်ကထက် ပိုမိုတိုးတက်အောင် ကူညီထောက်ပံ့ပေးနေသည့် ဖန်တီးရာ(Phandeeyar)က Accelerator အမှတ်စဉ်(၂)ကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

Phandeeyar Accelerator အမှတ်စဉ်(၂)တွင် ပါဝင်ခွင့်ရမည့် နည်းပညာကုမ္ပဏီသစ်များသည် ဒေါ်လာ ၂၅၀၀၀ ရရှိနိုင်မည့် ငွေကြေးထောက်ပံ့မှု ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ပေးအပ်မည့် ဒေါ်လာ ၂၀၀၀၀၀ ကျော်တန်ဖိုးရှိသော ကူညီထောက်ပံ့မှု အစီအစဉ်များအပြင် ပြည်တွင်းပြည်ပမှ စီးပွားရေးထူးချွန်သူ နည်းပြ ၄၀ ကျော်က ခြောက်လတာ နည်းပြပေးမည့် အစီအစဉ်များတွင် ပါဝင်ခွင့်ရရုံသာမက ရင်းနှီးမြှုပ်နှံသူများနှင့်ပါ တွေ့ဆုံပြောဆိုခွင့် ရရှိမည်ဖြစ်သည်။

အဆိုပါ Accelerator အမှတ်စဉ်(၂)တွင် ပါဝင်လိုသည့် startup ကုမ္ပဏီများအနေဖြင့် အစီအစဉ်တွင် ပါဝင်ခွင့်ရရှိရန် လျှောက်ထားနိုင်ကြပြီး ၊ လျှောက်ထားသူများသည် အချက်အလက်များကို ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ကာ ဩဂုတ် ၁၆ နှင့် ၁၇ ရက်တွင် ဖန်တီးရာသို့ လာရောက်၍ မိမိတို့ အချက်အလက်များကို ရှင်းပြ၍ ရွေးချယ်ခံရမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူများသည် စက်တင်ဘာ ၄ ရက်မှစ၍ ဖန်တီးရာသို့ ရုံးခန်းပြောင်းရွှေ့အလုပ်လုပ်ကိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

Phandeeyar Accelerator သည် ၂၀၁၆ ခုနှစ်တွင် အမှတ်စဉ်(၁)ကို စတင်ခဲ့ပြီး ထိုအမှတ်စဉ်(၁)တွင် startup ကုမ္ပဏီလေးခု ပါဝင်ခဲ့ကာ ၎င်းတို့မှာ Chate Sat (ချိတ်ဆက်)၊ White Merak ၊ EzStay နှင့် GoP (ဂိုးပြီ) တို့ ဖြစ်သည်။ ယခုအချိန်တွင် အဆိုပါ ကုမ္ပဏီလေးခုလုံးမှာ ဖောက်သည်များနှင့် ဝင်ငွေများ ရရှိနေကြပြီဖြစ်ပြီး နှစ်ခုမှာ ရင်းနှီးမြှုပ်နှံသူများထံမှ အရင်းအနှီးများပါ ရရှိနေကြပြီဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာ ငွေလုံးငွေရင်း မူလခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှဆောင်ရွက်မည့် ပစ္စည်းဝယ်ယူရေးလုပ်ငန်း (Lot ၆၃ခု)၊ တည်ဆောက်ရေးလုပ်ငန်း (Lot ၁၃ခု)၊ Turnkey လုပ်ငန်း (Lot ၆ခု)အတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို ၁၂-၆-၂၀၁၇ရက်တွင် စတင်ရောင်းချပြီး ၁၂-၇-၂၀၁၇ ရက် ညနေ ၄ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသည်။
၃။ တင်ဒါများကို ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့တွင် တင်သွင်းရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါ ပုံစံနှင့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**
**Ph-057-25919, 09-8725572, 09-8725571**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**ရန်ကုန်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး ဝန်ထမ်းအိမ်ရာ (၆ ခန်း တွဲ ၄ ထပ်)အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တရားရုံးအဆောက်အအုံသစ်ဆောက်လုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၇ ရက်
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၂-၇-၂၀၁၇ ရက်
(ဂ) **တင်ဒါပုံစံတင်ရမည့်နေရာ** - ထောက်ပံ့ဌာန၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
(ဃ) **တင်ဒါပုံစံဖွင့်မည့်ရက်** - ၁၄-၇-၂၀၁၇ ရက်
၂။ တင်ဒါပုံစံနှင့်စည်းကမ်းများကို တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ၁၂-၆-၂၀၁၇ ရက်မှစတင်၍ ရုံးချိန်အတွင်း တိုင်းဒေသကြီးတရားလွှတ်တော်၊ (စီမံထောက်ပံ့)ဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး(ထောက်ပံ့ဌာန)၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၃၇၇၇၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ် သာယာဝတီ သစ်ထုတ်လုပ်ရေးဒေသ၊ စိန်ကန့်လန့်သစ်ဆိပ် ဧရိယာအရှေ့ဘက်ခြမ်း၊ မြေကွက်လပ်(၃)ဧက အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
- နှစ်ခန်းတွဲ ဝန်ထမ်းနေအိမ် ပေ(၄၂×၃၀×၁၁) သံကူကွန်ကရစ်၊ အုတ်နံရံ 4 Angle တစ်လုံး ဆောက်လုပ်ခြင်း၊
- မြောက်ဇာမရီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး၊ ပေ(၃၆× ၃၀×၁၁)၊ သံကူကွန်ကရစ်၊ အုတ်နံရံ၊ သွပ်မိုး၊ တစ်ထပ် အဆောက်အအုံ တစ်လုံးဆောက်လုပ်ခြင်း၊
- **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၇ရက်(တနင်္လာနေ့)
- **တင်ဒါပုံစံပိတ်ရက်/အချိန်** - ၂၆-၆-၂၀၁၇ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီ
- **တင်ဒါပုံစံရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး

တင်ဒါစည်းကမ်းများနှင့် အချက်အလက်များကို သိရှိလိုပါက ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ပဲခူးမြို့၊ ဖုန်း-၀၅၂-၂၂၂၁၂၀၅၊ ၀၅၂-၂၂၂၁၂၈၁၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သာယာဝတီခရိုင်၊ ဖုန်း-၀၅၅-၃၀၃၂၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရွေးချယ်ရေးအဖွဲ့**

**TOPPS Beauty Saloon**
**အမှတ်-၂၆/စီ၊ တိုက်-၂/မြေညီထပ်၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**
**(1) ခေါင်းလျှော်(နှိပ်လျှော်) အမျိုးသမီး (၄)ဦး**
(နေစားငြိမ်း၊ အသက် ၁၈နှစ်မှ ၂၈နှစ်အတွင်း ဖြစ်ရမည်။ အိမ်ထောင်မရှိသူ၊ လုပ်ငန်းအတွေ့အကြုံရှိသူ၊ ဆက်ဆံရေးပြေပြစ်၍ သွက်လက်သူ များလာရောက် လျှောက်ထားနိုင်ပါသည်။)
(CV Form နှင့်တကွ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းတို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။)
**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၄၈၇၈**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကန့်ဘလူမြို့နယ်၊ ထန်းကုန်းရွာ၊ အောင်မြင်သူ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဆုမြတ်ခိုင်၏ဖခင် ဦးရွှေ ၅/ကဘလ(နိုင်)၁၀၆၅၃၆ နှင့် ဦးအောင်ရွှေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးရွှေ(ခ)ဦးအောင်ရွှေ**

**ဖခင်အမည်မှန်**
ချောင်းဆုံမြို့နယ် အထက(ရွာလွတ်) အဋ္ဌမတန်းမှ မိရတနာအေး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသိန်းဆန်း ၁၀/ခဆန(နိုင်)၁၁၆၇၃၁ ဖြစ်ပါကြောင်း။
**ဦးသိန်းဆန်း**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ရုံးအဆောက်အအုံ(၁)လုံးနှင့် ဝန်ထမ်းနေအိမ်(၁)လုံး (ရေ၊ မီး၊ မြေဖို့ခြင်းအပါအဝင်)ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၇ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၀-၆-၂၀၁၇ရက် ညနေ ၄နာရီ
၄။ အသေးစိတ်သိရှိလိုပါက အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ဒုတိယအထွေထွေမန် နေဂျာရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဖုန်း-၀၇၁-၂၄၉၉၈**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ဖုန်းမင်းအောင် ၁၀/မဒန(နိုင်)၁၀၅၆၆၆၏ Passport-No. မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၅၆၈၀၆၃၇**

**ဖခင်အမည်မှန်**
မုဒုံမြို့နယ်၊ ကော့ခပုံကျေးရွာ အထက(ခွဲ) သတ္တမတန်းမှ မဝင်းရွှေဇင်၏ဖခင်အမည်မှန်မှာ ဦးဆန်းနိုင် ၃/ကဆက(နိုင်)၀၁၉၃၃၁ ဖြစ်ပါကြောင်း။
**ဦးဆန်းနိုင်**

## ဖခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ ဆိတ္တဝအုပ်စု၊ အရာတော်ရေန်မြေ-အထကခွဲ(အရာတော်)အဋ္ဌမတန်း(B)မှ မခိုင်သီတာဦး၏ဖခင်အမည်မှန်မှာ ဦးကိုကိုမောင် ၈/ခမန(နိုင်)၁၁၄၉၅၇ ဖြစ်ပါကြောင်း။

**ဦးကိုကိုမောင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့ အထက (၁) နဝမတန်း(G)မှ မောင်ရာဇာနိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆွေ ၈/မမန(နိုင်) ၀၅၆၆၆၆ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဆွေ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့ အထက(၁)နဝမတန်း(င)မှ မထက်သဉ္ဇာလွင်နှင့် ရှာသစ် အမက KG တန်းမှ မမိုးနဒီကိုတို့၏ဖခင်အမည်မှန်မှာ ဦးဝင်းဆွေ ၈/မမန(နိုင်) ၁၄၆၂၃၄ ဖြစ်ပါကြောင်း။**ဦးဝင်းဆွေ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ငြိမ်းမင်းလတ် ၈/မဘန(နိုင်)၁၂၁၂၇၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၅၅၇၈၀၉၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်သိန်းဟန် ၉/ကပတ(နိုင်)၁၅၆၉၆၅၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၀၉၀၉၂၅**

# OTS(52)
## ပတ္တမြားရတုနှစ်ကျောင်းဆင်းပွဲဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်း OTS(52)၏နှစ်(၄၀)ပြည့် ကျောင်းဆင်းပွဲ အထိမ်းအမှတ်အဖြစ် သူငယ်ချင်းများ(ကျဆုံး/ကွယ်လွန်သွားကြပါသော ဇနီးမိသားစုအပါအဝင်)အား အောက်ပါအစီ အစဉ်အတိုင်း တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ၁၇-၆-၂၀၁၇ရက် (စနေနေ့) | မွန်းလွဲ ၁နာရီ | ဂေါက်သီးရိုက်ပြိုင်ပွဲ၊ တပ်မတော်ဂေါက်ကွင်း၊ မင်္ဂလာဒုံ |
| ၁၈-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) | နံနက် ၉နာရီ | ဆွမ်းကပ်အမျှဝေခြင်း၊ ဗြူကုန်းတောရစာသင်တိုက် အရှေ့ကြို့ကုန်း၊ အင်းစိန်။ |
| | ညနေ ၆နာရီ | မိတ်ဆုံစားပွဲ၊ ကုန်းမြင့်သာစားတော်ဆက်၊ ၇-မိုင်ခွဲ ပြည်လမ်း၊ ရန်ကုန်မြို့။ |

**အမှုဆောင်အဖွဲ့**

ဘကြည်-ဖုန်း-၀၉-၅၀၁၉၂၁၄ တင်ဝင်း-ဖုန်း-၀၉-၇၃၂၀၇၉၅၅
သန်းငွေ-ဖုန်း-၀၉-၅၄၁၄၉၇၁ မြင့်စိုး -ဖုန်း-၀၉-၄၄၅၆၃၂၃၆၂

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာဦးစီးဌာနမှ အဆောက်အဦများဆောက်လုပ်ရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ/ရုံးများ အသစ်ဆောက်လုပ်ခြင်းအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အခြေခံပညာကျောင်း/ရုံးအဆောက်အအုံ (၂၅၉)ခု

| | | |
|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်/အချိန်** | - ၁၄-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၃၀နာရီမှ ညနေ၄:၃၀နာရီ |
| | **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၁၄-၇-၂၀၁၇ရက်(သောကြာနေ့) ညနေ၄:၃၀နာရီ |
| | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၂၁-၇-၂၀၁၇ရက် (သောကြာနေ့) နံနက်၁၀နာရီ |
| ၃။ | **တင်ဒါဖွင့်မည့်နေရာ** | - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ |

၄။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

(က) ညွှန်ကြားရေးမှူးရုံး
လမ်းဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
ဖုန်း-၀၄၂-၂၁၁၁၈၊ ၀၉-၈၆၁၉၄၀၃၊ ၀၉-၅၂၀၈၃၀၃၊ ၀၉-၄၂၀၁၆၂၆၁၂

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး၊ အဆောက်အဦဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**









## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/1627 Ssmt Light Truck (SMLT-01) Pickup(4x2) ယာဉ်လက်ဝယ်ရှိသူ Golden Tri Star Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## တောင်းပန်အပ်ပါသည်

(၃)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲတွင် သိန်းတစ်သောင်းအထူးဆုကြီး ကဟ-၇၄၈၇၂၁အား ဆွတ်ခူးအောင် ရောင်းချနိုင်ခဲ့သော မိုးယံရွှေလမင်းနှင့် မြတ်ဆုကျွှေကိုယ်စားလှယ်တော်ကြီး ဦးအောင်ခိုင်ဝင်း (Royal King Star) တောင်ကြီးပင်ရင်းအား ကျွန်တော်တို့၏ထီပေါက်စဉ်တွင် ဖော်ပြရန်ကျန်ရှိနေခဲ့ပါ၍ ဦးအောင်ခိုင်ဝင်း တောင်ကြီးပင်ရင်းအား အထူးလေးစားစွာဖြင့် တောင်းပန်အပ်ပါသည်။

**ဦးဝင်းမောင်(ထီပေါက်စဉ်လုပ်ငန်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းစိုး ၉/ကပတ(နိုင်)၁၉၇၀၀၂ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၆၇၁၅၆၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဖြူဖြူဝင်း ၈/ငဖန(နိုင်) ၀၃၃၂၃၅၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၃၀၀၃၁၁၅**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးခင်မောင်သန်း-(ဒေါ်ခင်မာကြည်)တို့၏သား မြတ်မင်းမောင် ၈/မကန(နိုင်)၁၅၁၃၉၁သည် မိသားစုအား အကြိမ်ကြိမ်ဒုက္ခအမျိုးမျိုးပေး၍ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးခင်မောင်သန်း**
**၈/မကန(နိုင်)၂၃၃၃၁၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ အမှတ်(၅၀၇)၊ မြို့သစ်ကြီးရပ်ကွက်နေ ဒေါ်ဆွေစင်ထွန်း ၁၂/ဗဟန(နိုင်)၀၁၀၆၁၀မှ မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်ရှိ အကွက်အမည် ၇၄/ရွှေအိုက်၊ ဦးပိုင်၁၃၅၃၊ မြေချိန်ဧရိယာ ၀ဒသမ၂၃၀ ဧကရှိ ဂရန်အမှတ် DORPNO -၂၁၃(၃) ၂၀၀၈-၂၀၀၉ အရ ဂရန်သက်တမ်း (၈-၇-၂၀၃၈)ထိ နှစ်၃၀ဂရန်ကို ကျမ်းကျိန်လွှာ အပါအဝင် စာရွက်စာတမ်းများအပြည့်အစုံဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဆွေစင်ထွန်းမှ ဂရန် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသဖြင့် မည်သူမဆိုကန့်ကွက်လိုသူရှိပါက ယခုကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုနေ့နောက်ပိုင်းတွင် အမည်ပြောင်းဂရန်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆွေစင်ထွန်း အမည်ပြောင်းလျှောက်ထားသွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိရှိနိုင်ရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဆွေစင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းတင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၅၇)**
**အမှတ် (၁၀၇)၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁)ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၆)၊ ဦးပိုင်အမှတ် ၁၆၅၊ ၃၈×၃၉ကြား၊ ၆၇×၆၈ကြားရှိ ဒေါ်ကြည်ကြည် အမည်ပေါက် ဂရန်မြေကွက်အား မိခင် ဒေါ်ကြည်ကြည်နှင့် ဒေါ်ကြည်ကြည်၏ ပထမခင်ပွန်း/ဖခင်ဖြစ်သူ ဦးသူတော်၊ ဒုတိယခင်ပွန်း/ဖခင်ဖြစ်သူ ဦးမရစ်ယော်တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သောသားနှင့်သမီးတို့ဖြစ်သည့် ဦးတင့်ဝေ ၉/မကန(နိုင်)၀၈၈၀၈၂၊ ဒေါ်မရစ်ကော့ဂျာ(ခ)ဒေါ်ကော့ဂျာ ၁/ကမန(နိုင်)၀၁၈၁၈၆တို့မှ ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့မှ မြေခွန်ပြေစာများဖြင့် ပုံစံ(၁၀၅)/(၁၀၆) ရေးဆွဲပြီး မြေငှားဂရန်/လိုင်စင်အသစ်အား အောက်ပါအတိုင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါသည်-

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | ရပ်ကွက်/နယ်မြေ | အကွက်အမှတ် | ဦးပိုင် | ဧရိယာ |
|---|---|---|---|---|---|
| ၁ | ဒေါ်ညွှန့်ညွှန့်စန်း ၁၃/လရန(နိုင်)၀၀၄၆၁၇ | ၁၀/၄ | ၉/မြို့ဝမ်ရပ် | ၁၅၅/၁၄၃ | ၀.၀၅၉ |
| ၂ | ဒေါ်နားမခေါ် ၁/မတအ(နိုင်)၀၀၂၉၀၄ | ၁၁/၇ | ကွန်ပျူတာကွက်သစ် | ၉၁ | ၀.၀၉၆ |
| ၃ | ဒေါ်ခင်သန္တာလှိုင် ၁၃/လရန(နိုင်)၀၂၀၃၆၀ | ၁၁/၇ | ကွန်ပျူတာကွက်သစ် | ၁၅၃ | ၀.၀၉၆ |
| ၄ | ဒေါ်လှဌေး ၁၃/လရန(နိုင်)၀၁၂၈၂၂ | ၁၁/၇ | ကွန်ပျူတာကွက်သစ် | ၁၀၀ | ၀.၀၉၆ |
| ၅ | ဒေါ်ထိုက်ထိုက်ရှိန် ၁၃/လရန(နိုင်)၀၈၂၅၁၈ | ၁၁/၇ | ကွန်ပျူတာကွက်သစ် | ၁၀၅ | ၀.၀၉၆ |
| ၆ | ဒေါ်ထိုက်ထိုက်ရှိန် ၁၃/လရန(နိုင်)၀၈၂၅၁၈ | ၁၁/၇ | ကွန်ပျူတာကွက်သစ် | ၁၀၆ | ၀.၀၉၆ |
| ၇ | ဦးစောမွန်ထူး ၁၃/လရန(နိုင်)၂၀၀၆၉၅ | ၁၁/၇ | ကွန်ပျူတာကွက်သစ် | ၉၂ | ၀.၀၉၆ |
| ၈ | ဦးဝင်းထက်အောင် ၁၃/လရန(နိုင်)၁၂၈၂၁၃ | ၁၁/၇ | ကွန်ပျူတာကွက်သစ် | ၁၅၄ | ၀.၀၉၆ |
| ၉ | ဦးစစ်လွင်ထွန်း ၁၂/ဒဂန(နိုင်)၀၅၉၆၇၇ | ၁၁/၇ | ကွန်ပျူတာကွက်သစ် | ၁၄၄ | ၀.၀၉၆ |
| ၁၀ | ဦးကော်ဝီးဖန်(ခ)ဂေါ်ဝီးဖန် ၁၃/လရန(နိုင်)၀၆၁၂၂၈ | ၆/၉ | အမက-၂၀ ကျောင်းကွက် | ၉/၃၆၁ | ၀.၀၈၀ |
| ၁၁ | ဒေါ်နန်းခင်ဌေး ၁၃/လရန(နိုင်)၀၃၇၅၉၆ | ၁၂/၁၂ | ၃၆/ရှမ်းဈေးတန်း | ၅၂ | ၀.၀၃၉ |
| ၁၂ | ဦးဌေးမောင် ၁၃/လရန(နိုင်)၀၀၂၆၃၁ | ၄/၁၀ | အမက(၁၉) ကျောင်းကွက် | ၁၅/က၂ | ၀.၀၃၅ |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီး ရေလမ်းနယ်မြေအတွင်းရှိ အောက်ဖော်ပြပါဆိပ်ကမ်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဆိပ်ကမ်းကပ်ခ ကောက်ခံခွင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**လပွတ္တာခရိုင်**

လပွတ္တာမြို့နယ် (လပွတ္တာ ၃ မိုင်ဆိပ်ကမ်း၊ ပင်လယ်လေးဆိပ်ကမ်း)၊ မော်လမြိုင်ကျွန်းမြို့နယ် (မော်လမြိုင်ကျွန်းဆိပ်ကမ်း)

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၇ ရက် ၁၁း၀၀နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၇ ရက် ၁၃း၀၀နာရီ
**နေရာ** - လပွတ္တာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လပွတ္တာ(၃)မိုင်မြို့

**မအူပင်ခရိုင်**

မအူပင်မြို့နယ်(ဝါးတောဆိပ်ကမ်း)၊ ပန်းတနော်မြို့နယ် (ပသွယ်ဆိပ်ကမ်း၊ အင်းမဆိပ်ကမ်း)

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၇ ရက် ၁၁း၀၀နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၇ ရက် ၁၃း၀၀နာရီ
**နေရာ** - မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့

**ဖျာပုံခရိုင်**

ဖျာပုံမြို့နယ် (ကျုံ့ဒါးဆိပ်ကမ်း)

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၇ ရက် ၁၁း၀၀နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၇ ရက် ၁၃း၀၀နာရီ
**နေရာ** - ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖျာပုံမြို့

**ဟင်္သာတခရိုင်**

ဟင်္သာတမြို့နယ် (ဟင်္သာတဆိပ်ကမ်း၊ နတ်မော်ချောင်းဆိပ်ကမ်း)၊ ဇလွန်မြို့နယ် (ဇလွန်ဆိပ်ကမ်း)၊ ကြံခင်းမြို့နယ်(ကြံခင်းဆိပ်ကမ်း)၊ လေးမျက်နှာမြို့နယ်(ရွှေကြက်ကျဆိပ်ကမ်း၊ ထူပါရုံဆိပ်ကမ်း)၊ အင်္ဂပူမြို့နယ်(ဇီးပင်ကွင်းဆိပ်ကမ်း၊ ညောင်ကျိုးဆိပ်ကမ်း)

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၇ ရက် ၁၁း၀၀နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၀-၆-၂၀၁၇ ရက် ၁၃း၀၀နာရီ
**နေရာ** - ဟင်္သာတခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟင်္သာတမြို့

၂။ တင်ဒါပုံစံများကို သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိလိုပါက ရုံးဖုန်း-၀၄၂-၂၈၁၅၄သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

---

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) | -တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့် ၂) (Senior Travel Consultant and Sales Services) | -ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) အောင်မြင်ပြီးသူများ၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ (သို့) ခရီးသွားလုပ်ငန်း အတွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁) | -တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၄။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း (အဆင့် ၁) | -တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့် ၁) | -တက္ကသိုလ်ဝင်တန်း |
| ၆။ | အစားအစာနှင့်ထုတ်လုပ်ရေး သင်တန်း (အဆင့် ၁) | -တက္ကသိုလ်ဝင်တန်း |
| ၇။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း (အဆင့် ၁) | -ဤသင်တန်းဌာနမှ အခြေခံ(အဆင့်၁) အစားအစာထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူ (သို့) တက္ကသိုလ်ဝင်တန်းအဆင့်ရှိ စိတ်ပါဝင်စားသူများ။ |
| ၈။ | ဟိုတယ်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း (Level III) | -တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူများ၊ အသက်(၃၀)ကျော်ပြီးသူများ(အမျိုးသားမှတ်ပုံတင်)တင်ပြရမည်။ (၁) ဤသင်တန်းမှ (အဆင့် ၂) အောင်မြင်ပြီးသူများ [F&B Division/Room Division/Hotel Supervision (Accounting)] (သို့)(၂)ဤသင်တန်းမှ (အဆင့် ၁)သင်တန်းများတွင် (၂)တန်း အောင်မြင်ပြီးသူများ ဧည့်ကြို၊ အိပ်ခန်းဌာနများမှ (၁)တန်း၊ ဧည့်ခံကျွေးမွေးရေးနှင့်အစားအစာထုတ်လုပ်ရေးမှ (၁)တန်း၊ (၃)ဟိုတယ်၊ မိုတယ်များတွင် ကြီးကြပ်သူနှင့် အထက်တာဝန်ထမ်းဆောင်ဖူးသူ (သို့)လက်ရှိတာဝန်ထမ်းဆောင်ကြောင်း ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာန အာဏာပိုင်များမှ ထောက်ခံသူများ |

သင်တန်းကာလ ။ ၁၀-၇-၂၀၁၇ မှ ၁-၉-၂၀၁၇
သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်
လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ ပူးတွဲတင်ပြရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၃၉၄၈၃၆**
**Email:infocentre.httc@gmail.com**
**Facebook Page:Hotel and Tourism Training Centre-Kandawgyi**

---

## အမည်မှန်

လားရှိုးမြို့၊ အထက(၄)၊ ဆဌမတန်းမှ ဦးမင်းမင်းလတ်-ဒေါ်လုဆိုင်တို့၏သား မောင်ဟိန်းထက်ဇော်၏ အမည်မှန်မှာ မောင်ဟိန်းထက်အောင် ဖြစ်ပါကြောင်း။

**ဦးမင်းမင်းလတ်-ဒေါ်လုဆိုင်**

---

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက(၃)၊ သတ္တမတန်း(A)မှ စိုင်းအောင်ဝင်း၏ ဖခင်အမည်မှန်မှာ စိုင်းမြင့်ငွေ ၁၃/ကမန(နိုင်)၀၇၀၂၅၂ ဖြစ်ပါကြောင်း။

**စိုင်းမြင့်ငွေ**

---

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ် (၃/၂၀၁၇)

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Office Equipment

(က) Laptop Computer, Desktop Computer Set } 1 Lot

(ခ) Copier, Laser Printer, Colour Printer, Projector Canon X 320, Projector Screen (8'x8') } 1 Lot

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၇ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၉-၆-၂၀၁၇ရက်၊ ၁၅း၀၀နာရီ
၄။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် တင်ဒါခေါ်ယူသည့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၉၀၁၀၀၄၀၊ ၀၁-၃၉၇၆၄၃၊ ၀၁-၂၉၆၈၂၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံနှင့် စည်းကမ်းချက်များထုတ်ယူရန်နှင့် တင်ဒါတင်သွင်းရန်လိပ်စာ**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ စီမံရေးဌာနခွဲ**
**အမှတ် ၃၆၃/၄၂၁၊ သိမ်ဖြူလမ်းနှင့် ဖုန်း-၀၁-၉၀၁၀၀၄၀၊ ၀၁-၃၉၇၆၄၃၊ ၀၁-၂၉၆၈၂၃၊ ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

---

## ဖခင်အမည်မှန်

နေပြည်တော်၊ အထက(၇) ဆဋ္ဌမတန်းမှ မယွန်းနန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးနေမျိုးသူ ၁၂/ဥကမ(နိုင်) ၁၄၆၂၇၁ ဖြစ်ပါကြောင်း။

**ဦးနေမျိုးသူ**

---

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၁၄) တတိယတန်းမှ မယွန်းနဒီဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၉/ပမန(နိုင်)၁၈၅၈၂၈ ဖြစ်ပါသည်။

**ဦးဇော်လင်း**

---

## CLAIMS DAY NOTICE
## M.V LORD VISHNU VOY:NO (095)

Consignees of cargo carried by M.V LORD VISHNU VOY:NO (095) are here by notified that the vessel will arrive on about 14-6-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## CLAIMS DAY NOTICE
## M.V DREAM BEAUTY VOY:NO (2)

Consignees of cargo carried by M.V DREAM BEAUTY VOY:NO (2) are here by notified that the vessel will arrive on about 13-6-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## CLAIMS DAY NOTICE
## M.V MORNING CAPO VOY:NO (37)

Consignees of cargo carried by M.V MORNING CAPO VOY:NO (37) are here by notified that the vessel will arrive on about 11-6-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ရုံးတွင် ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါမော်တော်ယာဉ်များဝယ်ယူလိုပါသဖြင့် ပြည်တွင်းပြည်ပကုမ္ပဏီများအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Mini Bus (၁)စီး
(ခ) Double Cab (၁)စီး
(ဂ) Light truck (၁)စီး
(ဃ) ENT (၂)စီး

၂။ တင်ဒါများကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံး၊ ပုသိမ်မြို့တွင် အောက်ပါအတိုင်း တင်သွင်းရမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာများကို ၁၂-၆-၂၀၁၇ ရက်တွင် စတင်ဝယ်ယူနိုင်ကြောင်းနှင့် တင်ဒါတင်သွင်းရက်ကို ၁၂-၇-၂၀၁၇ ရက် (၁၄း၀၀)နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။
၃။ သတ်မှတ်ရက်ထက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးဖုန်း-၀၄၂-၂၃၉၈၁ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

---

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အိအိဖြူ ၉/ညဥန(နိုင်) ၁၉၄၀၃၇ နိုင်ငံကူးလက်မှတ် MB-687319 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၂၇၇၄၁၁၂**

---

## မိဘအမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၁၄)၊ တတိယတန်းမှ မအိကြယ်စဉ်၏ မိဘအမည်မှန်မှာ ဦးခင်အောင် ၇/ဝမန(နိုင်) ၀၄၄၆၇၈-ဒေါ်မြင့်စိန် ၇/ဝမန(နိုင်)၀၄၄၁၃၈ ဖြစ်ပါကြောင်း။

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## နေပြည်တော်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တက္ကသိုလ်ဌာနများအတွက် (က) စက်ဆီချောဆီ၊ (ခ) တာယာဆိုဒ်စုံ၊ (ဂ) ဘက်ထရီဆိုဒ်စုံ၊ (ဃ) Projector & Screen တို့အား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၆-၂၀၁၇ ရက်မှ ၇-၇-၂၀၁၇ ရက် ရုံးချိန်အတွင်း
(ခ) **တင်ဒါပုံစံတင်သွင်းရမည့်ရက်/အချိန်** - ၁၄-၇-၂၀၁၇ ရက် မွန်းတည့် ၁၂း၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၄-၇-၂၀၁၇ ရက် မွန်းလွဲ ၁၃း၀၀ နာရီ
(ဃ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ/တင်သွင်းရမည့်နေရာ** - ဖြည့်တင်းရေးဌာနခွဲ၊ ဆည်/ရေဦးစီးဌာန ရုံးအမှတ်(၄၃)၊ နေပြည်တော်

၂။ သတ်မှတ်ရက်၊ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း-၀၆၇-၄၁၀၀၁၉ နှင့် ဒု-ညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

# ဖိတ်ကြားလွှာ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ (အဆင့် ၂) တောင်ငူ-မန္တလေးလမ်းပိုင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်း (Environmental Impact Assessment-EIA) ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ်အရ **'အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့် အများပြည်သူတို့ ထုတ်ဖော်တင်ပြခြင်း'** အခမ်းအနားများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသဖြင့် တက်ရောက်ပေးနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** ။ ။ ၂၀၁၇ ခုနှစ် ဇွန် ၁၅ ရက် (ကြာသပတေးနေ့)
**အချိန်** ။ ။ နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ
**နေရာ** ။ ။ ပျဉ်းမနားဘူတာ (VIP) ခန်းမ
**နေ့ရက်** ။ ။ ၂၀၁၇ ခုနှစ် ဇွန် ၁၆ ရက် (သောကြာနေ့)
**အချိန်** ။ ။ ညနေ ၁၅း၀၀ နာရီမှ ၁၇း၀၀ နာရီအထိ
**နေရာ** ။ ။ တောင်ငူဘူတာ (VIP) ခန်းမ

**မှတ်ချက်။** ။ အသေးစိတ်သိရှိလိုပါက
ဦးဖြိုးထက်ကျော်၊ လက်ထောက်အထွေထွေမန်နေဂျာ (စီမံကိန်း)၊ ဖုန်း-၀၆၇-၇၇၀၈၇ ထံသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

# ဖိတ်ကြားလွှာ

ဆောက်လုပ်ရေးဝန်ကြီးဌာန (Ministry of Construction) မှ အရှေ့-အနောက် စီးပွားရေးစင်္ကြံအဝေးပြေးလမ်းမကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်တောင်းတံတားသစ်ဆောက်လုပ်ခြင်း စီမံကိန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်း (Environmental Impact Assessment-EIA) ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ်အရ **'အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် အများပြည်သူသို့ ထုတ်ဖော်တင်ပြခြင်း'** အခမ်းအနားများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** ။ ။ ၂၀၁၇ ခုနှစ် ဇွန် ၁၅ ရက် (ကြာသပတေးနေ့)
**အချိန်** ။ ။ မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၃း၀၀ နာရီအထိ
**နေရာ** ။ ။ အမတ္တာရာမအရှေ့ကျောင်း၊ ရှမ်းကိုင်းရွာ၊ ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
**နေ့ရက်** ။ ။ ၂၀၁၇ ခုနှစ် ဇွန် ၁၆ ရက် (သောကြာနေ့)
**အချိန်** ။ ။ မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၃း၀၀နာရီအထိ
**နေရာ** ။ ။ ရှင်ဥပဂုတ္တကျောင်းဆောင်၊ စွပ်ပနူးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

**မှတ်ချက်။** ။ အသေးစိတ်သိရှိလိုပါက
ဦးငွေဦး၊ ဒု-ညွှန်ကြားရေးမှူး၊ တံတားဦးစီးဌာန(အဖွဲ့-၉)၊ ပဲခူးတိုင်းဒေသကြီး ဖုန်း-+၉၅၉၇၃၁၅၃၃၇၁၊ +၉၅၉၅၀၀၁၅၈၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။




## ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အလက (နီးမုတ်)၊ အဋ္ဌမတန်းမှ စောလင်းသက်ပိုင်၏ ဖခင်အမည်မှန်မှာ စောသန်းအောင် ၁၀/ခဆန(နိုင်)၀၇၉၈၂၉ ဖြစ်သည်။ **စောသန်းအောင်**

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက(အင်္ဂပူ) တက္ကသိုလ်ဝင်တန်း(C)မှ နန့်ဒေဇီထွန်း၏ဖခင်အမည်မှန်မှာ မောင်ပြည့်ထွန်း ၁၄/အဂပ(နိုင်)၁၆၃၇၉၂ ဖြစ်ပါကြောင်း။ **မောင်ပြည့်ထွန်း**

## ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ ပွင့်ဖြူအထက၊ နဝမတန်း(A)မှ မဝါဝါမေဇော်နှင့် ပွင့်ဖြူအထက၊ ဆဋ္ဌမတန်း(D) မှ မောင်တင်ဖြိုးဝေတို့၏ဖခင်အမည်မှန်မှာ ဦးမင်းဇော်ဦး ၈/ပဖန(နိုင်)၀၈၅၃၈၄ ဖြစ်ပါကြောင်း။ **ဦးမင်းဇော်ဦး**

## ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက (ကညော်)၊ ဆဋ္ဌမတန်းမှ မောင်အဂ္ဂကျော်၏ ဖခင်အမည်မှန်မှာ ဦးသစ်ကျော် ၁၀/ခဆန(နိုင်)၀၀၀၇၂၀ ဖြစ်ပါသည်။ **ဦးသစ်ကျော်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ EC ကိုယ်ပိုင်အထက်တန်းကျောင်း သတ္တမတန်းမှ မောင်ဝသုန်ဦး၏ ဖခင်အမည်မှန်မှာ ဦးဖြိုးဝေအောင် ၇/ပခန(နိုင်)၁၆၂၃၇၈ ဖြစ်ပါကြောင်း။ **ဦးဖြိုးဝေအောင်**

## အမည်မှန်

လက်ပံတန်းမြို့နယ် စိန်တုံးအုပ်စု၊ စိန်တုံးအထက်စုရွာနေ (ဘ) ဦးလှိုင်မြင့် ၇/လပတ(နိုင်)၁၁၀၈၄၀၏သား မောင်သားညီညီ၏ အမည်မှန်မှာ မောင်လှိုင်မင်းအောင် ဖြစ်ပါသည်။ **မောင်လှိုင်မင်းအောင်**

## အမည်ပြောင်း

စစ်တွေမြို့၊ အထက-မင်းဂံ တက္ကသိုလ်ဝင်တန်းမှ ဦးအေးမောင်ချေ၏သား မောင်ထွန်းလှကျော်အား မောင်ထွန်းလှချေဟု ပြောင်းလဲခေါ်ပါရန်။ **ထွန်းလှချေ**

## ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်း အထက တက္ကသိုလ်ဝင်တန်း(E)မှ မမို့မို့နိုင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး ၈/ပဖန(နိုင်)၁၀၈၅၉၀ ဖြစ်ပါသည်။ **ဦးနိုင်ဦး**

## ဖခင်အမည်မှန်

အထက(၂) တာမွေ၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်မျိုးသန့်ထွဋ်၏ ဖခင်အမည်မှန်မှာ ဦးမြတ်ဇော် ၆/မအရ(နိုင်)၁၉၉၂၃၆ ဖြစ်ပါသည်။ **ဦးမြတ်ဇော်**

## မွေးသက္ကရာဇ်အမှန်

ကျွန်တော် ဦးရဲဝင်းထွဋ် ၁၄/ဘကလ(နိုင်)၁၈၄၆၃၇ ၏သား မောင်ကောင်းဇင်ခန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၁၀-၂၀၀၇ ဖြစ်ပါကြောင်း။ **ဦးရဲဝင်းထွဋ်**

## ဖခင်အမည်မှန်

အထက(၅) တ/ဒဂုံမြို့နယ်၊ နဝမတန်း(A)မှ မလင်းလဲ့မိုးဦး၏ ဖခင်အမည်မှန်မှာ ဦးစန်းဦး ၁၂/ဒဂတ(ပြု)၀၀၁၉၄၁ ဖြစ်ပါကြောင်း။ **ဦးစန်းဦး**

## ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အလက (၇) အဋ္ဌမတန်းမှ မောင်ရဲမြတ်ကိုကို၏ဖခင်အမည်မှန်မှာ ဦးအောင်မြတ်မင်း ဖြစ်ပါသည်။

## မိဘအမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (J)မှ မောင်ပိုင်ချမ်း၏ မိဘအမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ နိုင်ချမ်းထိုက်နှင့် မခင်အေးလွင် ဖြစ်ပါကြောင်း။

**နိုင်ချမ်းထိုက် KIN-၀၈၂၁၇၄**
**မခင်အေးလွင် ၁၀/မဒန(နိုင်)၂၁၂၆၉၅**

## မိဘအမည်မှန်

သံဖြူဇရပ်မြို့နယ် ကျောင်းပိုင်းရပ်ကွက်နေ မောင်သူရိန်နိုင် ၁၀/သဖရ(နိုင်)၁၆၆၆၂၉ ၏ ဖခင် ဦးအောင်ထွန်း ၁၀/သဖရ(နိုင်)၀၆၃၅၇၅နှင့် မိခင် (ဒေါ်စန်းကြင်) ၁၂/သဖရ (နိုင်) ၀၃၉၄၀၇ တို့ ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးကျော်မောင်မောင်လှ ၁၂/ရကန(နိုင်)၀၆၃၁၀၃ ၏သမီး ရန်ကင်း TTC လေ့ကျင့်ရေး အလယ်တန်းကျောင်း ပဥ္စမတန်း (C) မှ မသိရီအိမ်အား မဆုလဲ့နွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုလဲ့နွယ်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃ဟ/၆၁၅၀ Lifan 200 Three Wheel ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင် ၁၃/ကတန(နိုင်)၀၉၁၄၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ကျုံတိုင်းလေးအုပ်စု၊ တွင်းပေါက်အစုကြီးကျေးရွာနေ အထက (ခွဲ) အစုကြီးကျေးရွာတွင် တက်ရောက်နေသော မောင်စဟိန်းထက်ဇော်၏ ဖခင်အမည်မှန်မှာ စသူရဇော် ဖြစ်ပါကြောင်း။ **စသူရဇော်**

## အမည်ပြောင်းလဲခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပြင်စလူမြို့နယ်၊ ဆားချက်ကျေးရွာအုပ်စု ဆင်ထွက်ရွာ ဦးဝဏ္ဏ-ဒေါ်ပု ၁၄/ပစလ(နိုင်)၀၁၅၀၉၃ ၏သမီး မနော်ပေါစေးဝါး ၁၄/ပစလ(နိုင်)၀၀၃၉၇၆ ကို ဗေဒင်ကိန်းခန်းအရ မနော်လူဝီစာဘင်ဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။




## ကွန်ဒို/တိုက်ခန်းရောင်းမည်(ပွဲစားမလို)

၁။ ပေကျယ်(၂၅×၅၀)၊ ပဥ္စမထပ်၊ ကျွန်းပါကေး၊ MBR(1), BR(1)၊ A/C(3)၊ လိုင်းဖုန်း၊ ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းသစ်၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း (နေရာကောင်း)။

၂။ ပေကျယ်(၁၅×၅၀)၊ ဒုတိယထပ်၊ ပါကေး၊ ကြွေပြား၊ သံပန်းဆန်းရိုက်၊ ဘိုထိုင်၊ BR(1)၊ ဂျတ်ဆင်ဘုတ်အလှ၊ ရေမီးစုံပြင်ဆင်ပြီး စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ (ဗဟိုလမ်းအနီး)၊ **ဝယ်ယူသူသာဆက်သွယ်ရန် ဖုန်း-၀၉-၅၁၈၅၃၅၀၊ ၀၉-၅၆၆၁၁၂၇**

## ဟိုတယ် ငှား (သို့) ရောင်းခြင်း

လက်ရှိလုပ်ငန်းလည်ပတ်နေသော ဗဟန်းမြို့နယ်၊ ရွှေတိဂုံစေတီတော်အနီးရှိ အခန်း ၄၈ ခန်း၊ ထရန်စဖော်မာ 315 KV၊ မီးစက်၊ ဓာတ်လှေကားပါ ဟိုတယ်အား ငှား (သို့) ရောင်းလိုပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၀၀၂၅၅၂၈၊ ၀၉-၄၃၁၉၇၇၇၆။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အောင်ဖြိုးဝေလမ်းသွယ်၊ အမှတ်(၁၂/၃၉၄)ရှိ (၄၀ပေ×၆၀ပေ) မြေကွက်အား ဒေါ်ရီရီအေး ၁၂/သဃက(နိုင်)၀၃၇၂၁၅ မှ ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မြေကွက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီအေး**
**ဖုန်း-၀၉-၄၂၀၀၆၅၂၅၂**

## မော်တော်ယာဉ်အမှတ် CC-5021.TATA NANO နှင့် ဦးဝင်းမြင့်ထွန်း ၁၂/ရပသ(နိုင်)၀၄၂၇၂၄ သိစေရန်

## အကြောင်းကြားခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခုနစ်မိုင်ခွဲ၊ ပြည်လမ်း၊ အမှတ်(၃၃)တွင် ဖွင့်လှစ်ထားသော AUNG MOTOR LTD ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဘိုကလေး(၁)လမ်း၊ (၂၀-၄၆)ရပ်ကွက်၊ အမှတ်(၆၈၉/က)တွင် နေထိုင်သူ ဦးဝင်းမြင့်ထွန်း ၁၂/ရပသ(နိုင်)၀၄၂၇၂၄ သည် AUNG MOTOR LTD မှတစ်ဆင့် ဘဏ်နှင့်လည်းကောင်း၊ Hire Purchase အရစ်ကျစနစ်ဖြင့် ဝယ်ယူထားသည့် (TATA NANO) ချက်စီနံပါတ် (MAT 612253DKD04404) မော်တော်ယာဉ်အမှတ်(CC-5021)အား ၂၃-၄-၂၀၁၆ ရက်မှစတင်၍ ၁၅လ Hire Purchase စနစ်ဖြင့် ဝယ်ယူသုံးစွဲခဲ့သူဖြစ်ပါသည်။

ဦးဝင်းမြင့်ထွန်းသည် လစဉ်ပေးသွင်းရမည့်ငွေများကို ၃၀-၈-၂၀၁၆ ရက်မှစ၍ လစဉ် အရစ်ကျမှန်ကန်စွာပေးသွင်းခြင်းမရှိခဲ့သည့်အပြင် နည်းလမ်းပေါင်းစုံဖြင့် ဆက်သွယ်သည့်တိုင် မည်သို့ဆက်သွယ်မှုမရဘဲ ဖြစ်နေပါသည်။

ထပ်မံအသိပေးကြေညာလိုသည်မှာ အဆိုပါ (TATA NANO) (CC-5021) မော်တော်ယာဉ်(၁)စီးသည် AUNG MOTOR LTD က ဦးဝင်းမြင့်ထွန်းအား Hire Purchase စနစ် ရောင်းချထားခြင်းဖြစ်ပါသဖြင့် အဆိုပါမော်တော်ယာဉ်ကို AUNG MOTOR LTD က ယနေ့တိုင် ပိုင်ဆိုင်လျက်ရှိပါကြောင်း အများသိစေအပ်ပါသည်။

သို့ပါ၍ ဦးဝင်းမြင့်ထွန်းသည် AUNG MOTOR LTD ထံသို့ ပေးရန်ကျန်ရှိနေသေးသော အရစ်ကျငွေများကို အမြန်ဆုံးလာရောက်ပေးသွင်းပေးပါရန် အကြောင်းကြားအပ်ပါသည်။

အကယ်၍ လာရောက်ဆက်သွယ်ပေးသွင်းရန် ပျက်ကွက်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးအောင်နိုင် ၁၂/လသန(နိုင်)၀၀၈၄၈၀**
**အောင်မော်တာလီမိတက်**
**ဖုန်း-၀၉-၅၀၂၀၄၆၁**

လှိုင်မင်းလတ် စာရင်းကိုင်သင်တန်း တန်းခွဲသစ် စမည်၊
LCCI & Dip: IFR

| Level I+II | သင်တန်းချိန် | | စမည့်ရက် |
| --- | --- | --- | --- |
| Sec(A) Sat+Sun | 7-9 | (am) | 17.June |
| Sec(B) Sat+Sun | 9-11 | (am) | 24.June |
| Sec(C) Sat | 11-3 | (pm) | 1.July |
| Sec(D) Sun | 11-3 | (pm) | 2.July |
| Sec(E) Mon+Tue | 6-8 | (pm) | 3.July |
| Sec(F) Fri | 12-4 | (pm) | 7.July |
| Sec(G) Mon to Fri | 1-4 | (pm) | 3.July |

| Level III | သင်တန်းချိန် | | စမည့်ရက် |
| --- | --- | --- | --- |
| Sec(A) Sat+Sun | 3- 8 | (pm) | 24.June |
| Sec(B) Wed to Sun | 6- 8 | (pm) | 28.June |
| Sec(C) Mon to Fri | 8-12 | (am) | 4.July |

June/July တန်းခွဲသစ်စမည် ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ၊
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်၊ လှည်းတန်းမှတ်တိုင်အနီး၊ ရန်ကုန်







**အမည်ပြောင်း**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့ ဦးကျော်လင်းခိုင်-ဒေါ်ဇာဇာလှိုင်တို့၏သား အထက(ခွဲ)ဂွတ KG ပထမတန်းမှ မောင်ဟန်ထူးကျော်အား မောင်ဟိန်းသူရမောင်ဟု ပြောင်းလဲခေါ်ဆိုရန်။

**ဖခင်အမည်မှန်**

အထက-၂ ရွှေပြည်သာ နဝမတန်း(D)မှ မရွှေပိုးဝါ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆွေ ၈/ပခက(နိုင်)၀၈၉၃၂၉ဖြစ်ပါသည်။

ဦးကျော်ဆွေ

**အမည်ပြောင်း**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့ ဦးနေလင်းထွန်း-ဒေါ်စုမြတ်လှိုင်တို့၏သမီး အထက(ခွဲ)ဂွတ KG ပထမတန်းမှ မနှင်းဆုဆုယဉ်အား မမြတ်သီရိလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**အမည်မှန်**

ဦးဝေလင်းဦး ၁၂/မဘန(နိုင်)၀၁၁၀၈၄၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အထက(၂) အဌမတန်း(အောင်)မှ မဗန်ရွှေပါရှိသည့်အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်အရ မကေသရင်းဗန်ရွှေပါရှိ ၁၂/ဒဂဆ(နိုင်)၀၁၇၁၅၈ ဖြစ်ပါသည်။

**အမည်ပြောင်း**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့ ဦးကျော်လင်းခိုင်-ဒေါ်ဇာဇာလှိုင်တို့၏သား အထက (ခွဲ)ဂွတ ဆဌမတန်းမှ မောင်အောင်ခန့်ကျော်အား မောင်အောင်သူရိန်လင်းဟု ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**

ကျိုက်ထိုမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(1-E)မှ မသူဇာဝေနှင့် သတ္တမတန်း(D)မှ မနှင်းနုဝေတို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းငွေ ၁၀/ကထန(နိုင်)၀၈၆၈၂၈ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ) ကင်မွန်းချောင်း နဝမတန်းမှ မသီတာအေး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၁၀/ကတန(နိုင်) ၁၂၃၄၉၄ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ကျိုက်ထိုမြို့၊ အထက(၁) အဌမတန်း(G)မှ မောင်ညီညီဦး၏ ဖခင်အမည်မှန်မှာ ဦးမိုးဇော်ထွန်း ၁၀/ကထန(နိုင်)၀၈၄၅၄၁ ဖြစ်ပါသည်။

**အမည်ပြောင်း**

ဦးအောင်ကျော်မိုး-ဒေါ်နုနုအေးတို့၏သမီး ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ အထက(ခွဲ) ဈေးတန်း ကျောင်း၊ ပဥ္စမတန်းမှ မကြယ်စင်လင်းလတ်အား ယနေ့မှစ၍ ကြယ်စင်သွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကြယ်စင်သွန်း

**အမည်ပြောင်းလဲခြင်း**

ဦးစောမင်းမင်းထွန်း ၈/သရန(နိုင်)၀၆၅၂၄၄- ဒေါ်သိမ့်သိမ့်သော် ၈/သရန(နိုင်)၀၄၇၂၅၁ တို့၏သား သရက်မြို့၊ ရွှေဘုံသာရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်(၁၃၉)နေ မောင်ဉာဏ်ဟိန်းစည်မှ မောင်ထက်ဝေယံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9G/8676, Toyota Ractis SCP 100, Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းအေး ၇/သကန(နိုင်)၀၀၀၅၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

**ဒေါ်ခင်အေးသန်း(ခ)မဇာဇာ Pre-133566 (ဘ) ဦးဟန်တင်နှင့် အစ်ကို ဦးမြင့်ဟန် ၇/ပမန(နိုင်)၁၁၂၉၆၉(ဘ)ဦးဟန်တင် ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းသိရှိစေရန်**

**အသိပေးကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်၊ မိုးကုတ် ရှောလီဝိုင်းရပ်နေ ဒေါ်ခင်မျိုးမြင့်၏ လွှဲအပ်ချက်အရ ကြေညာသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မျိုးမြင့်ထံမှ ဒေါ်ခင်အေးသန်းတို့ မောင်နှမနှစ်ဦးမှ ငွေကြေးအခက်အခဲအကူအညီတောင်းခံသဖြင့် စာချုပ်ချုပ်ဆိုပြီး ယုံကြည်စွာဖြင့် ရယူသွားသောငွေများနှင့်ပတ်သက်၍ ပြန်ပေးဆပ်ခဲ့ခြင်းမရှိဘဲ တိမ်းရှောင်နေသည်ကို သိရှိရပါသည်။ ထို့ကြောင့် ရယူသွားသောငွေများနှင့်ပတ်သက်၍ ခုနစ်ရက်အတွင်း ပြန်လည်ပေးဆပ်စေရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ခင်မျိုးမြင့်**
**၁၀/မဒန(နိုင်)၀၁၃၇၅၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျ (LL.B, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ**
**နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး**

**မြေများဝယ်ယူရန် ဖိတ်ခေါ်ခြင်း**

၁။ ဆေးဝါးစက်ရုံ(အင်းစိန်)(BPI)တွင် မြေဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် ရန်ကုန်၊ မကွေး၊ ဧရာဝတီ၊ ပဲခူး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဖမ်းဆီးရမိသော **မြွေပွေး(၁၂၀၀)ကောင်နှင့် မြွေဟောက် (၄၀၀)ကောင်** ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူမည့်မြွေများမှာ တစ်ကောင်လျှင် ငါးဆယ်ကျပ်သား အထက်ရှိရမည်ဖြစ်ပြီး တန်ဖိုးမှာ (၄၀၀၀ိ/-)နှုန်းဖြင့် စက်ရုံသို့ အရောက်ပေးပို့ရမည်ဖြစ်ပါသည်။

၃။ ရောင်းချလိုသည့် အရေအတွက်အလိုက် လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူသွားမည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးစက်ရုံ(အင်းစိန်)(BPI)**
**ဆေးဝါးစက်ရုံလမ်း၊**
**ကြို့ကုန်းအနောက်ရပ်ကွက်**
**အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၆၄၆၂၇၃၊ ၆၄၆၂၈၃**

**အမည်မှန်နှင့် မိခင်အမည်မှန်**

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ) ကင်မွန်းချောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မထက်ထက်လှိုင်၏ အမည်မှန်မှာ မထက်လှိုင်ဖြစ်ပြီး၊ မိခင်အမည်မှန်မှာ ဒေါ်ခင်မျိုးလှ ၁၀/ကထန(နိုင်)၀၀၅၄၂၅ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ) ကင်မွန်းချောင်း နဝမတန်းမှ မမေသူအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းစိန် ၁၀/ကထန(နိုင်)၀၈၉၂၅၆ ဖြစ်ပါသည်။

**အမည်မှန်**

ဦးလော်အေး၏သမီး ကျိုင်းတုံမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(က)မှ မမီပို၏ အမည်မှန်မှာ မအားပို ၁၃/ကတန(နိုင်)၁၇၂၅၅၄ ဖြစ်ပါကြောင်း။

မအားပို

**ENGLISH GRAMMAR FOR BEGINNERS**

စတင်သူများအတွက် အင်္ဂလိပ်သဒ္ဒါ

(၃)အကြိမ် ထွက်ပြီ၊

**ဖုန်း-၀၉-၇၈၂၉၆၉၈၈၇**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁ဓယ/၁၉၄၈၈ Honda PCX-125 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထက်အောင် ၁၃/တခလ(နိုင်) ၀၆၂၉၅၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

# ဦးတင့်ဝေ (M.D) ရွှေစကြာကိုတင့်ဝေကုမ္ပဏီလီမိတက်အား ဝန်ချတောင်းပန်ခြင်း

ကျွန်မ ဒေါ်ဥမ္မာ ၁၃/ တကန(နိုင်)၁၇၆၇၆၀ သည် မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံဝင်း၊ နောင်ရိုးလမ်း၊ ရိုးကြီးချောင်းအိမ်ရာ၊ အမှတ် B-16/17/18 ရှိ "ရွှေစကြာ ကိုတင့်ဝေကုမ္ပဏီလီမိတက်"၌ ၁၉၉၇မှ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလအထိ အရောင်းမန်နေဂျာဝန်ထမ်းအဖြစ် အလုပ်လုပ်ကိုင်ခဲ့ချိန်၌ ကျွန်မအား ဦးတင့်ဝေမှ သားသမီးကဲ့သို့ယုံကြည်မှုဖြင့် စိတ်ကြိုက်ရောင်းချခွင့်ပြုခဲ့သည့်ပစ္စည်းများအနက်မှ ငွေကျပ်၇၅၄သိန်းကျော်တန်ဖိုးရှိ စက်ပစ္စည်းများအား ကုန်ရောင်းပြေစာရေးဖွင့်ထားပြီး ဝယ်ယူသူများအား ဆက်သွယ်ရှာဖွေမပေးနိုင်ခြင်းနှင့် ငွေကျပ်၅၀၆သိန်းကျော်တန်ဖိုးရှိ စက်ပစ္စည်းများအား စတိုမှထုတ်ယူခဲ့ပြီး အရောင်းစာရင်းတိကျစွာမတင်ပြနိုင်ခြင်း၊ကုန်ဖိုးငွေများကောက်ခံပေးနိုင်မှုမရှိခြင်းတို့ကြောင့် ကျွန်မသည် မိမိလုပ်ငန်းတာဝန်များအား ကျေပွန်စွာဆောင်ရွက်ခဲ့မှုမရှိဘဲ ပျက်ကွက်ခဲ့ခြင်းများကို ခွင့်လွှတ်ပေးပါရန်နှင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ရွှေစကြာကုမ္ပဏီပိုင်ပစ္စည်းများအား ရောင်းချပေးနေခြင်းမဟုတ်ဘဲ ရွှေစကြာကုမ္ပဏီပိုင်ပစ္စည်းများအား ယနေ့တိုင် ရောင်းချနေသကဲ့သို့ ဝယ်ယူသူ(Customer)များ ထင်ယောင်ထင်မှားဖြစ်စေရန် ပြောဆိုခဲ့ခြင်း၊ ရွှေစကြာကုမ္ပဏီ၏ အမည်ဂုဏ်သိက္ခာအား ထိခိုက်စေရန်ပြုမူပြောဆိုခဲ့မှုများအတွက် ကျွန်မ ဒေါ်ဥမ္မာအပေါ် ခွင့်လွှတ်ပေးပါရန် ရွှေစကြာကုမ္ပဏီလီမိတက်၏ (M.D) ဦးတင့်ဝေအား အနူးအညွတ် ဝန်ချတောင်းပန်အပ်ပါသည်။

**ဝန်ချတောင်းပန်သူ**
**ဒေါ်ဥမ္မာ**
**၁၃/တကန(နိုင်)၁၇၆၇၆၀**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပေါင်မြို့နယ် အလုပ်ကျေးရွာ ရေငန်တားတမံပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

# အလုပ်ကျေးရွာ ရေငန်တားတမံပြုပြင်၊ ပြန်လည်စွန့်လွှတ်မြေများ တောင်သူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၉**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ်သို့ရောက်ရှိကာ ပေါင်မြို့နယ် အလုပ်ကျေးရွာ ရေငန်တားတမံပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျိုက်မရောမြို့၌ ကျင်းပသည့် ပြန်လည်စွန့်လွှတ်မြေယာများ မူလတောင်သူများသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပေါင်မြို့နယ် အလုပ်ကျေးရွာရှိ ရေငန်တားတမံ ပြုပြင်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ၂၀၁၇ ခုနှစ် မေ ၂၇ ရက်က တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း (MORA)အရှိန်ကြောင့် အလုပ်ကျေးရွာ ရေငန်တားတမံ ပျက်စီးမှုအခြေအနေ၊ အရေးပေါ်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် အခိုင်အမာပြုပြင် တည်ဆောက်ရန် လျာထားသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❁

# ရန်ကုန်မြို့ပြရှုခင်းများ ကြည့်ရှုနိုင်မည့် ပထမဆုံး မိုးပျံပူဖောင်းဖွင့်လှစ်

**သတင်း - မြင့်မောင်စိုး၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇွန် ၉**

ရန်ကုန်မြို့၏ ကြည်ညိုဖွယ်ရာ မြတ်ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် စိမ်းစိုလန်းဆန်းသော အစိမ်းရောင်မြို့ပြရှုခင်းများကို ကြည့်ရှုလေ့လာနိုင်မည့် မင်္ဂလာပါဘောလုံးမိုးပျံပူဖောင်း (Mingalarbar Balloon) ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိရစ္ဆာန်ရုံအနီး ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ငါးပြတိုက်ဟောင်းနေရာ၌ ဖဲကြိုးဖြတ်ဖွင့်လှစ်လိုက်သည်။ "ကျွန်တော်တို့ ဒီအစီအစဉ်က ရန်ကုန်မြို့တော်ရဲ့ လှပတဲ့ရှုခင်းတွေကို တစ်ခဏအတွင်း တွေ့ရမှာဖြစ်တဲ့အပြင် ခရီးသွားများကို ဆွဲဆောင်တဲ့နေရာတစ်ခု ဖြစ်လာမှာဖြစ်ပါတယ်။ ဒါက မြန်မာနိုင်ငံမှာ ပထမဆုံးဖွင့်လှစ်တဲ့ ဟီလီယံဘောလုံးလည်း ဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အခမ်းအနားတွင် ပြောသည်။

အဆိုပါမိုးပျံပူဖောင်းဖွင့်လှစ်ခြင်း ပထမဆုံးသောခရီးစဉ်နှင့်အတူ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ မင်္ဂလာပါဘောလုံးမိုးပျံပူဖောင်းနှင့်အတူ စီးနင်းလိုက်ပါခဲ့သည်။ယင်းမင်္ဂလာပါ ဘောလုံးမိုးပျံပူဖောင်းသည် အမေရိကန်နိုင်ငံထုတ် ဟီလီယံဓာတ်ငွေ့ကို အသုံးပြုထားပြီး မြေပြင်မှ စတီးကေဘယ်ကြိုးတစ်ချောင်းနှင့် မိုးပျံပူဖောင်းကို ထိန်းထားလျက် မြေပြင်နှင့် အတက်အဆင်း ပြုလုပ်နိုင်အောင် စီစဉ်ထားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖



# မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင်ရှုံးနိမ့်

**သတင်း - ဖိုးသော်ဇင်**

**စင်ကာပူ ဇွန် ၉**

အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်ရန် စင်ကာပူနိုင်ငံ၌ လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူကလပ် နီဂါတာအသင်းနှင့် ယနေ့ညနေပိုင်းက Jurong East ကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကျော်ဇင်ထက် (**ဂိုး**)၊ ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း၊ ဝင်းမင်းထွဋ်၊ သိန်းသန်းဝင်း၊ ရန်အောင်ကျော်၊ တင်ဝင်းအောင်၊ မောင်မောင်လွင်၊ စည်သူအောင်၊ အောင်သူ၊ ကျော်ကိုကို တို့ဖြင့်ပွဲထွက်ခဲ့ပြီး နီဂါတာအသင်းမှာမူ အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ကစားပုံကောင်းမွန်ခဲ့ပြီး ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သော်လည်း ကျော်ကိုကို အသုံးမချနိုင်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။

ပထမပိုင်းပြီးခါနီးမှစ၍ မြန်မာအသင်းသည် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဒုတိယပိုင်းတွင် နီဂါတာအသင်း ခံစစ်ပိုင်းကို ထင်သလောက် မခြိမ်းခြောက်နိုင်ခဲ့ပေ။ ၇၁ မိနစ်တွင် နီဂါတာအသင်း အနိုင်ဂိုးရခဲ့ပြီး ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကျော်ဇင်ထက် **အစား** ပြည့်ဖြိုးအောင်၊ ရန်အောင်ကျော်**အစား** မျိုးကိုထွန်း၊ မောင်မောင်လွင်**အစား** ဆောင်လမန်၊ ကျော်ကိုကို **အစား** သန်းပိုင်၊ ဆောင်လမန်**အစား** ရန်နိုင်ဦးတို့ကို လူစားလဲကစားခဲ့သည်။ မြန်မာအသင်းသည် စင်ကာပူနိုင်ငံတွင် ခြေစမ်းပွဲနှစ်ပွဲကစားရာ စင်ကာပူလက်ရွေးစင်အသင်းနှင့် ကွင်းပိတ်ခြေစမ်းပွဲတွင် တစ်ဂိုးစီသရေကျခဲ့ပြီး ယခုပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သည်။

## ပျက်ကျသွားသည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်နှင့်ပတ်သက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် သက်ဆိုင်ရာမိသားစုများအား ထားဝယ်မြို့သို့ပို့ဆောင်၊ ကျန်ရစ်သူမိသားစုများအတွက် အလှူငွေများပေးအပ်လှူဒါန်း

စာ » ၁၁

## ကိုယ့်အချစ်အကြောင်း ကိုယ့်သီချင်းအသွင်ဖြင့် ပြောပြမည့်မိစန္ဒီ

စာ » ၁၈





# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့....



ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇) ကျင်းပစဉ် (သတင်းစဉ်)

## ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ

မောင်မောင်မြင့်ဆွေ

**ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံအနောက်ဘက်စွန်းတွင်တည်ရှိပြီး ဘင်္ဂလားပင်လယ်အော်နှင့် ရခိုင်ရိုးမတောင်တန်းများကာရံထားသည့် သဘာဝအလှတရားများနှင့် ပြည့်စုံသောပြည်နယ်တစ်ခု ဖြစ်သည်။**

**အရှိန်အဟုန်မြှင့် ဆောင်ရွက်**

မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးသဖွယ် တည်ရှိနေသည့် ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစိုးရသစ် တာဝန်ယူပြီး တစ်နှစ်တာကာလအတွင်း အရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်လျက်ရှိသည်။

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ**

နိုင်ငံတော်အဆင့် အကြီးအကဲများ ဦးဆောင်ပြီး ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီး ဗဟိုကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် မေလ ၃၀ ရက်က ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီအောက်တွင် လုပ်ငန်းကော်မတီအဆင့်ဆင့်ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ကာ အလေးထားဆောင်ရွက်ခဲ့သည်။

ဗဟိုကော်မတီတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်တို့က ဒုတိယ ဥက္ကဋ္ဌများအဖြစ် လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်းကောင်း တာဝန်ယူ၍ စုစုပေါင်းအဖွဲ့ဝင် ၂၇ ဦးဖြင့် ဖွဲ့စည်းပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**လုပ်ငန်းကော်မတီ ၄ ခု**

ဗဟိုကော်မတီက ချမှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီ၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဟူ၍ လုပ်ငန်းကော်မတီ လေးခုကို ၂၀၁၆ ခုနှစ် မေလ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၆)ဖြင့် ဖွဲ့စည်းပေးခဲ့သည်။

**ထိရောက်မှုများ၊ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းပေးခဲ့သော ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများအနေဖြင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်၍ ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပုံမှန်ကျင်းပပြုလုပ်ခဲ့ပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကိုလုပ်ငန်းကော်မတီအသီးသီးက ဆောင်ရွက်ပေးလျက်ရှိရာ ထိရောက်မှုများ၊ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာခဲ့သည်။

ဗဟိုကော်မတီသည် ရခိုင်ပြည်နယ်သို့ မကြာခဏကွင်းဆင်း၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် လူသားချင်းစာနာမှု အကူအညီများ

**အချပ်ပို (ခ) သို့**



ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းပေးခဲ့သော ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများအနေဖြင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်၍ ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပုံမှန်ကျင်းပပြုလုပ်ခဲ့ပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကိုလုပ်ငန်းကော်မတီအသီးသီးက ဆောင်ရွက်ပေးလျက်ရှိရာ ထိရောက်မှုများ၊ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်

**အချပ်ပို(က)မှ**

ထောက်ပံ့ပေးခြင်း၊ ဒေသတည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝန်ကြီးဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည်။

**ဒေသခံပြည်သူများအတွက် အားတက်စရာများ**

ရခိုင်ပြည်နယ် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများအတွက် အားတက်စရာများဖြစ်ခဲ့သည်။

ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများအနေဖြင့် ရခိုင်ပြည်နယ်အတွင်း အဓိကလိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံလုပ်ငန်းများဖြစ်သည့် လမ်းတံတားလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးဆိုင်ရာ လုပ်ငန်းများ၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ၊ ငြိမ်းချမ်းရေးအထောက်အကူပြု တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

**နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ**

ရခိုင်ပြည်နယ်တွင် ဒေသခံတိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို စစ်တွေ၊ မောင်တော၊ မင်းပြားမြို့များတွင် ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် လူငယ်များအသိပညာ၊ အတတ်ပညာများ တိုးတက်ရရှိကာ ဒေသအကျိုး ပြည်နယ်အကျိုးကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

**အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများနှင့် လူငယ်စက်မှုလက်မှုပညာသင်တန်းကျောင်းများ**

မောင်တော၊ မင်းပြားနှင့် အမ်းတို့တွင် အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများကိုလည်းကောင်း၊ ကျောက်ဖြူမြို့နှင့် ပုဏ္ဏားကျွန်းမြို့တို့တွင် လူငယ်စက်မှုလက်မှုပညာသင်တန်းကျောင်းများကိုလည်းကောင်း ဖွင့်လှစ်ပေးခဲ့သည်။

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်**

နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းပေးပြီး တွန်းအားပေးဆောင်ရွက်နေချိန် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်က မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်များဖြစ်ပွားခဲ့သည့်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ခဲ့ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ပူးတွဲဆောင်ရွက်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ဆောင်ရွက်ခဲ့သည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ**

ဥပဒေနှင့်အညီ နယ်မြေတည်ငြိမ်အေးချမ်းမှုကို အလေးထားဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်က ဖွဲ့စည်းကာ မြေပြင် သတင်းမှန်များကို ရယူထုတ်ပြန်ပေးခဲ့သည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ ရခိုင်ပြည်နယ် မောင်တောဒေသ၌ ကွင်းဆင်းစစ်ဆေးကြစဉ်

မောင်တောခရိုင်အတွင်း အကြမ်းဖက်မှုဖြစ်စဉ် နောက်ဆက်တွဲဖြစ်ရပ်များနှင့် ပတ်သက်ပြီး အချိန်နှင့်တစ်ပြေးညီ သတင်းများ ထုတ်ပြန်ပေးခဲ့သည်။

**မောင်တောခရိုင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းအဖွဲ့**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ မောင်တောခရိုင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းအဖွဲ့ကိုဖွဲ့စည်းပြီး မောင်တောခရိုင်ဒေသအတွင်း လုံခြုံရေးနှင့် ဆက်စပ်လျက်ရှိသော ကိစ္စရပ်အားလုံး ပေါင်းစပ်ညှိနှိုင်း တာဝန်ခံဆောင်ရွက်ခဲ့သည်။ မောင်တောခရိုင်အတွင်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်**

မောင်တောခရိုင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်ကြောင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရရှိရန် အထောက်အကူပြုနိုင်ရေးအတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် ပညာရှင်များနှင့် နှစ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းပြီး ရခိုင်ပြည်နယ်အတွင်း လေ့လာမှုများ သုံးကြိမ်ဆောင်ရွက်ကာ ပြည်သူများကို ချပြသင့်သည်များအား ရှင်းလင်းပြောကြား ဆောင်ရွက်နိုင်ခဲ့သည်။

**ရခိုင်ပြည်နယ်၏ အကျိုးစီးပွားကို အလေးထား ထည့်သွင်းစဉ်းစားသုံးသပ်**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကိုဖီအာနန်နှင့် အဖွဲ့သည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ဆန္ဒသဘောထား၊ အထူးသဖြင့် ရခိုင်ပြည်နယ်သူ ပြည်နယ်သားတို့၏ သဘောထားဆန္ဒကို အလေးထားသုံးသပ်ခဲ့ပြီး ရခိုင်ပြည်နယ်၏ အကျိုးစီးပွားကို အလေးထားထည့်သွင်း စဉ်းစားသုံးသပ်ကာ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံအစိုးရကို အကြံပြုမှုများ ပြုလုပ်နိုင်ခဲ့သည်။

**ပုဒ်မ (၁၄၄) ထုတ်ပြန်**

မောင်တောခရိုင်တွင် နယ်မြေတည်ငြိမ်အေးချမ်းမှု



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ၊ UN / INGOs အဖွဲ့များနှင့် ဆွေးနွေးစဉ်

တဖြည်းဖြည်းရရှိလာခဲ့မှုကြောင့် အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် ၂၀၁၆ အောက်တိုဘာလ ၉ ရက်က ထုတ်ပြန်ခဲ့သော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၄၄) အရ ည ၇ နာရီအချိန်မှ နံနက် ၆ နာရီအချိန်အထိ ညမထွက်ရ၊ လူစုလူဝေးဖြင့် သွားလာခြင်းမပြုရ အမိန့်ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ည ၉ နာရီမှ နံနက် ၅ နာရီအထိ လျှော့ချထုတ်ပြန်ခဲ့သည်။

**လူမျိုး၊ ဘာသာခွဲခြားမှုမရှိဘဲ တစ်ပြေးညီဆောင်ရွက်**

နယ်မြေတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ မောင်တောခရိုင်အတွင်း ခရီးသွားများ ပိုမိုအဆင်ပြေစေရေးအတွက် မော်တော်ယာဉ်အသင်းများနှင့် ပေါင်းစပ်ကာ မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများကို လမ်းခရီးများတွင် ပိတ်ပင်ကန့်သတ်မှုမရှိကြောင်းနှင့် လုံခြုံရေးအရ စစ်ဆေးပြုလုပ်ခြင်းမှအပ သွားလာမှုပိတ်ပင်ထားခြင်းမရှိဘဲ လူမျိုး၊ ဘာသာခွဲခြားမှုမရှိဘဲ တစ်ပြေးညီဆောင်ရွက်ပေးခဲ့သည်။

**ဈေးကားများ စီစဉ်ပေး**

မောင်တောခရိုင်အတွင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးရွာများရှိ ကျေးလက်နေပြည်သူများအနေဖြင့် စားသောက်ကုန်ပစ္စည်းများ ဝယ်ယူရာတွင် ပိုမိုလွယ်ကူ အဆင်ပြေစေရေးအတွက် ကြိမ်ချောင်းနယ်မြေ၊ ငါးခူရနယ်မြေ၊ ခမောင်းဆိပ်နယ်မြေ၊ တမန်းသားနယ်မြေ၊ တောင်ပြိုလက်ဝဲနယ်မြေ စသည်ဖြင့် နယ်မြေ ငါးခုသတ်မှတ်၍ နယ်မြေတစ်ခုစီအလိုက် ဈေးကားများဖြင့် နေ့အလိုက် သတ်မှတ်ပြေးဆွဲလျက်ရှိရာ ဒေသခံများအတွက် စားဝတ်နေရေးအဆင်ပြေစေရန် ကူညီထောက်ပံ့ပေးခြင်းလည်းဖြစ်သည်။ **အချပ်ပို(ဂ) သို့**



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့်အဖွဲ့ မောင်တောဒေသ ကြက်ရိုးပြင်ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံ၍ ဒေသအခြေအနေများ မေးမြန်းစဉ်

**အချပ်ပို (ခ)မှ**

**ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်**

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း၌ အလုပ်လုပ်ကိုင်လျက်ရှိသော ကုလသမဂ္ဂ (UN) နှင့် အပြည်ပြည်ဆိုင်ရာ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ (INGOs) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မောင်တောဒေသတွင်လည်း အကူအညီပေးရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးလျက်ရှိသည်။ ကူညီထောက်ပံ့ရေး အစီအစဉ်များကလည်း ဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ပံ့ဖြည့်ဆည်းပေးခြင်းဖြစ်သည့်အတွက် ခွင့်ပြုပေးလျက်ရှိသည်။

**ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေးကော်မရှင်**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်ခဲ့မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်များကို ပွင့်လင်းမြင်သာစွာသိရှိနိုင်ရန်နှင့် ဒေသပြန်လည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေဦးဆောင်သည့်အဖွဲ့က အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့သည့် မောင်တောခရိုင်တွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းလေ့လာစစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်စဉ်နှင့်ကြုံခဲ့ရသော ဒေသခံများကလည်း ၎င်းတို့၏ အမြင်များကို ပြောပြခဲ့ကြသဖြင့် ဖြစ်ပျက်မှုအမှန်တရားများကို သိရှိချပြနိုင်ခဲ့သည်။

**မြေပြင်ကွင်းဆင်းသတင်းရယူစေခဲ့**

ပြည်တွင်းပြည်ပသတင်းမီဒီယာများကိုလည်း အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည့် မောင်တောခရိုင်အတွင်းရှိ ကျေးရွာများသို့ သွားရောက်ကာ မြေပြင်သတင်းများ ကိုယ်တိုင်ရယူခွင့်ပေးခဲ့သဖြင့် သတင်းအချက်အလက်နှင့် အဖြစ်အပျက်အမှန်များကို ပြည်တွင်းပြည်ပမှသိရှိအောင် ထုတ်ပြန်ပေးနိုင်ခဲ့သည်။



ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ မောင်တောဒေသပြည်သူများနှင့် လွတ်လပ်စွာတွေ့ဆုံ၍ သတင်းရယူနေမှုကို တွေ့ရစဉ်



ဘူးသီးတောင်မြို့နယ်၌ အခြေခံပညာကျောင်းသား ကျောင်းသူများ စာသင်ကြား၊ သင်ယူနေမှုကို တွေ့ရစဉ်

**သတင်းအမှားများ အတော်အသင့် ချေဖျက်နိုင်**

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေမည့် သတင်းအမှားများကိုလည်း အတော်အသင့် ချေဖျက်နိုင်ခဲ့သည်၊ ပြည်တွင်းနှင့်နိုင်ငံတကာမှ စိုးရိမ်ပူပန်မှုများကို အတော် အသင့် ဖြေဖျောက်ပေးနိုင်ခဲ့သည်။

**အဟန့်အတားများ ပြုလုပ်နေဆဲ**

နိုင်ငံတကာမှ သတင်းဌာနအချို့နှင့် အဖွဲ့အစည်းအချို့မှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး တိုးတက်မှုဖြစ်စဉ်အပေါ် အဟန့်အတားဖြစ်စေနိုင်သည့် ဆောင်ရွက်မှုများ ပြုလုပ်နေဆဲပင်ဖြစ်သည်။

မောင်တောဒေသ မတည်ငြိမ်၊ မအေးချမ်းမှုများကို နိုင်ငံတော်အစိုးရက အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ယခုအခါ နယ်မြေအခြေအနေများ ပုံမှန်အခြေအနေသို့ မရောက်ရှိသေးသည့်တိုင် တည်ငြိမ်အေးချမ်းနေပြီဖြစ်သည်။

**နေထိုင်မှုနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ကောင်းမွန်သည့် အနေအထားတွင်ရှိ**

မောင်တောဒေသသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်ကာ နယ်စပ်ဂိတ်နှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများလည်း ရှိသည်။ ဒေသ၏ ပထဝီဝင်အနေအထားအရ ရေမြေတောတောင် မြစ်ချောင်းအင်းအိုင်များနှင့် မှျတသော ရာသီဥတုအနေအထားများကြောင့် နေထိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကောင်းမွန်သည့် အနေအထားတွင် ရှိသည်။

**မြေဆီသြဇာကောင်းမွန်**

စိုက်ပျိုးရေးအတွက်လည်း မြေဆီသြဇာကောင်းမွန်သဖြင့် ဆန်စပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းသောဒေသဖြစ်ရာ နယ်မြေတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ စိုက်ပျိုးရေးထွက်ကုန်များလည်း တိုးတက်အောင် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

**စပါးရိတ်စက်၊ လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်များပံ့ပိုး**

မောင်တောမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးအတွက် လယ်ယာသုံးစက်ကိရိယာများအဖြစ် စပါးရိတ်စက် ၃၆ စီးနှင့် လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်များလည်း ပံ့ပိုးပေးနိုင်ခဲ့သည်ဖြစ်ရာ လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် တောင်သူများအတွက် အဆင်ပြေစေခဲ့သည်။



မောင်တောဒေသ လုံခြုံရေးအတွက် ရေပြင်ကင်းလှည့် စောင့်ကြပ်နေမှုကို တွေ့ရစဉ်

**ကျွန်တိုင်းဒေသကြီးနှင့်ပြည်နယ်အထိပါ ဆက်စပ်သွားလာနိုင်မည်**

လမ်းပန်းဆက်သွယ်ရေးအနေဖြင့်လည်း ယခု အစိုးရသစ်လက်ထက်တွင် စစ်တွေ - ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင်- မောင်တော အလယ်သံကျော်-အင္ဂူမော်ကားလမ်းကို ဖောက်လုပ်လျက်ရှိရာ မောင်တောခရိုင် လမ်းပန်းဆက်သွယ်ရေးမှာ ရခိုင်ပြည်နယ်အတွင်းသာမက ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အထိပါ ဆက်စပ်သွားလာနိုင်မည်ဖြစ်သည်။

**ခရီးသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု တိုးတက်လာမည်**

မောင်တောခရိုင်အတွင်း ကားလမ်းများကိုလည်း အဆင့်မြှင့်တင်မှုများ ပြုလုပ်ပေးရန် စီစဉ်နေရာ တိုးတက်ကောင်းမွန်လာတော့မည်ဖြစ်သည်။ ဘူးသီးတောင်နှင့် မောင်တောကို ချိတ်ဆက်ထားသည့် ကားလမ်းကိုလည်း ၂၀၁၇ ခုနှစ် မတ်လ ၂၅ ရက်က ဖွင့်လှစ်ခဲ့သည့်အပြင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့ကို ဆက်သွယ်သွားလာနိုင်သည့် ပန်ဇင်းချောင်းတံတားကိုလည်း တစ်ချိန်တည်း ဖွင့်လှစ်နိုင်ခဲ့သဖြင့် ခရီးသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု တိုးတက်လာတော့မည်ဖြစ်သည်။

**ပညာရေးကဏ္ဍ**

ပညာရေးကဏ္ဍတွင်လည်း မောင်တောခရိုင်အတွင်း မောင်တောမြို့နယ်တွင် စာသင်ကျောင်း (၁၈၃)ကျောင်း၊ ဘူးသီးတောင်မြို့နယ်တွင် စာသင်ကျောင်းပေါင်း (၂၁၉)ကျောင်း၊ ရသေ့တောင်မြို့နယ်တွင် စာသင်ကျောင်း(၁၉၀) တို့မှာ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။

ဒေသခံ ကျောင်းသားလူငယ်များအနေဖြင့် ပညာသင်ကြားရေးကို အေးချမ်းစွာ သင်ကြားနိုင်ကြနေပြီဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ယခုအစိုးရသစ်တစ်နှစ်တာ ကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ မူလတန်း ကျောင်းသစ် (၆၂) ကျောင်းဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး အ.မ.က(ခွဲ) (၂၉) ကျောင်းအသစ်ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ ကျောင်းပေါင်း (၂၉၅) ကျောင်းအား အဆင့်တိုးမြှင့်ဖွင့်နိုင်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းပေါင်း (၁၄၀)ကျော်ကို ပြည်ထောင်စုငွေလုံးငွေရင်းမှ ငွေကျပ်သန်းပေါင်း (၅၇၀၀)ကျော်ဖြင့် ပြုပြင်ဆောက်လုပ်ဆောင်ရွက်နိုင်ခဲ့သည်။ ကျောင်းသုံးပရိဘောဂများလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ရာ ပြည်နယ်ပညာရေးအတွက် အစိုးရသစ်၏ ကြိုးပမ်းပေးမှုတစ်ရပ်ပင်ဖြစ်သည်။

**အချပ်ပို (ဃ)သို့**

**မောင်တောဒေသ မတည်ငြိမ်၊ မအေးချမ်းမှုများကို နိုင်ငံတော်အစိုးရက အကောင်းဆုံး ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ယခုအခါ နယ်မြေအခြေအနေများ ပုံမှန်အခြေအနေသို့ မရောက်ရှိသေးသည့်တိုင် တည်ငြိမ်အေးချမ်းနေပြီဖြစ်**

အချပ်ပို(ဂ)မှ

**ကျန်းမာရေးကဏ္ဍ**

ကျန်းမာရေးကဏ္ဍတွင် ဆေးရုံနှင့် ဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေး ဌာနများမှာ ပုံမှန်အတိုင်းကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်နေပြီဖြစ်သည်။ မောင်တောခရိုင် အပါအဝင် ရခိုင်ပြည်နယ်အတွင်း နေရာဒေသမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုများရရှိ နိုင်ရန် ဘက်စုံပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**လူဦးရေ ၃ ဒသမ ၃သန်းကျော်**

ရခိုင်ပြည်နယ်အတွင်းရှိ လူဦးရေ ၃ ဒသမ ၃သန်းကျော်ရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ခုတင် ၅၀၀ ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင် ၁၀၀ ဆံ့ဆေးရုံ ငါးရုံ၊ ခုတင် ၅၀ အောက်ဆေးရုံ ၅၂ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၂၀ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၅၈ ခုတို့ဖြင့် ကျန်းမာရေးလွှမ်းခြုံမှုပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

**ပို့ကုန်သွင်းကုန်ပမာဏ ၀ ဒသမ ၂၇၁ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့**

မောင်တောကုန်သွယ်ရေးစခန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်သွယ်မှုများပြုလုပ်နိုင်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပို့ကုန်သွင်းကုန်ထက် ယခုအစိုးရသစ်တစ်နှစ်တာကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း၌ ပို့ကုန်သွင်းကုန်ပမာဏ ၀ ဒသမ ၂၇၁ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့သည်။

မောင်တောခရိုင် ကညင်ချောင်းဒေသတွင် ကညင်ချောင်းကုန်သွယ်ရေးဇုန်နှင့် အဆင့်မြင့်စျေးတည်ဆောက်ပေးလျက်ရှိရာ ကုန်သွယ်ရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာပြီး စီးပွားရေးဖွံ့ဖြိုးမှုမြန်ဆန်လာရန် အထောက်အကူပြုစေမည်ဖြစ်သည်။

**သည်နိုင်ငံကို ချစ်မြတ်နိုးရမည်ဟူသောစိတ်**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ရာ အသားအရောင်၊ လူမျိုးဘာသာခွဲခြားမှု မရှိဘဲ သည်မြေ၊ သည်လေ၊ သည်ရေမှာ နေထိုင်လျှင် သည်နိုင်ငံကို ချစ်မြတ်နိုးရမည်ဟူသောစိတ်ဖြင့် အတူယှဉ်တွဲနေထိုင်နိုင်ရေး စိတ်ဓာတ်များကိန်းအောင်းနိုင်ရန်လည်း ကြိုးစားဖြည့်ဆည်းပေးလျက်ရှိသည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မောင်တောဒေသပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်

**အမုန်းတရားများ ပယ်ဖျောက်**

အမုန်းတရားများထက် အတူတကွလက်တွဲနိုင်သည့် စိတ်ဓာတ်များမွေးမြူကာ တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်ဖွံ့ဖြိုးရေးဆီသို့ မျက်နှာမူနိုင်ရေးဖေးမကူညီပေးလျက်ရှိသည်။

**အနောက်ဘက်တံခါး**

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးဖြစ်ရာ နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် နယ်စပ်ခြံစည်းရိုး လုံခြုံခိုင်မာစွာတည်ဆောက်ကာကွယ်ရန်လည်း လိုအပ်လျက်ရှိရာ ပြုပြင်မှု ၊ အသစ်တည်ဆောက်မှုများ ပြုလုပ်လျက်ရှိသည်။ နိုင်ငံတော်အစိုးရက ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်နှင့် ထိစပ်လျက်ရှိသော ရခိုင်ပြည်နယ် နယ်စပ်ခြံစည်းရိုးအား လုံခြုံခိုင်ခံ့မှုရှိရန် တည်ဆောက်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။



မောင်တောဒေသပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ကုသမှုဆောင်ရွက်ပေးစဉ်

**ခေတ်မီနည်းစနစ်သုံး စောင့်ကြည့်ရေးကိရိယာများ**

နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးစိုးမိုးရန်လည်းလိုအပ်သည်ဖြစ်ရာ ခေတ်မီနည်းစနစ်သုံး စောင့်ကြည့်ရေးကိရိယာများဖြင့် ပေါင်းစပ်ပြီး ကာကွယ်စောင့်ရှောက်ရန်လည်း ကြိုးစားလျက်ရှိသည်။

**အချို့ဆက်လက်ဆောင်ရွက်လျက်ရှိ**

အစိုးရသစ်တစ်နှစ်တာကာလအတွင်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဖွံ့ဖြိုးမှုနောက်ကျခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ နယ်မြေဒေသများဖွံ့ဖြိုးတိုးတက်ရေး အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အချက်များကို ဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အချို့ပြီးစီးနေပြီး အချို့ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံသားစိစစ်ရေးလုပ်ငန်း**

ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိရာ ပါဝင်သူများ၏ ယုံကြည်မှု၊ ဒေသခံများ၏ယုံကြည်မှု၊ နိုင်ငံသူနိုင်ငံသားများ၏ယုံကြည်မှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်မှု လိုအပ်သည်ဖြစ်ရာ စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများသည် ခက်ခဲနက်နဲပြီး ရှုပ်ထွေးသည့်သဘောဆောင်နေသော်လည်း ယုံကြည်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**အလွန်ကျယ်ပြန့်နက်ရှိုင်း**

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် နှစ်ဖက်လူ့အဖွဲ့အစည်းတို့၏ ပြဿနာသည် နှစ်ပေါင်းရှည်ကြာဖြစ်တည်လာရာ အလွန်ကျယ်ပြန့်နက်ရှိုင်းသဖြင့် ကိုင်တွယ်ဖြေရှင်းရာတွင်လည်း စိတ်ရှည်သည်းခံပြီး စဉ်းစားဆုံးဖြတ်လုပ်ကိုင်လျက်ရှိသည်။

**အပြန်အလှန်ယုံကြည်မှု**

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ အပြန်အလှန်ယုံကြည်မှုရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ လူမှုဘဝလုံခြုံမှု၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာမြှင့်တင်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ အကူအညီများရရှိမှုတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

**မွန်မြတ်သောစေတနာ**

နိုင်ငံတော်အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို မွန်မြတ်သောစေတနာဖြင့် အားသွန်ခွန်စိုက် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုးတက် အောင်မြင်မှုများရရှိနေသည်ကို မြင်တွေ့နေရပြီဖြစ်သည်။ ။



ဘူးသီးတောင်ရေချိုငါးသားဖောက်စခန်း၌ ငါးကန်များအသစ်တူးဖော်၍ မွေးမြူထားမှုကို တာဝန်ရှိသူများ ကြည့်ရှုစဉ်

**ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ အပြန်အလှန် ယုံကြည်မှုရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ လူမှုဘဝလုံခြုံမှု၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာမြှင့်တင်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု၊ အကူအညီများရရှိမှုတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။**




မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာ၌ မြေယာကွက်များ ဖော်ထုတ်နေမှုကိုတွေ့ရစဉ်